ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 9 November 2022 ၁၀၉၁၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တန်ဆောင်တိုင်ရုံးပိတ်ရက်အတွင်း ဝါးနက်ဆင်စခန်းသို့ လာရောက်အပန်းဖြေသူများဖြင့် စည်ကားခဲ့



ဝါးနက်ဆင်စခန်းအတွင်း ဆင်စီးရင်း လည်ပတ်ကြသူများကို တွေ့ရစဉ်။

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီးတွင် အရိပ်အာဝါသကောင်းပြီး ဆင်များနှင့် ဝန်ဆောင်မှုပေးသော ဝါးနက်ဆင်စခန်းသို့ တန်ဆောင်တိုင်ရုံးပိတ်ရက် သုံးရက်အတွင်း အပန်းဖြေလာရောက်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့နယ်ကြား ရဲရွာရေလျောင်တမံသွား ကားလမ်းဘေးတွင် ဖွင့်လှစ်ထားသည့် အဆိုပါဝါးနက်ဆင်စီးအပန်းဖြေစခန်းတွင် ဝါးနက်ဆင်စခန်းဝန်ထမ်းများက အစဉ်အဆက်အရိပ်ရသစ်ပင်များစိုက်ပျိုးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့ကြောင့် အရိပ်အာဝါသကောင်းမွန်ခြင်း၊ ဆင်များကို အစာကျွေးခြင်းတို့ဖြင့် အပန်းဖြေရန်လာရောက်ကြသည်ဟု ဝါးနက်ဆင်စခန်းထိန်းသိမ်းရေးတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးတိုးအောင်က ပြောသည်။

**စည်စည်ကားကားရှိ**

"အနီးနားက Water Fall တွေကို လာတဲ့သူတွေကအပြန်မှာ ကျွန်တော်တို့ ဆင်စခန်းကို လာနားကြတာရှိသလို သီးသန့်လာတဲ့သူလည်းရှိတယ်။ တန်ဆောင်မုန်းလပြည့်နေ့က အလှူအတန်းများတဲ့အပြင် ညအိပ်ပျော်ပွဲစားထွက်သူတွေကြောင့် စည်စည်ကားကား ရှိခဲ့တယ်"ဟု ၎င်းက ပြောသည်။

အဆိုပါဆင်စခန်းသို့ လပြည့်နေ့မတိုင်မီနှစ်ရက်တွင် လူဦးရေ ၁၅၀ ဝန်းကျင်နှင့် လပြည့်နေ့တွင် ၁၀၀ ဝန်းကျင် လာရောက်အပန်းဖြေခဲ့ကြရာ ဆင်စခန်းမှ ဆင်စာများလည်း လက်ကျန်မရှိ ရောင်းအားကောင်းခဲ့ကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ထင်ပေါ်ကျော်ကြားသူများဆွေးနွေးပွဲ ကျင်းပ — စာမျက်နှာ » ၃

သက်ကြီးစကား အလေးထား — ဆောင်းပါး စာမျက်နှာ » ၆



(၁၆) ကြိမ်မြောက် ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော် အောင်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ — စာမျက်နှာ » ၁၀

သင့်သမိုင်းကို သင်ပဲရေးရမှာ — ဆောင်းပါး စာမျက်နှာ » ၁၁




အသက်ရှူတိုင်းမှာ သတိရှိပါ ကမ္ဘာ့အဆုတ်ရောင်ရောဂါ — ဆောင်းပါး စာမျက်နှာ » ၁၇

ကြေးမုံ

# ငြိမ်းချမ်းသာယာဖွံ့ဖြိုးရေး ဝိုင်းဝန်းကြိုးပမ်း

မြန်မာတို့၏ သဘာဝနှင့်ယုံကြည်မှုအရ လူတို့၏ ဖြစ်တည်မှုသည် ဖြစ်ပြန်ပျက်ပြန် လောကဓံသဘောကဲ့သို့ နိမ့်တုံမြင့်တုံ အစဉ်အမြဲပြောင်းလဲဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ လူ့ဘောင်လောက ဖြစ်တည်မှုတွင်လည်း အလားတူပင်၊ လောကဓံမုန်တိုင်းကြား၌ ရုန်းကန်လှုပ်ရှား အစဉ်ဖြတ်ကျော်နေရပါသည်။ ထိုသဘောတရားအရ ဖြစ်ပေါ်လာသမျှသော အခြေအနေတို့ပေါ်တွင်မူတည်၍ အကောင်းဆုံးဖြစ်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ရမည်မှာ လူ့ဘောင်သမိုင်းကို ရေးထိုးကြမည့်သူများ၏ တာဝန်ဖြစ်ပါသည်။

မျက်မှောက်ကာလ မြန်မာ့နိုင်ငံရေးသည် အကြောင်းကြောင့် အကျိုးဖြစ်လာရသည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် မမှန်မကန်ဆောင်ရွက်မှုနှင့် နိုင်ငံတော်အာဏာကို အဓမ္မရယူဆောင်ရွက်ခဲ့သည့် အကြောင်းများကြောင့် မြန်မာ့နိုင်ငံရေးသည် အလှည့်အပြောင်းဖြစ်လာရသည်။ အကယ်၍ ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည့်မတ်မှန်ကန်စွာဖြင့် ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်မည်ဆိုပါက မြန်မာ့နိုင်ငံရေးသည် တစ်ဖြောင့်တည်းသွားနေမည်ဖြစ်သည်။ မရိုးသားခြင်းကြောင့် နိုင်ငံရေး အချိုးအကွေ့ဖြစ်လာခဲ့ပြီး မြန်မာ့နိုင်ငံရေးကို တည့်မတ်မှန်ကန်စွာဖြင့် လျှောက်လှမ်းနိုင်ရန်အတွက် တပ်မတော်သည် သမိုင်းပေးတာဝန်ကို ကျေပွန်စွာဖြင့် ကြိုးပမ်းထမ်းဆောင်နေသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အစိုးရ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေပြီး အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူဆောင်ရွက်နေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကောင်စီ၏အခြေခံမူများဖြစ်သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့်အချက်များဖြစ်သည်။ အဆိုပါ ကောင်းမွန်သော ရည်ရွယ်ချက်များ ထားရှိဆောင်ရွက်နေသော်လည်း ပြည်တွင်း/ ပြည်ပမှ နှောင့်ယှက်ဖျက်ဆီးမှုများရှိနေသည်။ မည်သို့ပင်ဖြစ်စေကာမူ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်နေသည်။

နိုင်ငံတော်၏တာဝန် စတင်ယူစဉ်က နိုင်ငံရေးအရ စိန်ခေါ်မှုနှင့် ကိုဗစ်-၁၉ ရောဂါခြိမ်းခြောက်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့သော်လည်း မဆုတ်မနစ်သောဇွဲလုံ့လနှင့် စည်းလုံးညီညွတ်မှုစွမ်းပကားများကြောင့် ကျော်ဖြတ်နိုင်ခဲ့သည်။ နိုင်ငံတော်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာအောင် ဆောင်ရွက်ပြီး နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝများ ပုံမှန်လည်ပတ်နိုင်စေရန် ဆောင်ရွက်ပေးခဲ့သည်။ ထို့အတူ မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေး စီမံချက်ကို ရေးဆွဲပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံချက် ချမှတ်ပေးကာ နိုင်ငံတော်အား ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုများ အကောင်အထည်ပေါ်လာစေရန် လမ်းခင်းပုံဖော်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေမည့် စီမံချက်သည် နိုင်ငံတော်စီးပွားရေးအတွက် အရေးပါသည့် ဥပဒေမူဘောင် ခိုင်မာကောင်းမွန်လာစေရေး၊ ဘဏ္ဍာရေးဆိုင်ရာ ပြန်လည်ကောင်းမွန်လာစေရေးလုပ်ငန်းများ၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည့် လုပ်ငန်းစဉ်များ၊ ပို့ဆောင်ရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပြင် နိုင်ငံတော်၏ ဦးစားပေး စီးပွားရေးကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေရှိသည့် နည်းပညာ၊ ကုန်ထုတ်လုပ်မှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲစေမည့် အစီအမံများကို ထည့်သွင်းရေးဆွဲပြီး အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေမည့် ကဏ္ဍများအားလုံးကို တိုင်းရင်းသားပြည်သူအားလုံး တန်းတူညီမျှ အကျိုးခံစားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိစေရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့သော် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသော၊ ဆန့်ကျင်နှောင့်ယှက်လျက်ရှိသော သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများရှိနေရာ ယင်းတို့ကို ဖယ်ရှားရှင်းလင်းရေးတွင် တိုင်းရင်းသားပြည်သူများကလည်း ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်ရှိ လေသာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သူရိယာရာမကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မလောကကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အစ္ဆရိယာမကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ မြစကြာကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ခေမာသီဝံကျောင်းတိုက်နှင့် ရန်ကင်း မြို့နယ်ရှိ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ဇောတိကာရာမကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ စိန်ပန်းဇဝနကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန် မြို့နယ်ရှိ သရက်ပင်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ သစ်ဆိမ့်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ စိန်ရတနာပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ အသောကသီတဂူကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဝေဠုဝန်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၄၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

ကျောက်တန်း နိုဝင်ဘာ ၈

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄၄)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့



ကဦးဆောင်၍ ဝန်ထမ်းမိသားစုများက စုပေါင်းကျင်းပသည်။

ရှေးဦးစွာ နံနက်၁၀ နာရီခွဲတွင် ပါဒကြီးကျေးရွာ ဘိုးဘွားရိပ်သာ၌မြို့နယ်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အမှူးရှိသော ပင့်သံဃာငါးပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့် ဝန်ထမ်းများက ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း၍ ရေစက်ချတရားနာယူကြသည်။

ထို့နောက်(၁၄၄)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကို ကျောက်တန်းမြို့နယ်ရှိ ရွှေမှော်ဝန်းသာသနာ့ဗိမာန်၌ကျင်းပ၍ မြို့ပေါ်ရုံးဝန်ထမ်းများ၊ ရပ်/ကျေးဝန်ထမ်းများအား ဥက္ကဋ္ဌနှင့်အဖွဲ့က အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ **တင်ဝင်းတင်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၂၀၀ | ၉,၂၀၀ | ၁,၃၄၀ | ၁၂,၃၂၈,၀၀၀ |
| MTSH | ၃,၄၀၀ | ၃,၃၅၀ | ၁,၄၁၄ | ၄,၇၅၇,၆၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၃ | ၂၃,၄၀၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၄ | ၈၀,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၃ | ၈,၁၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃၇ | ၁၈၂,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၉၇.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၉.၃၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၆.၂၀၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၃.၃၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၁၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၅၈.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၉၆.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၃၅.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၁.၆၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးမြှင့်ရေးဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး မစ္စတာ ဗီနေးကူးမားအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမိုတိုးမြှင့်ရေးအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ထင်ပေါ်ကျော်ကြားသူများဆွေးနွေးပွဲ ကျင်းပ






နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်မျိုးထွဋ်သည် ယနေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့နိုင်ငံခြား ရေးရာသိပ္ပံ (CPIFA) မှ စီစဉ်ကျင်းပသည့် ပထမအကြိမ် မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်မှု ထင်ပေါ်ကျော်ကြားသူများ ဆွေးနွေးပွဲသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲကို "ငြိမ်းချမ်း သာယာဝပြောသော ခေတ်သစ်အတွက် ဖွံ့ဖြိုးတိုးတက်မှု အလေးပေးရေးနှင့် အတွေးအမြင်ဖလှယ်မှု မြှင့်တင်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ နိုင်ငံရေး၊ သံတမန် ရေး၊ စီးပွားရေးနှင့် ပညာရေး စသည့် ကဏ္ဍပေါင်းစုံ၏ ထင်ပေါ်ကျော်ကြားသူ များ ပါဝင်တက်ရောက်သည်။

ဒုတိယဝန်ကြီးသည် အဆိုပါဆွေးနွေး ပွဲဖွင့်ပွဲအခမ်းအနားတွင် တရုတ်နိုင်ငံခြား ရေးဝန်ကြီးဌာနမှ လက်ထောက်နိုင်ငံခြား ရေးဝန်ကြီး H.E. Wu Jianghao၊ တရုတ် ပြည်သူ့နိုင်ငံခြားရေးရာသိပ္ပံ ဂုဏ်ထူး ဆောင်နာယက၊ သံအမတ်ကြီးနှင့် နိုင်ငံခြား ရေးဝန်ကြီးဟောင်း Li Zhaoxing တို့နှင့် အတူ အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲ၌ ဒုတိယဝန်ကြီးက မဲခေါင်-လန်ချန်းဒေသရှိ ပြည်သူများအတွက် သိသာထင်ရှားသည့် အကျိုးရလဒ်များရရှိ အောင် ဆောင်ရွက်ရာတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုများ နှင့် လက်ရှိကြုံတွေ့နေရသည့် ဒေသတွင်း နှင့် နိုင်ငံတကာစိန်ခေါ်မှုများကို စုပေါင်း အင်အားဖြင့် ရင်ဆိုင်ဖြေရှင်းသွားရေး ထောက်ပြပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲ ဥက္ကဋ္ဌအဖြစ် ၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက် တွင် ပုဂံမြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပ ခဲ့သည့် (၇)ကြိမ်မြောက် မဲခေါင်- လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြား ရေးဝန်ကြီးများ အစည်းအဝေး၏ အောင်မြင်မှုရလဒ်များကို ဆွေးနွေး ပြောကြားခဲ့ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် ထူထောင်ထား ရှိသည့် အထူးရန်ပုံငွေအပါအဝင် အခြား သော ရန်ပုံငွေများသို့ တရုတ်နိုင်ငံက ရန်ပုံငွေ ထည့်ဝင်ထောက်ပံ့ပေးနေမှု အပေါ် ကျေးဇူးတင်ကြောင်းလည်း ပြောကြားသည်။ ယခု ဆွေးနွေးပွဲတွင် ရရှိမည့် မဲခေါင်-လန်ချန်းနိုင်ငံများမှ ထင်ပေါ်ကျော်ကြားသူများ၏ အတွေး အမြင်များ၊ ဆွေးနွေးချက်များသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်မှ မဲခေါင်-လန်ချန်းဒေသ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း အကောင်အထည်ဖော်ဆောင်နေမှုအတွက် အသိဉာဏ်ပညာဆိုင်ရာ အထောက်အကူ များဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း လည်း ထည့်သွင်းပြောကြားသည်။

ဆွေးနွေးပွဲအတွင်း ထင်ပေါ် ကျော်ကြားသူများ၏ ဆွေးနွေးမှုများအရ ဒေသတွင်း အားလုံးပါဝင်သော ဖွံ့ဖြိုး တိုးတက်မှုများရရှိစေရေးနှင့် ကြုံတွေ့နေ ရသည့်စိန်ခေါ်မှုများကို တုံ့ပြန်ရာတွင် စုပေါင်းအင်အားဖြင့် ဦးစားပေးဆောင်ရွက် ရမည့်ကဏ္ဍများ ဖော်ထုတ်သတ်မှတ်ခဲ့ရာ တွင် ဒေသတွင်းစီးပွားရေးနာလန်ထူရေး အတွက် ပံ့ပိုးဆောင်ရွက်ရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ မြန်ဆန်စွာ စီးဆင်းနိုင် ရေးအတွက် ဒေသတွင်းဆက်သွယ်မှု လမ်းကြောင်းများ ချောမွေ့ကောင်းမွန် အောင် ဆောင်ရွက်ရေး၊ ကုန်သွယ်မှုတွင် နှောင့်နှေးကြန့်ကြာမှုများ လျှော့ချရေး အတွက် အကောက်ခွန်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်း စွမ်းအင်ရောင်းဝယ်မှုအတွက် ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် စိုက်ပျိုးရေး ဆိုင်ရာ ထုတ်လုပ်မှု စွမ်းရည်တိုးမြှင့်ရေး ကိစ္စများလည်း ပါဝင်သည်။

ဆွေးနွေးပွဲ၏ သက်ဆိုင်ရာဘာသာ ရပ်ခေါင်းစဉ်အလိုက် ဆွေးနွေးမှုများတွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး(အငြိမ်းစား) ဦးသန့်ကျော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) ဒုတိယ ဥက္ကဋ္ဌနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာထွန်းတို့က ပါဝင်ဆွေးနွေး ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




နေပြည်တော် နိုဝင်ဘာ ၈

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန်မျှော်မှန်း ချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ်မြောက်အစည်းအဝေးကို နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် မြို့ရှိ Hyett Regency Hotel ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက် ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များ၊ ကိုယ်စား လှယ်များနှင့် အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုက် အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ အဆိုပါအစည်းအဝေးသို့ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဝင်၊ မြန်မာနိုင်ငံ၏ ထင်ပေါ် ကျော်ကြားပုဂ္ဂိုလ် (Eminent Person) အဖြစ် ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့ တက်ရောက်သည်။

အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်တွင် ထည့်သွင်းဖော်ပြမည့် အဓိကသွင်ပြင်လက္ခဏာများကိစ္စ၊ အာဆီယံနိုင်ငံခြား ရေးဝန်ကြီးများ၏ တာဝန်ပေးအပ်ချက်အရ (၃၁) ကြိမ်မြောက် အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီ အစည်းအဝေး၏ အတည်ပြုချက်ရယူပြီး အကြိမ် (၄၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် အာဆီယံ၏စွမ်းဆောင်ရည်နှင့် အဖွဲ့ အစည်း၏ ထိရောက်မှုစွမ်းရည်မြှင့်တင်ရေးဆိုင်ရာ အကြံပြုချက်(မူကြမ်း)များကိစ္စ၊ ဒေသတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး ရေးဆိုင်ရာနည်းလမ်းများကိစ္စ၊ အာဆီယံပေါင်းစပ် ညှိနှိုင်းရေးကော်မတီနှင့် ပူးပေါင်းညှိနှိုင်းရေးအစည်း အဝေးသို့ တင်ပြမည့် အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်တိုးတက်မှု အစီရင်ခံစာ(မူကြမ်း) ကိစ္စ စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်း ချက်ရေးဆွဲရန် အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေး ကို ၂၀၂၀ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပ ခဲ့သည့် (၃၈)ကြိမ်မြောက်နှင့် (၃၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့ကြ သည်။ အဆိုပါ အဆင့်မြင့်လုပ်ငန်းအဖွဲ့ကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ နှင့် အဆင့်မြင့်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထား သည်။

**သတင်းစဉ်**

---

**○ ရွှေ့ဖုံးမှ**

ရုံးပိတ်ရက်ရှည်နေ့များ၌ အသက် ၉ နှစ်မှ ၁၇ နှစ်အရွယ်ကြားရှိ ဆင်အထီး သုံးကောင်နှင့် အမ ငါးကောင်တို့ဖြင့် ဝန်ဆောင်မှုပေးရပြီး ပုံမှန်ရက် များတွင် ဆင်လေးကောင်ဖြင့် ဝန်ဆောင်မှုပေးကြောင်း သိရသည်။

"တောရိပ်တောင်ရိပ် အရိပ်အာဝါသကို သဘောကျကြလို့ လာကြ သလို ဆင်တွေကို ကြည့်ရင်း၊ ဆင်စာကျွေးရင်းနဲ့ အရိပ်အေးအေးမှာ အပန်းဖြေအနားယူဖို့လာကြတယ်။ စနေနဲ့ တနင်္ဂနွေနေ့ကဆိုရင် ဘူဖေး ဆင်စာကျွေးတဲ့ ကုသိုလ်ရှင်တွေရှိခဲ့တော့ ဆင်စာက လက်ကျန်မရှိတော့ ဘူး။ ဆင်စာအဖြစ် ငှက်ပျောသီး၊ ဖရုံသီး၊ ဖရဲသီး၊ ကြံတွေကျွေးလို့ရတယ်၊ ကြံက အဓိကပေါ့"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဝါးနက်ဆင်စခန်းတွင် ဆင်စီး၍ တောတောင်ရှုခင်းများ ကြည့်ရှုနိုင် ခြင်း၊ ဆင်များ၏ လိမ္မာမှုများပြသခြင်း စသည့်ဝန်ဆောင်မှုများ ပေးနေပြီး လာရောက်သူများက ဆင်များကို အစာကျွေးခြင်း၊ ဆင်နှင့် အတူ ဓာတ်ပုံရိုက်ခြင်းတို့ ပြုလုပ်ကြကြောင်း၊ ဆင်စခန်းဝင်ကြေးအဖြစ် တစ်ဦးလျှင် ကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ဆင်စီးသည့်ဝန်ဆောင်မှု အတွက် ခရီးတိုလျှင် ငွေကျပ် ၃၀၀၀ နှင့် ခရီးရှည်လျှင် ငွေကျပ် ၅၀၀၀ ကျသင့်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မဲခေါင်-လန်ချန်း ရိုးရာအကပွဲတော် ကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Traditional Dance Festival of Mekong – Lancang ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ကျင်းပရာ မဲခေါင်-လန်ချန်း ရိုးရာအကပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကို တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၁၆ ခုနှစ် မတ်လက မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပထမအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို တရုတ်နိုင်ငံ ဆန်းယမြို့မှာ ကျင်းပခဲ့ပြီး ဆန်းယကြေညာစာတမ်း(Sanya Declaration)ကို ကြေညာနိုင်ခဲ့ကြောင်း၊ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အဓိကရည်ရွယ်ချက်မှာ မဲခေါင်ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပြီး သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေခြင်းကို လျှော့ချသွားရန်၊ အာဆီယံအသိုက်အဝန်း တည်ထောင်မှုကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ ၂၀၃၀ ရည်မှန်းချက်များကို တိုးမြှင့်အကောင်အထည်ဖော်သွားရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး (South-South Cooperation)ကို တိုးမြှင့်သွားရန် ဖြစ်ကြောင်း။

ပွဲတော်ကို ကျင်းပခြင်းဖြင့် ရိုးရာယဉ်ကျေးမှုကြွယ်ဝသော မဲခေါင်-လန်ချန်း ဒေသတွင်း နိုင်ငံများ၏ ဂုဏ်ယူစရာဖြစ်သည့် ယဉ်ကျေးမှုဆိုင်ရာ မတူညီမှုများ၊ ကွဲပြားမှုများကို သိရှိလေ့လာနိုင်ရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးလာခြင်း၊ နည်းပညာနှင့် ရုပ်ဝတ္ထုပစ္စည်းများ ဖွံ့ဖြိုးတိုးတက်မှုတို့ကြောင့် မဲခေါင်- လန်ချန်း ဒေသတွင်းနိုင်ငံများ အနေဖြင့် တူညီသောစိန်ခေါ်မှုတစ်ရပ်ကို ရင်ဆိုင်နေကြရသဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မဲခေါင်- လန်ချန်း ဒေသတွင်းရှိ အနုပညာရှင်လူငယ်များအကြား ပိုမိုချစ်ခင်ရင်းနှီးမှုများဖြင့် ဆောင်ရွက်နိုင်စေရန်စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မဲခေါင်-လန်ချန်း ရိုးရာအကပွဲတော်ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊



အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်မည့် Traditional Dance Festival of Mekong – Lancang ပွဲတော်ကျင်းပရေးနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက ပွဲတော်ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးသည်။ ထို့နောက် မဲခေါင် - လန်ချန်း ရိုးရာအကပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# တရားမဝင်ငွေလွှဲလုပ်ငန်းများ လျော့နည်းစေရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရေးသင်တန်း အမှတ်စဉ် (၄) ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရေးသင်တန်း အမှတ်စဉ် (၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ (၁) ဦးဇော်မြင့်နိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာလင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ(၁) ဦးဇော်မြင့်နိုင်က အမှာစကားပြောကြားသည်။

ဗဟိုဘဏ်အနေဖြင့် သင်တန်းအမှတ်စဉ် (၃) အထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ တက်ရောက်သူ ၁၆၄ ဦး အနက် ၁၀၈ ဦးဖြေဆိုအောင်မြင်ပြီး သင်တန်းဆင်းလက်မှတ်များရရှိခဲ့ပြီးဖြစ်သည်။

အဆိုပါသင်တန်းအား ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ငွေရေးကြေးရေးလွှဲပြောင်းပေးချေခြင်းဆိုင်ရာ ကိစ္စရပ်များတွင် AML/CFT ဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်ကို သိရှိ ရှောင်ရှားကြစေရန်နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်စေရန်အတွက်လည်းကောင်း၊ ပြည်ပငွေလွှဲလုပ်ငန်းကို ဆောင်ရွက်လိုသည့် ကုမ္ပဏီများအနေဖြင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်းအပိုဒ် ၄(င)အရ လိုင်စင်လျှောက်ထားရာတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရေး သင်တန်းတက်ရောက်ပြီးစီးကြောင်း အထောက်အထားလက်မှတ်တင်ပြရမည်ဖြစ်သဖြင့် သင်တန်းဖွင့်လှစ်ပေးပြီးနောက် သင်တန်းတက်ရောက် အောင်မြင်သူများကို Certificate ချီးမြှင့်ပေးနိုင်ရန်အတွက်လည်းကောင်း၊ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရပြီးသည်နှင့်တစ်ပြိုင်နက် လိုင်စင်ရကုမ္ပဏီများအနေဖြင့် ပြည်ပငွေလွှဲလုပ်ငန်းလုပ်ကိုင်ရာတွင် မဖြစ်မနေသိရှိရမည့် ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို သိရှိနားလည်စေရန်အတွက်လည်းကောင်း ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတကာစေ့စပ်ညှိနှိုင်းသူများလုပ်ငန်းအဖွဲ့၏ နှစ်ပတ်လည်ညီလာခံ (International Negotiators Working Group – Annual Conference 2022) သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၈**

ဂရိနိုင်ငံ အေသင်မြို့ရှိ Hellenic Police Headquarters ၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ကျင်းပခဲ့သော နိုင်ငံတကာစေ့စပ်ညှိနှိုင်းသူများ လုပ်ငန်းအဖွဲ့၏ နှစ်ပတ်လည်ညီလာခံ (International Negotiators Working Group – Annual Conference 2022)သို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ် ကျော်လင်း ဦးဆောင်သော ကိုယ်စားလှယ် နှစ်ဦး တက်ရောက်ခဲ့ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင် ၁၉ နိုင်ငံနှင့် အမေရိကန်၊ ဗြိတိန်၊ ဆွစ်ဇာလန်၊ အိုက်စ်လန်၊ နော်ဝေ၊ ကနေဒါ၊ နိုင်ဂျီးရီးယား၊ ဩစတြေးလျ၊ မက်စီဒိုးနီးယား၊ အရှေ့အလယ်ပိုင်းဒေသ လေးနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာရှနိုင်ငံများမှ မြန်မာ၊ ဂျပန်၊ တရုတ်၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။



ညီလာခံတွင် ဂရိနိုင်ငံရဲတပ်ဖွဲ့၊ နော်ဝေနိုင်ငံရဲတပ်ဖွဲ့၊ ဆိုက်ပရပ်နိုင်ငံရဲတပ်ဖွဲ့၊ အစ္စရေးနိုင်ငံရဲတပ်ဖွဲ့၊ နယ်သာလန်နိုင်ငံရဲတပ်ဖွဲ့၊ ပြင်သစ်နိုင်ငံရဲတပ်ဖွဲ့၊ ဂျာမနီနိုင်ငံရဲတပ်ဖွဲ့၊ ဥရောပရဲအဖွဲ့၊ ပြည်ထောင်စု စုံစမ်းထောက်လှမ်းရေးအဖွဲ့(FBI)၊ ဂရိနိုင်ငံ (Center for Security Studies/Kentro Meleton Asfaleias – KEMEA)၊ အမေရိကန်ပြည်ထောင်စု (Foundation for Defense of Democracies နှင့် The Fletcher School of Law and Diplomacy/Tufts University)၊ ဗြိတိန်နိုင်ငံ (London Metropolitan Police၊ National Crime Agency – NCA၊ Global Interagency Security Forum – GISF နှင့် College of Policing)၊ ဥရောပနိုင်ငံများမှ အကြံပေးအဖွဲ့များကွန်ရက် (European Network of Advisory Teams– EuNAT)တို့မှ စေ့စပ်ညှိနှိုင်းရေးတပ်ဖွဲ့ဝင်များ၊ ကျွမ်းကျင်သူများ၊ စိတ်ပညာရှင်များက ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခြင်း၊ ပြန်ပေးဆွဲခြင်းများနှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာ အတွေ့အကြုံဗဟုသုတများ၊ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် နည်းဗျူဟာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ဓားစာခံများအား သတ်ဖြတ်ခြင်းကို The International Convention against the Taking of Hostages အပါအဝင် နိုင်ငံတကာကွန်ဗင်းရှင်းများက တင်းကျပ်စွာတားမြစ်ပိတ်ပင်ထားကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိပြည်တွင်း ဥပဒေများရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် အကြမ်းဖက်ကျူးလွန်မှုများ မဖြစ်ပွားစေရေး ကြိုးကြပ်ဆောင်ရွက်သွားရန် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး နည်းဥပဒေရေးဆွဲလျက်ရှိပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာကိုယ်စားလှယ်က ဆွေးနွေးပြောကြားသည်။

နိုင်ငံတကာ စေ့စပ်ညှိနှိုင်းသူများလုပ်ငန်းအဖွဲ့၏ နှစ်ပတ်လည်ညီလာခံ (၂၀၂၃)ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံမှတစ်ဆင့် ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ဆာဂီးအ်ဗစ်ရှ် ရှာတီရော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ထို့နောက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့တို့အကြား လက်မှတ်ရေးထိုး လဲလှယ်ခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ပြည်ပနိုင်ငံများသို့စေလွှတ်မည့် စီးပွားရေးသံမှူးများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ပနိုင်ငံများသို့ စေလွှတ်မည့် စီးပွားရေးသံမှူးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပြည်ပနိုင်ငံများသို့ စေလွှတ်မည့် စီးပွားရေးသံမှူးများကို စနစ်တကျရွေးချယ်လေ့ကျင့်ထားခြင်းဖြစ်သည်နှင့်အညီ တစ်ဦးချင်း စည်းကမ်းရှိ၍ ဂုဏ်သိက္ခာထိန်းသိမ်းပြီး တာဝန်ထမ်းဆောင်ကြရန်၊ မိမိတို့သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေး သန္နိဋ္ဌာန်ချမှတ်၍ ကြိုးစားဆောင်ရွက်သွားကြရန်နှင့် စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကဏ္ဍနယ်ပယ်အလိုက် နိုင်ငံအတွက် အကျိုးရှိ၍ လက်တွေ့အသုံးချနိုင်မည့် အစီရင်ခံစာများ၊ သတင်းအချက်အလက်များ ပြုစုပေးပို့ကြစေလိုကြောင်း မှာကြားသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ပနိုင်ငံများသို့စေလွှတ်မည့် စီးပွားရေးသံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လေ့ကျင့်ရေးသင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၈

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)သို့ရောက်ရှိပြီး အခြေခံဂဟေဆက်သင်တန်းသားများအား တွေ့ဆုံအားပေးသည်။

## အလုပ်အကိုင်အခွင့်အလမ်းများရရှိ

တွေ့ဆုံစဉ် ကျောင်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ကြီးကြပ်မှုဖြင့် အခြေခံဂဟေဆက်သင်တန်း နှစ်ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၄၀ မွေးထုတ်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခဲ့ပြီး အခြေခံဂဟေဆက်သင်တန်း (၃/၂၀၂၂)ကို နိုဝင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ သင်တန်းသား ၂၀ ဖြင့် ဖွင့်လှစ်လျက်ရှိကြောင်း တင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ပြီး လုပ်သားဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်သင်တန်းများကို ဖွင့်လှစ်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ရာ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့်မိမိဒေသအတွက် အကျိုးကျေးဇူးများရရှိစေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊ နိုင်ငံတော်မှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများ အလေးထားမွေးထုတ်ပေးနေ၍ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများမှ သင်တန်းဆင်းများအနေဖြင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို စနစ်တကျကြိုးစားသင်ယူပြီး လက်တွေ့နယ်ပယ်တွင် ထိရောက်စွာအသုံးချ၍ လူနေမှုဘဝမြင့်မားစေရေးအတွက် နည်းပညာတိုးတက်မှုများကို စဉ်ဆက်မပြတ်လေ့လာရန် လိုအပ်ကြောင်း၊ နည်းပြများအနေဖြင့် မိမိတို့၏ အရည်အသွေးများကို ပိုမိုမြှင့်တင်နိုင်ရေး ဒေသအဆင့်၊ နိုင်ငံတကာအဆင့် အမီလိုက်နိုင်ရန် ကြိုးစားအားထုတ်စေလိုကြောင်း မှာကြား၍ သင်တန်းကျောင်းရှိ လက်တွေ့အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရွှေပေါက်ကံစက်မှုဇုန်ရှိ Shin Sung Tong Sang Co., Ltd. နှင့် KPH CMP စက်ရုံများသို့ ကွင်းဆင်းစစ်ဆေးပြီး စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံ၊ အလုပ်ရုံမှ တာဝန်ခံများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလေးထားဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်တွင် ကုန်မှာစာများ ပုံမှန်ရရှိပြီး စက်ရုံများလည်ပတ်နိုင်ရန် လိုအပ်သဖြင့် စက်ရုံအပေါ် အလုပ်အပ်နှံသူများက ယုံကြည်မှုရရှိရေး ကောင်းသတင်းပျံ့နှံ့စေရန် အပြန်အလှန်ယုံကြည်နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငပုတောမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်

ငပုတော နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုဝင်းက အဆိုပါသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၃ သိန်းဖြင့် နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ရက် ၃၀ ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ထိုသင်တန်းကို စုစုပေါင်းကျေးရွာ ၁၅ ရွာမှ သင်တန်းသား ၃၀ အား ပြင်ပမှငှားရမ်းထားသည့် ကျွမ်းကျင်နည်းပြဆရာက စာတွေ့လက်တွေ့ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ငပုတော (ပြန်/ဆက်)



# သက်ကြီးစကား အလေးထား

**--- ဘကြီးကောင်း ---**

မောင်မြင့်အေးရေ. . .

ဆရာကြီးသခင်ကိုယ်တော်မှိုင်းက အိုမင်းမစွမ်းဆိုတာ အိုလာရင် မစွမ်းတော့တာလို့ ဆိုတဲ့အတိုင်း တို့လည်း အရွယ်ရလာတော့ မိသားစုအသိုက်အဝန်းနဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ တဖြည်းဖြည်း အိုပယ်ကြီးဖြစ်မှန်းမသိ ဖြစ်လာရပြီကွဲ့။

“ညဘက်အပြင်မထွက်နဲ့”၊ “ခြံတံခါးတွေ၊ အိမ်တံခါးတွေပိတ်ပြီးပြီလား”၊ “မီးခလုတ်တွေပိတ်ပြီးပြီလား”၊ “တစ်နေကုန်တစ်နေခန်း ဖုန်းပဲပွတ်မနေနဲ့” စတဲ့ စကားတွေကို သူတို့ နားငြီးတယ်၊ မလွတ်လပ်ဘူး၊ စိုးရိမ်စိတ်ကြီးလွန်းတယ်လို့ပဲ ယူဆကြပုံရတယ်။

ဘကြီးကောင်းတို့ကတော့ ရှေးလူကြီးမိဘတွေရဲ့ ဆိုဆုံးမမှုအောက်မှာ နေသားတကျ ကြီးပြင်းလာခဲ့တော့ နားရည်ဝပြီး အဆန်းမဟုတ်တော့ပေမယ့် ခေတ်လူငယ်တွေအဖို့ကတော့ သူတို့ရဲ့ လွတ်လပ်မှုကို ချုပ်ချယ်တယ်လို့ ယူဆကြမှာပေ့ါလေ။

**ရုပ်မိရုပ်ဖလူကြီးသူမကအစ ကြောက်ရ**

ဘကြီးကောင်းတို့ ငယ်စဉ်ကဆို မိဘဆွေမျိုးမပြောနဲ့ ရပ်ကွက်ထဲက ရုပ်မိရုပ်ဖ လူကြီးသူမကအစ ကြောက်ရတယ်။ ရိုသေလေးစားခဲ့ရတယ်။ ရပ်ကွက်ထဲက ကွင်းထဲမှာ ဘောလုံးကန်ရင် ဖုန်ထမှာစိုးလို့ ရေအရင်ဖျန်းပြီးမှ ကစားရတယ်။ ကလေးဘဝ ရပ်ကွက်ထဲ လောက်လေးခွ တစ်လက်နဲ့ ဟိုပစ်၊ ဒီပစ်ရင်း သူများအိမ်ခေါင်မိုးပေါ် လောက်စာလုံးကျသွားမိရင် အမြန်ဆုံးထွက်ပြေးပေရှော့ပဲ။ မဟုတ်ရင် အိမ်ရှင်က “ဘယ်သူ့သား၊ ဘယ်သူ့မောင်၊ ဘယ်သူ့ညီ မဟုတ်လား။ နင်တို့အိမ်လာတိုင်ဦးမယ်” ဆိုရင်ပဲ အဲဒီအိမ်နားကို တစ်ပတ်၊ ဆယ်ရက် ခြေဦးမလှည့်ဝံ့တော့ဘူး။

ရပ်ကွက်သန့်ရှင်းရေးတို့၊ ကိုယ်ထူကိုယ်ထ လမ်းခင်းတာတို့ဆိုလည်း ရပ်ကွက်ထဲက အိမ်ရှိလူကြီး၊ ကလေးမရွေး တစ်ယောက်တစ်လက်ဝိုင်းကူလုပ်အားပေးခဲ့ကြရတာပေ့ါ။ ပေါက်တူးမကိုင်တတ်သေးတဲ့လူငယ်တွေကို လူကြီးတွေက ဘယ်လိုကိုင်၊ ဘယ်လိုပေါက်၊ ခြေထောက်ကို ဘယ်လောက်ခွဲစတာတွေကအစ သင်ပြပေးခဲ့ကြတာပေ့ါ။

ဒါကြောင့်မို့လား မသိဘူး၊ ဘကြီးကောင်းတို့လည်း အရွယ်ရလာတော့ ကိုယ့်သားသမီးတွေတင်မက ရပ်ကွက်ထဲက ကလေး၊ လူငယ်တွေကအစ အမြင်မတော်တာတွေ့ရင် ပြောတယ်၊ ဆိုတယ်၊ သတိပေးတယ်။ လမ်းမပေါ်မှာ ဘေးဝဲယာမကြည့်ဘဲ ဖုန်းနဲ့ ဂိမ်းကစားလာတာတွေ့ရင် “အိမ်ရောက်မှ ကစားနော်၊ လမ်းမမှာ ကားတွေနဲ့အန္တရာယ်များတယ်”တို့၊ စက်ဘီးကို လက်နှစ်ဖက်လွှတ်ပြီး စီးတာတွေ့ရင် “ဟေ့၊ ကားတွေရှုပ်နေတယ်” တို့က အစပေ့ါ။

တချို့ကလေးတွေ၊ လူငယ်တွေကတော့ “ဟုတ်ကဲ့” ဆိုပြီး ယဉ်ကျေးသိမ်မွေ့စွာ လေးစားနာယူလိုက်နာကြပေမယ့် အများစုကတော့ အလေးအနက်သိပ်မရှိကြတော့ဘူး။ ဒီနောက်ပိုင်းတော့ ဘကြီးကောင်းလည်း ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်လာရတော့တယ်။ အိုလာလို့ ပယ်လာတော့ အိုပယ်ကြီးလည်း တုံဏှိဘာဝေဆိတ်ဆိတ်လေးပဲနေဖြစ်တော့တယ်။

ဒါတောင် တစ်နေ့က ဘတ်စ်ကားစီးရင်း ကလေးမလေးတစ်ယောက် ကားပေါ်အတက်မှာ တန်းကိုမကိုင်ဘဲ အပေါက်ဝမှာ ဖုန်းပြောလက်စမပြတ် ရပ်နေလို့ ကားထွက်စမှာ စိုးရိမ်စိတ်နဲ့ “ဖုန်းကအရေးကြီးသလား၊ ပြုတ်ကျမယ်”လို့ ပြောဖြစ်အောင် ပြောလိုက်မိသေးတယ်။ ကလေးမလေးကတော့ ခရီးတစ်ဝက်ကျိုးသည်အထိ ဖုန်းပြောမပျက်ပါဘဲ။

ရပ်ကွက်ထဲရောက်ပြန်တော့လည်း ကလေးအုပ်ထဲက ကလေးနှစ်ယောက်။ တစ်ယောက်နဲ့တစ်ယောက် တွန်းတိုးပြီး ရန်ဖြစ်နေလို့ လှမ်းအော်ပြီး ဟန့်မိသေးတယ်။ ဒီအခါမှာတော့ “သွားမတားနဲ့၊ အဲဒီကောင်လေးတွေက ရိုင်းတယ်” ဆိုပြီး အတူပါလာတဲ့ မိတ်ဆွေက ဘကြီးကောင်းကို ထပ်ဆင့်တားပြန်တော့တယ်။

မောင်မြင့်အေးရေ . . .

ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ဘကြီးကောင်း အပြန်ပြန်အလှန်လှန်စဉ်းစားနေမိတယ်။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ ဘကြီးကောင်းတို့လို လူကြီးမိဘတွေရဲ့ အခန်းကဏ္ဍက တကယ်ပဲ အိုပယ်ဖြစ်လာခဲ့ပြီလား။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ သက်ကြီးစကား သက်ငယ်ကြားဆိုတဲ့ အစဉ်အလာတွေ ပျောက်ကွယ်သွားပြီလား။

**ဒီမိုကရေစီခေတ်မှာ**
**ရယ်စရာဟာသတွေ ဖြစ်ကုန်ပြီလား**

ရှေးဘိုးဘွားဘီဘင်တွေ လက်ထက်က နောင်လာနောက်သားတွေကို လက်ဆင့်ကမ်းလာခဲ့တဲ့ ပတ္တမြားထိပ်တင် ထမင်းစားပါ (ဘာဟင်းနဲ့စားရစားရမြိန်နိုင်မယ့် နေမွန်းတည့် ထမင်းအလွန်ဆာတဲ့အချိန်မှ ထမင်းစားပါ) တို့၊ အိမ်နောက်ဖေးမှာ ဈေးဆိုင်တည်ပါ (ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်ပင်များကို စိုက်ပျိုးပါ) တို့၊ ခေါင်းတစ်ရာသားကို စားပါ (အကုန်အကျသက်သာမည့် ငါးသေးသေးငယ်ငယ်လေးတွေ စားပါ) တို့၊ ဦးခေါင်းသုံးလုံးရှိသူကို ဆည်းကပ်ပါ (အတွေ့အကြုံ၊ ပညာရင့်သန်သည့် သက်ကြီးရွယ်အိုများထံမှ ဩဝါဒခံပါ) တို့ စတဲ့အဓိပ္ပာယ်နက်ရှိုင်းတဲ့ သက်ကြီးစကား သက်ငယ်ကြား စကားတွေဟာလည်း လွတ်လပ်ခွင့်ကို ရှေ့တန်းတင်တဲ့ Liberalism ဒီမိုကရေစီခေတ်မှာ ရယ်စရာဟာသတွေ ဖြစ်ကုန်ပြီလားလို့လည်း မေးခွန်းထုတ်မိတယ်။

အဲဒီလိုဖြစ်လာခဲ့ပြီဆိုရင်တော့ မောင်မြင့်အေးတို့လို လူငယ်တွေကို ဘကြီးကောင်း ဇာတ်လမ်းလေးတစ်ပုဒ်ပြောပြမယ်။ စာကြီးပေကြီးထဲက မဟုတ်ပါဘူး။ တစ်ခေတ်တစ်ခါက ရွှေသွေးဂျာနယ်ထဲက အခန်းဆက်ရုပ်ပြဇာတ်လမ်းလေးပါ။ ကလေးတွေအတွက်သာမက လူကြီးတွေအတွက်ရော လူ့လောကအတွက်ပါ မှတ်သားစရာကောင်းလို့ မှတ်မိနေတယ်။

**သက်ကြီးရွယ်အိုတွေ ခေါ်မလာဖို့ အမိန့်ထုတ်**

ရှေးတုန်းက အလှအပအသစ်အဆန်းကို မြတ်နိုးတဲ့ ဘုရင်လေးတစ်ပါးဟာ အလွန်လှပတဲ့ တိုင်းသစ်ပြည်သစ်တစ်ခုတည်ထောင်ဖို့ နယ်မြေသစ်ရှာဖွေခဲ့တယ်။ ခရီးထွက်တဲ့အခါမှာ သက်ကြီးရွယ်အိုတွေပါလာရင် လမ်းခရီးမှာ ဘာမှသုံးစားလို့မရဘဲ ခရီးဖင့်မယ်ဆိုပြီး ခေါ်မလာဖို့ အမိန့်ထုတ်တယ်။

ဖခင်အိုကြီးနဲ့အတူ နေထိုင်နေတဲ့ လူငယ်လေးတစ်ဦးကတော့ သူ့ဖခင်အိုကြီးကို လူမသိအောင် ဝှက်ပြီး ခေါ်လာခဲ့တယ်။ လမ်းခရီးမှာ သောက်သုံးရေကအစ အခက်အခဲမျိုးစုံ တွေ့လာတဲ့အခါမှာ လူငယ်လေးဟာ သူ့ဖခင်အိုကြီးကို တီးတိုးမေးမြန်းပြီး အခက်အခဲပေါင်းစုံကို ကျော်လွှားဖြေရှင်းပေးနိုင်ခဲ့တယ်။

ဘုရင်လေးဟာ ထိုလူငယ်လေးကို သတိပြုမိပြီး အကြောင်းစုံကို မေးမြန်းစုံစမ်းတော့ နောက်ဆုံးမှာ ဖခင်အိုကြီးကို ဝှက်ပြီးခေါ်လာခဲ့တာ သိသွားတယ်။ အပြစ်ဒဏ်ပေးမယ်လုပ်တဲ့အခါမှာ ဖခင်အိုကြီးက သူ့သားက သူ့ကိုခေါ်ခဲ့လို့ အခက်အခဲတွေကို ကျော်ဖြတ်နိုင်ခဲ့တာဆိုပြီး တင်လျှောက်မှ ဘုရင်လေးဟာ “အသက်ကြီးလေလေ၊ အတွေ့အကြုံများလေလေ။ အတွေ့အကြုံများလေလေ၊ ဉာဏ်အမြော်အမြင်ကြီးလေလေ”ဆိုတဲ့ အသိတရားရသွားခဲ့တယ်ကွဲ့။

မင်္ဂလသုတ်မှာလည်း “သောဝစဿတာ၊ သူတော်ကောင်းတို့က အကျိုးလိုလားတဲ့ ဆိုဆုံးမမှုစကားကို နာယူလွယ်ခြင်းက မြတ်သောမင်္ဂလာဖြစ်တယ်”တို့၊ မေတ္တသုတ်မှာလည်း ပညာရှိတို့ ဆိုဆုံးမလွယ်သူဖြစ်ရာ၏လို့ မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့တယ်ကွဲ့။

ငါးရာ့ငါးဆယ်ထဲက နိပါတ်တိလမုဋ္ဌိဇာတ်မှာဆိုရင်လည်း ဒိသာပါမောက္ခဆရာကြီးထံမှာ ပညာသင်ကြားနေတဲ့ ဗာရာဏသီမင်းရဲ့သားတော်တစ်ပါးဟာ ရွာထဲမှာပိုင်ရှင်တစ်ဦး နေပူလှန်းထားတဲ့နှမ်းကို နေ့တိုင်း အဓမ္မယူစားသတဲ့။ ပိုင်ရှင်က သည်းမခံနိုင်တဲ့အဆုံး ဆရာကြီးထံလာတိုင်တော့ ဆရာက တပည့်ကိုရိုက်ပြီးဆုံးမတယ်။ ဒါကို တပည့်က အခဲမကျေဘဲ ရှင်ဘုရင်ဖြစ်တဲ့အခါမှာ ဆရာကြီးကို ပူဇော်ချင်လို့ပါလို့ လိမ်ခေါ်ပြီး ပြစ်ဒဏ်မပေးမီ သူ့ကိုလူပုံအလယ်မှာရိုက်တာ သတိရသေးလားလို့မေးတယ်။ ဆရာကြီးက သူဒီလိုဆုံးမခဲ့လို့ ဘုရင်ဖြစ်ခဲ့တာ၊ မဆုံးမခဲ့ရင် သူခိုးလေးက သူခိုးကြီးဖြစ်ပြီး ထီးနန်းတောင်စံရမှာ မဟုတ်ဘူးလို့ ပြန်ပြောတော့မှ ဆရာ့ကျေးဇူးကို ဆင်ခြင်မိပြီး တကယ်ပူဇော်ဖြစ်တော့သတဲ့။

မောင်မြင့်အေးရေ . . .

တကယ်တော့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှ မဟုတ်ပါဘူး၊ လူ့ဘောင်လောကကြီး တစ်ခုလုံးဟာ ပညာရှိသူတော်ကောင်းတွေရဲ့ ဆုံးမဩဝါဒတွေ၊ လောကရဲ့အနိမ့်အမြင့် အခက်အခဲပေါင်းစုံကိုကြုံခဲ့၊ ဆုံခဲ့ပြီး အတွေ့အကြုံများစွာ၊ ဗဟုသုတဉာဏ် အမြော်အမြင်များစွာရှိခဲ့တဲ့ လူကြီးမိဘတွေရဲ့ လမ်းညွှန်မှုတွေ၊ သွန်သင်ဆုံးမမှုတွေဟာ လိုအပ်နေမှာပါပဲ။

**တောင်းပန်လျှောက်ထားခဲ့ရ**

မြတ်စွာဘုရားရှင်ဟာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး သတ္တဋ္ဌာန ခုနစ်ဌာနမှာ ၄၉ ရက်တာ ဖလသမာပတ်ချမ်းသာကိုခံစားပြီးနောက် အဇပါလညောင်ပင်ရင်းအောက် ထိုင်တော်မူစဉ် တရားတော်ရဲ့လေးနက်မှု၊ နက်နဲသိမ်မွေ့မှုနဲ့ ကာမဂုဏ်အာရုံတွေထဲမှာ နစ်မွန်းနေကြတဲ့ သတ္တဝါအများစုရဲ့စရိုက်လက္ခဏာအခြေအနေတို့အပေါ် နှိုင်းယှဉ်ဆင်ခြင်ရင်း တရားမဟောလိုတဲ့ စိတ်အကြံဖြစ်ပေါ်ခိုက်မှာ သဟမ္ပတိဗြဟ္မာမင်းက “နဿတိဝတဘောလောကော (အိုအချင်းတို့ - လောကကြီး ပျက်စီးလတ္တံ့၊ ပျက်စီးတော့မည်) ” လို့ စိုးရိမ်တကြီး ညည်းတွားပြီး သတ္တဝါတွေကို တရားဟောဖော်ညွှန်းပြ ဆိုဆုံးမဖို့ တောင်းပန်လျှောက်ထားခဲ့ရပါတယ်။

မျက်မှောက်ကာလမှာလည်း မြတ်ဗုဒ္ဓရဲ့ သားတပည့် ရဟန်းသံဃာတော်အရှင်သူမြတ်တွေ၊ ပညာရှိသူတော်ကောင်းတွေ နှုတ်ဆိတ်တော့မယ်ဆိုရင် လောကမှာ သူတော်ကောင်းတရားတွေ ဆုတ်ယုတ်ပြီး လောကကြီးဟာ ပျက်စီးသွားပါလိမ့်မယ်။

ထို့အတူပါပဲ။ ဗဟုသုတ အကြားအမြင်ကြီးမားတဲ့၊ ဉာဏ်အမြော်အမြင်ကြီးမားတဲ့ လူကြီး မိဘတွေ လျစ်လျူရှု မျက်နှာလွှဲလာတော့မယ်ဆိုရင်လည်း မြန်မာ့လူ့ဘောင်မှာ အစဉ်တစိုက်လိုက်နာကျင့်သုံးလာခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်တွေ တစ်စတစ်စ ပျောက်ကွယ်သွားပါလိမ့်မယ်။

ဒါကြောင့်မို့ လူငယ်လူရွယ်တွေအနေနဲ့ ကိုယ့်ထက်အတွေ့အကြုံ၊ ဗဟုသုတ၊ အကြားအမြင်ကြီးမားတဲ့ လူကြီးမိဘတွေရဲ့ သက်ကြီးစကား သက်ငယ်ကြားတဲ့အခါမှာ အလေးထား နာယူနှလုံးသွင်းကြဖို့ လိုအပ်ပါတယ်။ ။

> ❖ **မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှ မဟုတ်ပါဘူး၊ လူ့ဘောင်လောကကြီးတစ်ခုလုံးဟာ ပညာရှိသူတော်ကောင်းတွေရဲ့ ဆုံးမဩဝါဒတွေ၊ လောကရဲ့အနိမ့်အမြင့် အခက်အခဲပေါင်းစုံကိုကြုံခဲ့၊ ဆုံခဲ့ပြီး အတွေ့အကြုံများစွာ၊ ဗဟုသုတဉာဏ် အမြော်အမြင်များစွာရှိခဲ့တဲ့ လူကြီးမိဘတွေရဲ့ လမ်းညွှန်မှုတွေ၊ သွန်သင်ဆုံးမမှုတွေဟာ လိုအပ်နေမှာပါပဲ။**
>
> ❖ **ဒါကြောင့်မို့ လူငယ်လူရွယ်တွေအနေနဲ့ ကိုယ့်ထက်အတွေ့အကြုံ၊ ဗဟုသုတ၊ အကြားအမြင်ကြီးမားတဲ့ လူကြီးမိဘတွေရဲ့ သက်ကြီးစကား သက်ငယ်ကြားတဲ့အခါမှာ အလေးထား နာယူနှလုံးသွင်းကြဖို့ လိုအပ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ဒက္ခိဏသီရိမြို့နယ် ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည်ညို



**နေပြည်တော် နိုဝင်ဘာ ၈**

နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသည့် ဒက္ခိဏသီရိမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ဒက္ခိဏ သီရိမြို့နယ် တောင်ဝိုင်းကြီး နေလသိဒ္ဓိဆုတောင်း ပြည့်စေတီတော်၌ ကျင်းပရာ ဒက္ခိဏသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ညောင်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ အမှူးပြု သည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့် တော်မူကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင် ဦးလွင်နှင့် ဧည့်ပရိသတ်များက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတမထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည် ကြပြီး အခမ်းအနားမှူးက ပဋ္ဌာန်းရောင်ခြည်တော်ဖွင့် ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က သာသနာတော်ဆိုင်ရာများ လျှောက်ထားပြီး တာဝန်ရှိသူများနှင့်အတူ ဆရာတော်၊ သံဃာတော်များထံ ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်း ပရိတ်ပန်းအိုး၊ ပရိတ်ရေများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိတ်သတ်များက ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်တော်မူသည့် ငါးရံ့မင်းပရိတ်တော်ကို နာယူ ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ပရိတ်သတ်အားလုံးက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော် သုံးကြိမ်ရွတ်ဖတ်ပူဇော်ကြပြီး ဗုဒ္ဓသာသန် စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဒက္ခိဏသီရိမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တောင်ဝိုင်းကြီးနေလသိဒ္ဓိ ဆုတောင်းပြည့်စေတီ တော်အနီးရှိ တည်ထားကိုးကွယ်ထားသည့် ဗုဒ္ဓ ရုပ်ပွားတော်များကို လှည့်လည်ဖူးမြော်ကြည်ညို ခဲ့သည်။

ထို့အတူ နံနက် ၉ နာရီကလည်း နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပ သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက် ပြီး သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသိန်းတိုးကသင်တန်း ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ MSME Association ဥက္ကဋ္ဌ ဦးကျော်စွာဝင်းက ဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် အသင်း၏ရှေ့လုပ်ငန်းစဉ် များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အသင်းမှ ဌာနသို့ အလှူငွေပေးအပ် ၍ အသင်းသို့ သင်တန်းကုန်ကျစရိတ် လှူဒါန်းပေး သော လုပ်ငန်းရှင်နှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အဆိုပါ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ် မှုနည်းပညာသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်ကြပြီး သင်တန်းကို နိုဝင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ဖျော်ရည်မျိုးစုံ၊ ယိုမျိုးစုံ၊ ရေခဲမုန့်နှင့် ပေါက်ပေါက်ပြုလုပ်နည်းတို့ကို ငါးရက်ကြာ စာတွေ့/လက်တွေ့ သင်ကြားပေးသွား မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိနယ်စပ်ဒေသတိုင်းရင်းသားလူငယ်များစက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဖွင့်ပွဲများ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ် ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (ဘားအံ၊ လပွတ္တာနှင့် ကျောက်ဖြူ) ၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများနှင့် အောင်ပန်း၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲများအား ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သင်တန်းကျောင်း တွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အောင်ပန်းမြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်း၊ လပွတ္တာမြို့ သင်တန်းကျောင်းတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်၊ ကျောက်ဖြူမြို့ သင်တန်းကျောင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးစံတို့ တက်ရောက်၍ သင်တန်း ဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ ဘားအံ၊ လပွတ္တာနှင့် ကျောက်ဖြူ သင်တန်းကျောင်း သုံးကျောင်းတွင် ဆောက်လုပ်ရေး သင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင် သင်တန်းတို့၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၆၀ ဖြင့် သင်တန်းကာလ ရက်သတ္တ ၂၂ ပတ်နှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းတွင် အိပ်ခန်း ဆောင် သင်တန်းသား ၂၀၊ အစားအစာနှင့် အဖျော် ယမကာဝန်ဆောင်မှု သင်တန်းသား ၂၀ စုစုပေါင်း ၄၀ တို့ကို စာတွေ့ ရက်သတ္တ ၁၄ ပတ်နှင့် ဟိုတယ် များတွင် လုပ်ငန်းခွင်သင်တန်းကာလ သုံးလကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး နေထိုင်စားသောက် ရေးနှင့် သင်တန်းသုံး ပစ္စည်းများ အခမဲ့ထောက်ပံ့ပေး သွားမည်ဖြစ်သည်။



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း အောင်ပန်းမြို့ သင်တန်းကျောင်းရှိ သင်တန်းဖွင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှု လက်မှုပညာသင်တန်းကျောင်းများတွင် သင်တန်း သား သင်တန်းသူ စုစုပေါင်း ၆၀၇၇ ဦးနှင့် ဟိုတယ် ဝန်ဆောင်မှုဆိုင်ရာသင်တန်းများတွင် သင်တန်း သား သင်တန်းသူ စုစုပေါင်း ၇၅၀ အား သင်ကြား လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒိုက်ဦးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ဒိုက်ဦး နိုဝင်ဘာ ၈**

ပဲခူးတိုင်း ဒေသကြီး ဒိုက်ဦး မြို့နယ် ပျဉ်းမလွင်ကျေးရွာ အုပ်စု ကွင်းအမှတ်(၄၂၆-က) ကုလားစုကွင်း ဦးပိုင်အမှတ် (၅၂/၃) တောင်သူ ဦးမြင့်အောင် စိုက်ပျိုးထားသည့် ဆင်းသုခ စပါး မျိုးကောင်းမျိုးသန့် စံပြကွက် တွင် ကိုယ်စားပြုစံကွက်ရိတ်သိမ်း ခြင်းကို နိုဝင်ဘာ ၈ ရက် နံနက် ပိုင်းက ပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ညောင်လေး ပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင် များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုး၊ စက်မှုလယ်ယာ ဦးစီးမှူး ဦးသီဟကျော်စွာ၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဇော်ဇော်ဦး၊ မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်း၊ စိုက်ပျိုး ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်သိန်းနိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ကြ သည်။



အဆိုပါ ဆင်းသုခ စပါးမျိုး ကောင်းမျိုးသန့် စံပြကွက် စိုက်ခင်းအား မိုးစပါးစံကွက် ရိတ်သိမ်းခဲ့ရာတွင် အစိုအထွက် တင်း ၁၄၀ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# လင်းခေးခရိုင်အတွင်းရှိ တရားရုံးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်



**လင်းခေး နိုဝင်ဘာ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် တရားရုံးနှင့် ခရိုင်အတွင်းရှိ လင်းခေး၊ မောက်မယ်၊ မိုင်းပန်မြို့နယ် တရားရုံးများ၌ တာဝန်ထမ်း ဆောင်လျက်ရှိကြသည့် ဝန်ထမ်း များ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လင်းခေး ခရိုင် တရားရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

သင်တန်း ဖွင့်ပွဲအခမ်းအနား တွင် ခရိုင်တရားသူကြီး ဦးမျိုးဝင်းက သင်တန်းဖွင့် လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းမှရရှိနိုင်မည့် အကျိုး ကျေးဇူးများနှင့် စပ်လျဉ်း၍ ရှင်းလင်း အမှာစကားပြောကြားခဲ့ ပြီး၊သင်တန်းမှူး ဒေါ်နန်းအေး ကြည်က သင်တန်းစည်းကမ်း များကို ရှင်းလင်းတင်ပြ သည်။

အဆိုပါ သင်တန်းတွင် ရုံးလုပ်ငန်းဆိုင်ရာ ဘာသာရပ်၊ ဘီလစ်လုပ်ငန်းဆိုင်ရာ ဘာသာ ရပ်၊ ငွေစာရင်းဆိုင်ရာ၊ တရားခွင် လုပ်ငန်းဆိုင်ရာ ဘာသာရပ်နှင့် တရားရုံး ဝန်ဆောင်မှုဆိုင်ရာ ဘာသာရပ်များကို ပို့ချပေးသွား မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်း နည်းပြ တရားသူကြီးများနှင့် ခရိုင် တွင်းရှိ တရားရုံးဝန်ထမ်း ၁၀ ဦး ကို နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရ သည်။

**ဝိုးတောင်း**

# ဝန်ထမ်းများ ပျော်ရွှင်အပန်းပြေစေရန် လှည့်လည်ဖျော်ဖြေတင်ဆက်

**နေပြည်တော် နိုဝင်ဘာ ၈**

နိုင်ငံတော်အစိုးရ၏ယန္တရား ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများကို စိတ်လက်ပေါ့ပါးစွာ အပန်းဖြေပျော်ရွှင်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုတစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ၊ မြန်မာ့အသံမှ တေးသံရှင်များက နေပြည်တော်ရှိ ဝန်ကြီးဌာနများသို့ လှည့်လည်ဖျော်ဖြေလျက်ရှိသည်။

အဆိုပါဖျော်ဖြေပွဲကို ယနေ့ ညနေပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင် ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် နိုင်ငံကျော်အဆိုတော်များနှင့် မြန်မာ့အသံမှ တေးသံရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များနှင့်အတူ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ မြန်မာ့အသံမှတေးသံရှင်များက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေ





တင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးက ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် မြန်မာ့အသံမှ တေးသံရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ အဥ္စလီအငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီး ယဉ်ယဉ်ဝေ၊ ရှေ့ထွက်မင်းသမီး ခိုင်သစ္စာ၊ လူရွှင်တော် စောမင်းနောင်၊ ဇော်မင်းထွန်း၊ ဇင်ဝိုင်း၊ ကျော်မင်းစိုး၊ မျိုးကျော်သူနှင့် စိုးစည်သူတို့က အငြိမ့်ကပြမှုဖြင့်လည်းကောင်း၊ နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်နှင့်အတူ မိုးယံဇွန်၊ ဝေလျှံ၊ ဝင်းသပြေထွန်းနှင့် ပန်းသော်တာတို့က တေးသီချင်းများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီးနောက် တာဝန်ရှိသူများက အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ်ကို ကျန်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးသို့လည်း ဆက်လက်သွားရောက်ပြီး ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ထူးချွန်သူများအား ဂုဏ်ပြုဆုများချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၈**

ထူးချွန်ဆုများ ပေးအပ်ခြင်းသည် ကာယကံရှင်များကိုယ်တိုင် မိမိကိုယ်ကို ဂုဏ်ယူတတ်စေရန်နှင့် အခြားသူများက လေးစားအားကျ အတုယူကာ ပြည်နယ်အတွင်း ထူးချွန်သူများ ဆင့်ကဲပေါ်ထွန်းလာပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ထူးချွန်သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများက (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု၊ ပညာရေးဆိုင်ရာထူးချွန်ဆု၊ လူမှုရေးဆိုင်ရာထူးချွန်ဆု၊ တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်ဆု၊ စိုက်ပျိုးရေးတောင်သူ ထူးချွန်ဆု၊ မွေးမြူရေးတောင်သူထူးချွန်ဆု၊ ဌာနဆိုင်ရာများမှ ထူးချွန်ဝန်ထမ်းဆု၊ အားကစားထူးချွန်ဆု၊ ကြက်ခြေနီထူးချွန်ဆု၊ ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ပုံပြောနှင့် သင်တန်းများတွင် ထူးချွန်ဆု၊ နိုင်ငံတော်မှ ကြီးမှူးကျင်းပသည့် (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူများ၊ အသင်းအဖွဲ့ဂုဏ်ပြုဆု၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့်ဆု၊ ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်ဆု၊ အထူးကုန်စည်ခွန် အများဆုံးထမ်းဆောင်သည့်ဆု၊ ပြခန်းဆု အစရှိသည့် ဆုပေါင်း ၁၄၁ ဆုကို ပေးအပ်ချီးမြှင့်ပြီး ထူးချွန်ဆုရရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကား ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဖွဲ့ကပင်အားကစားကွင်း၌ ကျင်းပသည့် အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တို့ကို ကြည့်ရှုအားပေးခဲ့ပြီး ၂၀၂၂ ခုနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၁၈ နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တံခွန်စိုက်ဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၈**

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် မြန်မာ့အားကစားနည်းများထဲမှ တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ကရင်ပြည်နယ် ဘားအံမြို့ရှိ သီရိကွင်း၌ ကျင်းပလျက်ရှိသည်။

"(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ပြိုင်ပွဲကျင်းပရေးအနေနဲ့ ကရင်ပြည်နယ်နေ့ ပျော်ပွဲရွှင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကို ဦးဆောင်ပြီး ကရင်ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ ဖြစ်မြောက်ရေးစီမံချက်ရေးဆွဲပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ပြိုင်ပွဲအမျိုးအစားအနေနဲ့ကတော့ ကြားအထူးပွဲရှိသလို ကျွန်တော်တို့ ခုနစ်သိန်း၊ ၁၀ သိန်း၊ ၁၅ သိန်းကျပ် ရိုးရာအောင်လံ၊ ပြီးရင် စာချုပ်စိန်ခေါ်ပွဲ စုစုပေါင်း ၂၂ ပွဲကို သုံးရက်တိတိ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နဲ့ ဖြစ်အောင် တင်ဆက်ပေးထားခြင်းဖြစ်ပါတယ်"ဟု ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစတင်အောင်မြင့်ဦးက ပြောသည်။

အဆိုပါ ရိုးရာလက်ဝှေ့ပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၇ ရက်က တက်လူ(သုံးပန်လှ) နှင့် ကျောက်ရိုင်း(ဓမ္မဟောဝန်)၊ ထူးသူးဖိုး(တိုက်ဂါး) နှင့် စိုးမင်းထိုက် (အဲကညော)၊ သွေးရိုင်းလေး (ဒေါနပွင့်သစ်)နှင့် ချစ်မောင်မောင် (ဖလုံပညာတဝေါင့်)၊ မင်းမောင်မောင် (တောင်ကလေး)နှင့် သွေးသစ်အောင်(ဒေါနပွင့်သစ်)၊ စူးခလိန်းမင်း(စက်ရုံ) နှင့် နေထူးထူး(တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြပြီး အခြားပွဲစဉ်များလည်း ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပြိုင်ပွဲနှင့်ပျော်ပွဲရွှင်ပွဲအဖြစ် ယခု မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများအပြင် ဒိုးအကပြိုင်ပွဲများ၊ ဌာနဆိုင်ရာပြခန်းများ ခင်းကျင်းပြသခြင်း၊ ဒေသထွက်ကုန်အရောင်းပြခန်းများ ပြသခြင်း၊ စင်တင်တေးဂီတဖျော်ဖြေပွဲများ ဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**




# မင်းဘူးမြို့၌ ရောဝတီမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**မင်းဘူး နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ပေါများစေရေး၊ ဒေသနေပြည်သူများ သဘာဝရေပြင်မြစ်ချောင်းများတွင် ငါးများပိုမိုဖမ်းယူစားသုံးနိုင်ရေးအတွက် မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်အနီး ရောဝတီမြစ်အတွင်းသို့ ယနေ့နံနက် ၈ နာရီတွင် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ မင်းဘူးခရိုင်တာဝန်ခံ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်းနှင့် ဝန်ထမ်းများ၊ ပွင့်ဖြူငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစိုးလှိုင်နှင့် ဝန်ထမ်းများ၊ ရေလုပ်သားများတက်ရောက်၍ နှစ်လက်မအရွယ်ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ အား ရောဝတီမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



မုံရွာ နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်၊ ကသာခရိုင်၊ ကောလင်းခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင်တို့မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ခရိုင်နှင့်မြို့နယ်များအလိုက် လုပ်ဆောင်ရမည့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးနှင့် စည်းရုံးရေးဆိုင်ရာလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှသာ တရားဥပဒေစိုးမိုးပြီး အခြားလုပ်ငန်းများကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်၍ လုံခြုံမှုရှိရန် အရေးကြီးပါကြောင်း၊ ခရိုင်/မြို့နယ်များရှိ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းကာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်မှုလမ်းကြောင်းများ အမြဲလုံခြုံစွာဖြင့် သွားလာနိုင်ရေးအတွက် လုံခြုံရေးတာဝန်ရှိသူများမှ တာဝန်ကျေပွန်လိုစိတ်ဖြင့် စေတနာထားကာ တာဝန်ယူဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ခရိုင်/မြို့နယ်များအတွင်း ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားချက်နှင့်တာဝန်ပေးအပ်မှုများကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များအတွင်း မိမိတို့ဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်၊ ကသာခရိုင်၊ ကောလင်းခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင်တို့မှ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း၊ မုံရွာခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က မိမိတို့ခရိုင်များအတွင်းရှိ ခရိုင်/မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မြစ်ကြီးနားမြို့တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုယာဉ်နှင့် ပြခန်းထုတ်ဖော်ပြသနိုင်ရေး ညှိနှိုင်းဆွေးနွေး



မြစ်ကြီးနား နိုဝင်ဘာ ၈

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ကချင်ပြည်နယ်မှ ဂုဏ်ပြုယာဉ်နှင့် ပြည်နယ်ကိုယ်စားပြုပြခန်းများ ထုတ်ဖော်ပြသနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ် ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

## ပြသသွားမည်

ဂုဏ်ပြုယာဉ်နှင့် ပြခန်းထုတ်ဖော်ပြသနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားတွင် မိမိတို့ ကချင်ပြည်နယ်အနေဖြင့် ဂုဏ်ပြုယာဉ်နှင့် ပြည်နယ်ကိုယ်စားပြုပြခန်းကို ပြသသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ဒေသထုတ်ကုန်/ ထွက်ကုန်များအပြင် တွင်းထွက် သယံဇာတများကိုပါ စုံလင်စွာ ထုတ်ဖော်ပြသနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် တည်ဆောက်ပြသသွားမည့် ဂုဏ်ပြုယာဉ်နမူနာပုံစံနှင့် ဖော်ထုတ်ပြသမည့် ပြည်နယ်၏အထင်ကရနေရာများ၊ ထင်ရှားသည့် ပစ္စည်းများ၊ ဒေသတွင်း ထုတ်ကုန်ပစ္စည်းများနှင့် အထိမ်းအမှတ် ပြည်နယ်ကိုယ်စားပြုပြခန်း တည်ဆောက်သွားမည့် ပုံစံများ၊ ပြခန်းဆိုင်ရာ အချက်အလက်များနှင့် ပြခန်းတွင် ပါဝင်ထည့်သွင်းပြသသွားမည့် ပစ္စည်းများ၊ ဒေသထွက် ရိုးရာစားသောက်ဖွယ်ရာများ ရောင်းချပြသနိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဖြည့်စွက် သုံးသပ်ရှင်းလင်းတင်ပြကြသည်။

တင်ပြ ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုယာဉ်နှင့် ပြည်နယ်ကိုယ်စားပြုပြခန်းများကို ထည့်သွင်းဖော်ထုတ်ပြသမည့် အကြောင်းအရာ၊ အချက်အလက် တစ်ခုချင်းစီအလိုက် ရိုးရာယဉ်ကျေးမှု၊ စည်းလုံးမှုကို ပေါ်လွင်အောင်ပြသနိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# မိုင်းရယ်မြို့၌ မျိုးစေ့ထုတ် ဆင်းရွှေကြာ-၂ စံပြစိုက်ကွက်အား ကွင်းဆင်းစစ်ဆေး

မိုင်းရယ် နိုဝင်ဘာ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီး၍ ဆီထွက်သီးနှံဖြစ်သည့် နေကြာကို စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တောင်သူများ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍ မျိုးစေ့ထုတ် ဆင်းရွှေကြာ စံပြစိုက်ကွက်စိုက်ပျိုးထားရှိမှုအား ကွင်းဆင်း စစ်ဆေးခြင်းကို ယနေ့နံနက် ၁၀ နာရီက မိုင်းရယ်မြို့ စိုက်ပျိုးရေးဦးစီးဌာနရုံးအတွင်း မျိုးစေ့ထုတ် ဆင်းရွှေကြာ-၂ စံပြစိုက်ကွက်၌ ပြုလုပ်သည်။

အဆိုပါ မျိုးစေ့ထုတ် ဆင်းရွှေကြာ-၂ စံပြစိုက်ကွက်စိုက်ပျိုးထားရှိမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုကြသည်။

မိုင်းရယ်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယာသီးထပ်အဖြစ် နေကြာ ဧက ၃၀ အား ကျေးရွာအုပ်စု ၁၀ အုပ်စုတွင် တောင်သူ ၁၅ ဦးဖြင့် နေကြာမျိုးသုံးမျိုးအား စိုက်ပျိုးလျက်ရှိပြီး လယ်မြေများတွင်ပါ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ပညာပေးစည်းရုံးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# သမဝါယမအသင်းသား ပြည်သူများသို့ အခြေခံစားကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချ

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ်လုပ်ငန်းများ လည်ပတ်နိုင်စေရန်နှင့် စားသုံးသူအသင်းသားပြည်သူများသို့ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီးသမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းမှ ပေါ်ဆန်း ၂၄ ပြည်ပါ ဆန်အိတ် ၅၆၆ အိတ်(တန်ဖိုးငွေကျပ် ၃၆၉ ဒသမ ၀၁ သိန်း)နှင့် ပခုက္ကူဒေသထွက် မြေပဲဆီသန့် ၄၄၆ ပိဿာ(တန်ဖိုးငွေကျပ် ၅၇ ဒသမ ၉၈ သိန်း) စုစုပေါင်း ငွေကျပ် ၄၂၆ ဒသမ ၉၉ သိန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ No Profit, No Loss နှင့်အညီ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၁၆) ကြိမ်မြောက် ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော် အောင်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ



မန္တလေး နိုဝင်ဘာ ၈

(၁၆)ကြိမ်မြောက် ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော် အောင်ပွဲအခမ်းအနားကို ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ယနေ့ ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ ဓမ္မရတီကုန်းမြေပေါ်ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး (ပြည်ချစ်ဘုရား)အနီးရှိ မီးပုံးပျံကွင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြင်ဦးလွင် ခရိုင်/မြို့နယ် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးပုံးပျံပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ခရီးသွားဧည့်သည်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံကျော်အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်၍ ကျောင်းသား ကျောင်းသူများက "ပြင်ဦးလွင်မီးပုံးပျံပွဲတော်" သီချင်းဖြင့် "ပြင်ဦးလွင်မှ ကြိုဆိုပါ၏" စာတန်းသရုပ်ဖော်ဖျော်ဖြေကပြတင်ဆက်ပြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ လွှတ်တင်မည့်မီးပုံးပျံအား နာယကကြီးများ၊ ဦးစီးကော်မတီများ၊ လုပ်ငန်းကော်မတီများက မီးစာထွန်းညှိ၍ လွှတ်တင်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပွဲတော်အောင်မြင်ခြင်းအထိမ်းအမှတ် အမှာစကား ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မီးပုံးပျံပြိုင်ပွဲနှင့် အားကစားပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ (၁၆)ကြိမ်မြောက် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၄ ရက်မှ ယနေ့အထိ ကျင်းပရာ ပွဲတော်ကာလ၌ မဟာအံ့ထူးကံသာ ဘုရားအား မသိုးသင်္ကန်းဆက်ကပ်ပူဇော်ခြင်း၊ ဘုရားရင်ပြင်တော်တွင် ဆီမီးကိုးထောင် ထွန်းညှိပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးခြင်း စသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ပြီး စိန်နားပန်မီးပုံးပျံများနှင့် ညမီးကျည်မီးပုံးပျံများ လွှတ်တင်ပြိုင်ပွဲ၊ နေ့အရုပ်လှမီးပုံးပျံများ လွှတ်တင်ပြိုင်ပွဲ၊ ရိုးရာခြင်းအလှခတ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲ စသည့်ပျော်ပွဲရွှင်ပွဲများလည်း ကျင်းပခဲ့သည်။

ထို့အပြင် ပွဲတော်လာပြည်သူများကို နိုင်ငံကျော် အနုပညာရှင်များ၊ မန္တလေးမြို့ ကျက်သရေဆောင် မြို့မတူရိယာအဖွဲ့နှင့် ကျောက်ဆည်မြို့၏ ဆင်အကအဖွဲ့များက ဧည့်ခံဖျော်ဖြေခဲ့ကြပြီး အစားအသောက်နှင့် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက်လည်း စားစရာအစုံအလင်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ပါဝင်သည့် ဆိုင်ခန်းများ၊ ကုမ္ပဏီအရောင်းပြခန်းများကိုပါ ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြသလွန်ဘုရားပွဲတော်ကွင်း၌ တန်ဆောင်မုန်းလပြည့်နေ့တွင် မီးပုံးပျံ၊ မီးရှူးမီးပန်းများ လွှတ်တင်



မကွေး နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ တန်ဆောင်မုန်းလပြည့်နေ့တွင် မီးပုံးပျံနှင့် မီးရှူးမီးပန်းများ လွှတ်တင်ခြင်းအခမ်းအနားကို ယမန်နေ့ ည ၇ နာရီက မြသလွန်ဘုရားပွဲတော်ကွင်းပြင်၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဇနီး၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်းနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက် ပါဝင်ဆင်နွှဲကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် ပြည်သူများ မီးပုံးပျံများ လွှတ်တင်နိုင်ရန်အတွက် မီးပုံးပျံများပေးအပ်၍ မီးပုံးပျံများကို လွှတ်တင်ခဲ့ပြီး မီးရှူးမီးပန်းများပစ်ဖောက်ကာ စိတ်အေးချမ်းသာ ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။

အဆိုပါ မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများ လွှတ်တင်ခြင်းအခမ်းအနားတွင် မီးပုံးပျံ အလုံးရေ ၂၀၀ ခန့်ကို လွှတ်တင်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအား စတုဒိသာကျွေးမွေးခြင်း အနေဖြင့် ကြာဆံကြော်နှင့် မဲဇလီဖူးသုပ်တို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဝန်ထမ်းမိသားစု နိဗ္ဗာန်ဈေးပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဝန်ထမ်းမိသားစု တန်ဆောင်တိုင်နိဗ္ဗာန်ဈေးပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို ယမန်နေ့ ညနေပိုင်းတွင် ဒဂုံမြို့နယ် အစိုးရအိမ်တော်ဝင်းအတွင်းရှိ မြက်ခင်းပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

ယင်းနောက် တန်ဆောင်တိုင် နိဗ္ဗာန်ဈေးပွဲတော်အလှူရှင်များဖြစ်သည့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ရုံးမှအရာရှိကြီးများ၊ ဝန်ထမ်းမိသားစုများ စုစုပေါင်း အလှူရှင် ၁၀၀ ကျော်တို့က နံပါတ်များပါရှိသည့်မဲကတ်ပြား ၅၀၀၀ ခန့်ကို ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဧည့်သည်များထံ ကြိုတင်ဝေငှထားပြီး မိမိတို့ရရှိသည့် မဲနံပါတ်အတိုင်း ပစ္စည်းများကို လှူဒါန်းဝေငှခြင်း၊ စတုဒိသာကျွေးမွေးခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# လားရှိုးမြို့ တန်ဆောင်မုန်းလပြည့်နေ့တွင် မီးမျှောပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

လားရှိုး နိုဝင်ဘာ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီပရိဝုဏ်အတွင်း၌ ယမန်နေ့ညနေ ၆ နာရီက မီးမျှောပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲများကို နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မီးမျှောပွဲကို ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီ ပြည်သူ့ဥယျာဉ်အတွင်းရှိ ရေကန်၌ ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တိုင်းစစ်ဌာနချုပ်မှ အရာရှိများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်း/မြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် ပြည်နယ်/ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် လားရှိုးမြို့ မီးမျှောပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲသို့ ဒေသခံပြည်သူ အများအပြား လာရောက်ခဲ့ကြပြီး နိုင်ငံကျော်အဆိုတော်များ၊ ဒေသခံအဆိုတော်များ၊ တိုင်းရင်းသားရိုးရာအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ကျော်စိုး**

# သင့်သမိုင်းကို သင်ပဲရေးရမှာ

**ဂျာနယ်လစ်တစ်ဦး**

ပညာဆိုတာဟာ အကျယ်ကြီး၊ အနက်ကြီးပဲ။ ငါသိပြီ၊ ငါတတ်တယ်ဆိုပြီး ပညာရှာမှီးတာကို ရပ်လိုက်ရင် အဲဒီလူဟာ နိမ့်ဆင်းလျှောကျသွားတော့တာပဲ။ အဆက်မပြတ်၊ အမြဲမပြတ်သိစရာ၊ တတ်စရာတွေက အရှိန်အဟုန်နဲ့ တိုးပွားများပြားနေတာဖြစ်ပါတယ်။ တစ်ရက်၊ တစ်လနဲ့ မသိသာသေးပါ။

**နှစ်ပေါင်း ၃၀၀၀ လောက်သာရှိ**

တကယ်တော့ လူသားတွေရဲ့သမိုင်းတစ်လျှောက်မှာ အတွေးအခေါ်အားဖြင့် အဆင့်မြင့်မြင့် ကြံစည်တွေးခေါ်မြော်မြင်နိုင်တာ နှစ်ပေါင်း ၃၀၀၀ လောက်သာ ရှိပါသေးတယ်။ တောရိုင်းသတ္တဝါတွေလိုပဲ လှည့်လည်သွားလာနေခဲ့ကြရာမှ ငါးဖမ်း၊ အမဲလိုက်၊ အသက်ရှင် ရပ်တည်နိုင်အောင် ကြိုးပမ်းကြရတာ နှစ်ပေါင်းသန်းနဲ့ချီပြီး ဖြတ်သန်းခဲ့ကြရတယ်။ ဂူတွေထဲမှာနေရင်း မီးကို(ကျောက်ချင်းပွတ်ပြီး မီးပွားမှ မီးရအောင်) တွေ့ရှိလာကြပြီးတဲ့နောက် အသားငါးတွေ အစိမ်းစားနေရာမှ ကင်စား၊ ဖုတ်စား၊ ချက်ပြုတ်စားတာ ပိုပြီးအရသာရှိတယ်၊ ကောင်းမွန်တယ်ဆိုတာ သိမြင်လာကြတယ်။

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ စိုက်ပျိုးထွန်ယက်စားတတ်လာတဲ့ သမိုင်းဦးဘုံမြေခေတ်ကနေ ယနေ့အခြေအနေ အဆင့်မြင့်နည်းပညာခေတ်၊ အေအိုင်ခေတ်ရောက်လာအောင် ဘိုးဘွားဘီဘင် လူသားတွေဟာ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် မွေးမြူပျိုးထောင်လာခဲ့ကြတယ်။ အုပ်စုမှသည် မြို့ရွာ၊ နိုင်ငံထူထောင် အုပ်ချုပ်စီမံတတ်လာကြတယ်။ စိုက်ပျိုးရေးကို ပိုကောင်းအောင်လုပ်ဆောင်နိုင်လာတယ်။ ကြက်၊ ဝက်၊ ဆိတ်၊ နွားအပြင် ဆင်ကိုတောင် မွေးမြူအသုံးချနိုင်စွမ်းရှိလာတယ်။

လျင်မြန်တဲ့မြင်းတပ်တွေနဲ့ အင်ပါယာတွေချဲ့ထွင်ခဲ့ကြတယ်။ အင်အားကြီးတဲ့ ဆင်တပ်များတဲ့ဘုရင်က ဘုန်းတန်ခိုးပိုကြီးကြတယ်။ ဘုရင်ဖြစ်သူ အရည်အချင်းမြင့်မားရင် သူ့ရဲ့ဩဇာအာဏာပိုကြီးပြီး နယ်နိမိတ်ကျယ်တာပဲ။ ညံ့ဖျင်းတဲ့မင်းတွေလက်ထက်မှာ နိုင်ငံမအေးချမ်းဘူး၊ မဖွံ့ဖြိုးဘူး၊ လူတွေဆင်းရဲမွဲတေကြရတယ်။

၁၈ ရာစုလောက်ရောက်တော့ စက်မှုတော်လှန်ရေးနဲ့ စက်ရုံအလုပ်ရုံတွေ ထူထောင်နိုင်ကြတဲ့ဥရောပတိုက်သားတွေဟာ ရေတပ်ကြီးတွေဖွဲ့စည်းပြီး ပင်လယ်ဓားပြအဖြစ်မှ နယ်ချဲ့ကျူးကျော်တိုက်ခိုက်တဲ့ အရင်းရှင်ကိုလိုနီနိုင်ငံတွေ ဖြစ်လာကာ လက်အောက်ခံနိုင်ငံနဲ့ လူမျိုးတွေကို ကျွန်လိုဖိနှိပ်ပြီး ကုပ်သွေးစုပ် အမြတ်ထုတ်ကြတော့တာပဲ။

ပါးစပ်က "ဒီမိုကရေစီ" နားထောင်ကောင်းအောင် လျှာအရိုးမရှိတိုင်းပြောချင်သလောက်ပြော။ နယ်ချဲ့အရင်းရှင်စနစ်နဲ့ ကြီးနိုင်ငယ်ညှဉ်း အနိုင်ကျင့်ဗိုလ်ကျခဲ့တဲ့ မျက်နှာဖြူတွေရဲ့မတရားမှု၊ မသမာမှုတွေဟာ ၁၉ ရာစု၊ ၂၀ ရာစုအထိ နှစ်ပေါင်း ၃၀၀ ကြာခဲ့ပါပြီ။ ဟန်ဆောင်စကား ပြောနေသူများ။

၂၁ ရာစုကတော့ ထူးခြားပြောင်းလဲမယ့် သမိုင်းတစ်ခေတ်တစ်ဆက်ရောက်လာပါတော့တယ်။ ဒီမိုကရေစီဗန်းပြ "လူ့အခွင့်အရေး"အသံကျယ်ကျယ် အော်ဟစ်ရင်း မသိနားမလည်တဲ့ နိုင်ငံငယ်နိုင်ငံသားတွေကို အချင်းချင်းဗိုလ်လု တိုက်ခိုက်အောင် မြှောက်ပင့်ပေး။ နှစ်ဖက်လုံးကို လက်နက်ရောင်းချ၊ လက်နက်ခဲယမ်းစက်ရုံတွေက အမြတ်အစွန်း မတန်တဆရပြီး ချမ်းသာသည်ထက်ပိုပြီးချမ်းသာ။ အချင်းချင်း ဆော်လေလေ သူပျော်လေလေ။

> **"ပညာရှိကို ခေါင်းဆောင်ရွေးရမှာ ကိုယ့်လူရ။ ပညာမရှိတဲ့မောင်တွေကို ခေါင်းဆောင်တင်မိရင် ကိုယ့်ကိုကုပ်ခွစီးပြီး ကျွဲလို နွားလိုခိုင်းမှာပဲ။ ဘယ်သူဘယ်ဝါ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမရှိခဲ့ပါဘူး။ ဘယ်ပါတီကို မဲပေးပါ၊ ဘယ်ပါတီတော့ မဲမပေးနဲ့လို့လည်း မတိုက်တွန်းပါဘူး၊ မတားမြစ်ပါဘူး။ ကိုယ်ကြိုက်ရာ ကိုယ်ရွေး။ လွတ်လပ်စွာ စဉ်းစားပြီး ကိုယ်ကြိုက်တာကိုပေး။ ကိုယ်ကျေနပ်ရင် ပြီးတာပဲ"**

**အတွေးကတိမ်လှ**

နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုနဲ့ လူ့သမိုင်းကို ဘာမှမသိ၊ ပထဝီနိုင်ငံရေးကိုလည်း နားမလည်။ အဆိုးဆုံးက မိမိမှာ ဘာတွေကောင်းမွန်တဲ့ အားသာချက်တွေရှိမှန်းမသိ။ သူများဆီက မှီခိုလက်ဝေခံပြီး အချင်းချင်းလုယက်သတ်ဖြတ်ရလို့ အရိုးအရင်းကိုက်ရရင်ပဲ အဟုတ်ကြီးမှတ်။ အတွေးက တိမ်လှတယ်။

နိုင်ငံရေးကို နားမလည်တဲ့ အမြော်အမြင်ကင်းမဲ့သူ အချောင်သမား နိုင်ငံရေးသမား အမည်ခံပုဂ္ဂိုလ်အချို့ကြောင့် ကမ္ဘာ့နိုင်ငံများစွာဟာ ဆင်းရဲတွင်းထဲမှာပဲ ဝဲလည်နေခဲ့ကြတာ နှစ်ပေါင်းရာချီ။ လိမ်တဲ့လူကလည်း လိမ်လို့ကောင်းတုန်း။

ဆက်ပြီးညာတဲ့လူကလည်း ညာတုန်းလိုမ့်တုန်း။ ကြောင်ကိုရေချိုး၊ မရောင်ရာ ဆီလူးပြီး ဟုတ်ယောင်ထင်အောင် ဖြီးတုန်းဖြန်းတုန်း။

နာကန်းတစ်လုံးမှ ဗဟုသုတမရှိကြတဲ့လူတွေက ဘာမသိညာမသိ လက်နက်ကိုင် ဆူပူပုန်ကန်တာကိုပဲ နွေဦးတော်လှန်ရေးတံဆိပ်ကပ်ပြီး လူသတ်၊ ဗုံးခွဲ၊ မီးရှို့၊ မိုင်းထောင်လုပ်နေဆဲပဲ။ လူသတ်တာက ပြည်သူတွေကို၊ ဗုံးခွဲတာက လျှပ်စစ်တာဝါတိုင်။ မီးရှို့တာက ပညာရေးစာသင်ကျောင်း။ မိုင်းထောင်ဖောက်ခွဲတာက လမ်းတွေနဲ့ တံတားတွေ။ တိုင်းပြည်ဖျက်တာ သက်သက်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရစအချိန်မှစပြီး ပြည်တွင်း၊ ပြည်ပ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်တာတွေ အဟုတ်မှတ်ပြီးလုပ်ခဲ့ကြတာ ယနေ့အထိ။ နှစ်ပေါင်း ၇၅ နှစ်တောင်ရှိပေတော့မယ်။ မျိုးဆက်သုံးဆက်လောက် ခေတ်နောက်ကျ။

**စာဖတ်မှသိနိုင်တယ်**

ခေတ်အမြင်ခေတ်အတွေးတွေ ခေတ်မီအောင် အသိအမြင်ရှိဖို့ရာက အဓိက စာဖတ်မှသိနိုင်တယ်။ နေ့စဉ်သတင်းစာလေးတောင်ဖတ်ရကောင်းမှန်း မသိကြတဲ့ နလပိန်းတုံး လူသားတွေများလှတဲ့ အဖွဲ့အစည်းမှာ ဘယ်သူက ဘယ်ဝါကိုမဲပေးပြီး ပြည်သူ့ကိုယ်စားလှယ်ရွေးရမှန်းမသိရင်တော့ ကြာလေခက်လေ ကိုသာခက်တွေဖြစ်ပေတော့မယ်။ ကြာလေဆိုးလေ မောင်သာဆိုးတွေ ဖြစ်နေတော့မယ်။

ပညာရှိကို ခေါင်းဆောင်ရွေးရမှာ ကိုယ့်လူရ။ ပညာမရှိတဲ့မောင်တွေကို ခေါင်းဆောင်တင်မိရင် ကိုယ့်ကိုကုပ်ခွစီးပြီး ကျွဲလို နွားလိုခိုင်းမှာပဲ။ ဘယ်သူဘယ်ဝါ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမရှိခဲ့ပါဘူး။ ဘယ်ပါတီကို မဲပေးပါ၊ ဘယ်ပါတီတော့ မဲမပေးနဲ့လို့လည်း မတိုက်တွန်းပါဘူး၊ မတားမြစ်ပါဘူး။ ကိုယ်ကြိုက်ရာ ကိုယ်ရွေး။ လွတ်လပ်စွာ စဉ်းစားပြီး ကိုယ်ကြိုက်တာကိုပေး။ ကိုယ်ကျေနပ်ရင် ပြီးတာပဲ။

အဲ...ကျေနပ်နေရုံနဲ့တော့ မပြီးသေးဘူးနော်။ ကိုယ်တင်လိုက်တဲ့ပုဂ္ဂိုလ်ရဲ့ ကောင်းကျိုးဆိုးကျိုးကို ငါးနှစ်လောက်ကြာအောင်တော့ စံစားခံစားရမယ်။ ဒုက္ခတွေ တွေ့ကြုံရရင်လည်း ခါးစည်းခံခဲ့ဖူးပြီ။

ဘယ်လိုလူက ပညာရှိတုန်း။ ဘယ်လိုများခွဲခြားပြီး သိနိုင်ပါမလဲ။ ဘယ်သူက ပိုပညာရှိလဲ။ လွယ်လွယ်လေးပါပဲ။

**ခြင်းရာလက္ခဏာသုံးရပ်**

ထိုကိုယ်စားလှယ်လောင်းပုဂ္ဂိုလ်ရဲ့ ခြင်းရာလက္ခဏာသုံးရပ်ကို အကဲခတ်ကြည့်လိုက်ပါ။

၁။ ကောင်းသော အကြံအစည်ကိုသာ စဉ်းစားတတ်ခြင်း၊ တွေးခေါ်စိတ်ကူးခြင်း။ သုစိန္တိတစိန္တီ။

၂။ ကောင်းသောစကားကိုသာ ပြောဆိုခြင်း။ သုဘာသိတဘာသီ။

၃။ သုကတ ကမ္မကာရီဆိုတဲ့ အပြစ်မရှိကောင်းသောအလုပ်ကိုသာ ပြုလုပ်လေ့ရှိခြင်းတဲ့။

ဒီလူဘယ်လိုအကြောင်းတွေ တွေးခေါ်စဉ်းစားနေသလဲ။ (သိချင်ရင်သူ့ကို မျက်နှာချင်းဆိုင် တဲ့မေးလို့ရပါတယ်။ "တိုင်းပြည်ကောင်းအောင် ခင်ဗျားစိတ်ကူးထားတဲ့ အကြံအစည်တွေက ဘာတွေလဲဗျာ။" "ဘာတွေလဲရှင်") သူ့အကြံအစည်က သုစိန္တိတ စိန္တီ ဖြစ်ပါရဲ့လား။ ချင့်ချိန်လို့ရပါတယ်။ မမှားနိုင်ပါဘူး။

ထိုလူ ထိုပုဂ္ဂိုလ်ဘာတွေပြောသလဲ။ ဘယ်လိုစကားမျိုးတွေ ပြောနေသလဲ။ ဒီမိုကရေစီခေတ်ပါ။

ပြည်သူလူထုဟာ အချို့လူတွေထင်သလောက် မအကြွပါဘူး။ ပါးစပ်ဟလိုက်တာနဲ့ ဒီလူမှာ အူဘယ်နှခွေရှိသလဲဆိုတာ ထွင်းဖောက်သိမြင်ပါတယ်။ (အွန်လိုင်းကနေ သတင်းသမား အမည်ခံပြီး ပြောဆိုနေကြသူတွေ တွေ့ရတယ်။ ပရိသတ်က ဘာဝေဖန် ထောက်ပြနေကြသလဲသိလား။ ဟော့ကို...ဘယ်သူရေ၊ ကျားသေကို အသက်သွင်းဖို့တော့ ကြံစည်ပြောဆိုမနေနဲ့။ ပါးစပ်ဟတာနဲ့ ခင်ဗျားစကားတွေ ဘယ်ရောက်နေပြီလဲ သိနေတယ်တဲ့) ကဲ.. မသိဘူးမထင်လေနဲ့။ သိနေတယ်နော်။

ကျွန်တော်တို့ ခင်ဗျားတို့အားလုံးရဲ့ကိုယ်စား ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတွေ စီမံခန့်ခွဲ၊ ရေးဆွဲ၊ ရွေးချယ်၊ ဆုံးဖြတ်မယ့် ပုဂ္ဂိုလ်လောင်း၊ ခေါင်းဆောင်ကို မဲပေးရွေးချယ်ရာမှာတော့ သေသေချာချာ ချင့်ချင့်ချိန်ချိန် သုံးသပ်ပြီးမှ ဆုံးဖြတ်သင့်ပေတယ် မဟုတ်လား။ နောက်နှစ်အတွက် ယခုနှစ်ကတည်းက လေ့လာထားကြပေတော့နော်။ ။

---

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

---

## ဟင်္သာတခရိုင်၌ (၃၄) ကြိမ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ၊ စုပေါင်းသွေးလှူဒါန်း

ဟင်္သာတ နိုဝင်ဘာ ၈

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတခရိုင်၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၄)ကြိမ်မြောက် ဌာန နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီက ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အငြိမ်းစားဝန်ထမ်းဟောင်းများကို ဂါရဝပြုကန်တော့၍ အမှတ်တရ လက်ဆောင်များ ပေးအပ်ကာ မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခတ္တာထွန်းက ဝန်ထမ်းများအား တူညီဝတ်စုံများ ပေးအပ်ထောက်ပံ့သည်။ ထို့နောက် ဗလာမပါ ကံစမ်းမဲဖောက်ပေးခြင်းနှင့် မိတ်ဆုံစားပွဲအစီအစဉ်များ ပြုလုပ်သည်။

ထို့ပြင်ဌာနနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် နိုဝင်ဘာ ၆ ရက်က ခရိုင်နှင့်မြို့နယ်ရုံးများမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများစုပေါင်း၍ သွေးလှူဒါန်းပွဲကို ဟင်္သာတခရိုင် ပြည်သူ့ဆေးရုံ သွေးလှူဘဏ်တွင် ဆောင်ရွက်ခဲ့ကြသည်။ သွေးလှူဒါန်းရာသို့ ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းဝင်း၊ မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခတ္တာထွန်းတို့က သွေးလှူဒါန်းမည့် ဝန်ထမ်းများအား သွေးပေါင်ချိန်တိုင်းတာခြင်း၊ မှတ်တမ်းရေးသွင်းခြင်းတို့ကို ကြည့်ရှုပြီး သွေးလှူရှင်များကို အားပေး စကားပြောကြားကာ အာဟာရ ဖြည့်စွက်စာများ ထောက်ပံ့ပေးသည်။



ကိုဇော်(ဟင်္သာတ)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၀၄၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၃ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၈-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၃)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၇၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၈၄,၇၉၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၃၉၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း(၆၀၆,၆၂၁)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၆၈၁၄၄၈ | ၉၇၂၅၁၅၉၂ | ၁၀၉၈၃၈၇ |
| ၂။ | အိန္ဒိယ | ၄၄၆၆၂၁၄၁ | ၄၄၁၁၇၆၁၁ | ၅၃၀၅၀၉ |
| ၃။ | ပြင်သစ် | ၃၆၉၇၁၇၂၇ | ၃၆၁၉၈၂၆၅ | ၁၅၇၄၂၉ |
| ၄။ | ဂျာမနီ | ၃၅၈၈၄၈၃၄ | ၃၄၆၃၀၇၀၀ | ၁၅၄၇၈၅ |
| ၅။ | ဘရာဇီး | ၃၄၈၉၇၅၁၀ | ၃၄၀၈၅၇၅၉ | ၆၈၈၄၄၄ |
| ၆။ | တောင်ကိုရီးယား | ၂၅၉၁၉၁၈၃ | ၂၅၂၁၄၈၆၅ | ၂၉၄၂၀ |
| ၇။ | ဗြိတိန် | ၂၃၉၃၀၀၄၁ | ၂၃၆၀၂၉၂၇ | ၁၉၄၇၀၄ |
| ၈။ | အီတလီ | ၂၃၆၄၂၀၁၁ | ၂၃၀၃၇၄၆၄ | ၁၇၉၄၃၆ |
| ၉။ | ဂျပန် | ၂၂၇၉၀၂၅၀ | ၂၀၅၂၈၁၀၉ | ၄၇၁၃၉ |
| ၁၀။ | ရုရှား | ၂၁၄၇၂၅၉၁ | ၂၀၈၆၈၄၀၀ | ၃၉၀၇၁၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၅၀၆၆၅၆ | ၁၀၆၀၅၀၀၈ | ၄၃၁၆၆ |
| ၂။ | အင်ဒိုနီးရှား | ၆၅၃၁၇၂၁ | ၆၃၃၁၉၆၀ | ၁၅၈၉၀၉ |
| ၃။ | မလေးရှား | ၄၉၂၉၉၇၂ | ၄၈၅၈၉၄၃ | ၃၆၄၉၅ |
| ၄။ | ထိုင်း | ၄၆၉၅၂၀၇ | ၄၆၄၉၅၀၉ | ၃၂၉၉၅ |
| ၅။ | ဖိလစ်ပိုင် | ၄၀၁၁၀၂၆ | ၃၉၂၉၉၈၁ | ၆၄၂၉၁ |
| ၆။ | စင်ကာပူ | ၂၁၂၅၀၀၄ | ၂၀၄၆၁၄၀ | ၁၆၉၀ |
| ၇။ | မြန်မာ | ၆၃၂၃၉၁ | ၆၀၆၆၂၁ | ၁၉၄၈၆ |
| ၈။ | ဘရူနိုင်း | ၂၄၁၀၄၄ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၂၉၅ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၉၆ | ၁၃၄၉၃၄ | ၃၀၅၆ |

# လင်းခေးမြို့နယ်၌ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေး

လင်းခေး နိုဝင်ဘာ ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက လင်းခေးမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အလုပ်ရုံ ဆွေးနွေးပွဲ၌ နေပြည်တော်တွင် သင်တန်းတက်ရောက်လာခဲ့သည့် မြို့နယ်ပညာရေးမှူး ဒေါ်နန်းထားကြည်က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ဆွေးနွေးပွဲ(သင်တန်း)မှ ရရှိလာသည့် အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်းသည်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားရာ အခြေခံပညာဦးစီးဌာန၏ စီမံ၊ ဘဏ္ဍာ၊ ပညာ၊ စီမံကိန်းစာရင်းအင်းလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက် သွားနိုင်စေရေး ထည့်သွင်း ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ရုံဆွေးနွေးပွဲသို့ လင်းခေးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ် ဆရာဆရာမများ စုစုပေါင်း ၆၂ ဦး တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၈ ရက်မှ ၉ ရက်အထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝိုးတောင်း**



# အင်းစိန်မြို့နယ်၌ အနေးယာဉ်များအား ရောင်ပြန်စတစ်ကာများ အခမဲ့တပ်ဆင်ပေး

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ အနေးယာဉ်(ဆိုက်ကား)များ အား ရောင်ပြန်စတစ်ကာများ အခမဲ့တပ်ဆင်ပေးခြင်းကို ယနေ့နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် လှိုင်မြစ်လမ်းမကြီး အင်းစိန်မြို့မဈေးကြီးရှေ့၌ တပ်ဆင်ပေးခဲ့သည်။

ထိုသို့ တပ်ဆင်ပေးရာတွင် အင်းစိန်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက လှိုင်မြစ်လမ်းမကြီးနှင့် အင်းစိန်မြို့မဈေးကြီးရှေ့တို့တွင် သွားလာနေကြသော အနေးယာဉ်(ဆိုက်ကား)များ၏ အနောက်ဘက်တွင် ရောင်ပြန်စတစ်ကာများကို အခမဲ့တပ်ဆင်ပေးခဲ့ပြီး အနေးယာဉ်(ဆိုက်ကား) မောင်းနှင်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ သွားလာနေထိုင်ရေး စသည်တို့ကို ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



အဆိုပါ ရောင်ပြန်စတစ်ကာများ တပ်ဆင်ပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို အင်းစိန်မြို့နယ်အတွင်း နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# အင်ဒိုနီးရှားနိုင်ငံ၌ ဂျီ-၂၀ ၏ ထိပ်သီးအစည်းအဝေးအတွက် လုံခြုံရေးတိုးမြှင့်ချထားမည်

**ဂျကာတာ နိုဝင်ဘာ ၈**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ နိုဝင်ဘာ ၁၅ ရက်တွင် စတင်ကျင်းပမည့် ဂျီ-၂၀ ထိပ်သီး အစည်းအဝေးအတွက် အင်ဒိုနီးရှား တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်စုစုပေါင်းအင်အား ၁၈၀၀၀ ကို လုံခြုံရေးတာဝန်ချထားမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ယခုအကြိမ်သည် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲအား ပထမဆုံးအကြိမ် သဘာပတိအဖြစ် ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ယင်းဆွေးနွေးပွဲသို့ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါတို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

နှစ်ရက်ကြာကျင်းပမည့် အဆိုပါဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားမကျင်းပမီလက်ရှိအချိန်တွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အင်ဒိုနီးရှားတပ်မတော်နှင့် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၃၇၀၀ ခန့်သည် ဆွေးနွေးပွဲကျင်းပမည့် အဆောက်အအုံတွင် ကြိုတင်ရောက်ရှိကာ အကြမ်းဖက်တိုက်ခိုက်မှုများ ကြိုတင်ကာကွယ်ရေးနှင့် အဆိုပါဆွေးနွေး ပွဲကျင်းပရာ အဆောက်အအုံသို့ ဒရုန်းယာဉ်များ မဝင်ရောက်နိုင်စေရေးအတွက် လုံခြုံရေးဆိုင်ရာ အစီအမံများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် သက်ဆိုင်ရာ နိုင်ငံ့အကြီးအကဲများ အဆိုပါဆွေးနွေးပွဲသို့ ရောက်ရှိသည့်အချိန်တွင် လေတပ်မှလည်း ကောင်းကင်မှ လုံခြုံရေးဆိုင်ရာ စောင့်ကြည့်မှုများကို ဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် အဆိုပါဆွေးနွေးပွဲ ကျင်းပနေစဉ်ကာလ အတွင်း လမ်းမများရှိယာဉ်ကြောများကို ပိတ်ဆို့ထားမည်ဖြစ်ပြီး ကျောင်းသင်ခန်းစာကိုလည်း အွန်လိုင်းမှ သင်ကြားသွားမည်ဟု သိရသည်။



အင်ဒိုနီးရှားနိုင်ငံတွင် အောက်တိုဘာလက ဘောလုံးပွဲကျင်းပစဉ် ဘောလုံးပွဲပရိတ်သတ်များ အကြား ခိုက်ရန်ဖြစ်ပွားခဲ့ရာ လူ ၁၀၀ ကျော် သေဆုံးခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# ဗင်နီဇွဲလားနှင့် ကိုလံဘီယာအကြား နှစ်နှစ်ကြာရပ်နားထားသည့် လေကြောင်းလိုင်းများ ပြန်လည်စတင်ပြေးဆွဲ

**ကာရာကက် နိုဝင်ဘာ ၈**

ဗင်နီဇွဲလားနိုင်ငံနှင့် ကိုလံဘီယာ နိုင်ငံတို့အကြား နှစ်နှစ်ကြာရပ်နားထားသည့် လေကြောင်းခရီးစဉ်များကို နိုဝင်ဘာ ၇ ရက်တွင် ပြန်လည်စတင်ပြေးဆွဲခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်း တစ်ရပ်အရ သိရသည်။




ဗင်နီဇွဲလားနိုင်ငံ၏ မြို့တော် ကာရာကက်မှ ကိုလံဘီယာနိုင်ငံ၏ မြို့တော် ဘိုဂိုတာသို့ နိုဝင်ဘာ ၇ ရက်တွင် ပြေးဆွဲခဲ့သည့် တာပီရယ်အဲလိုင်းမှ လေယာဉ်သည် ၂၀၂၀ ပြည့်နှစ်အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားပြီးနောက် နှစ်နှစ်ကြာကာလအတွင်း ပထမဆုံး ပြန်လည်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

အခြားသော လေယာဉ်တစ်စင်းကိုလည်း ဘိုဂိုတာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကာရာကက် မြို့သို့ နိုဝင်ဘာ ၉ ရက်တွင် ပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။

ဗင်နီဇွဲလားသမ္မတ နီကိုးလက်မာဒူရို အစား အတိုက်အခံခေါင်းဆောင် ဂွါအီဒိုကို ယာယီသမ္မတအဖြစ် အသိအမှတ်ပြုခဲ့သည့် အမေရိကန်၏ ဖိအားကြောင့် တောင်အမေရိက အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သည့် ဗင်နီဇွဲလားနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံတို့အကြား နိုင်ငံရေးနှင့် သံတမန်ဆက်ဆံရေးသည်လည်း ၂၀၁၉ ခုနှစ် မတ် ၂၃ ရက်တွင် ပြတ်တောက်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဩဂုတ်လအတွင်းက ကိုလံဘီယာနိုင်ငံ သမ္မတ ဂက်စတာဗိုပက်ထရိုသမ္မတတာဝန်စတင်ထမ်းဆောင်ပြီးနောက် ကိုလံဘီယာနှင့် ဗင်နီဇွဲလားနိုင်ငံအကြား သံတမန်ဆက်ဆံရေး ပြန်လည် စတင်ခဲ့ကာ နှစ်နိုင်ငံနယ်စပ်ကိုလည်း စက်တင်ဘာ ၂၆ ရက်တွင် တရားဝင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ဗင်နီဇွဲလားနိုင်ငံအရှေ့မြောက်ပိုင်း ဆူခရီပြည်နယ်၌ ရေကြီးရေလျှံမှုများဖြစ်ပွားပြီးနောက် ဒေသခံ ၁ ဒသမ ၂ သန်းခန့် လောင်စာဆီနှင့် စားနပ်ရိက္ခာများပြတ်လပ်

**ကာရာကက် နိုဝင်ဘာ ၈**

ဗင်နီဇွဲလားနိုင်ငံ အရှေ့မြောက်ပိုင်း ဆူခရီပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီးနောက် ဒေသခံ ၁ ဒသမ ၂ သန်းမှာ လောင်စာဆီနှင့်ဆေးဝါးများပြတ်လပ်မှုနှင့်ရင်ဆိုင်နေရကြောင်း နိုင်ငံပိုင် Venezolana de Television ရုပ်မြင်သံကြားဌာနက ပြောကြားသည်။

**အသုံးပြု၍မရခဲ့**

ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ဆူခရီပြည်နယ်နှင့် အနီးအနားရှိ Anzoategui ပြည်နယ်တို့ကို ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမှာ ရေကြီးရေလျှံမှုများအတွင်း အသုံးပြု၍ မရခဲ့သဖြင့် အရေးကြီးလူသုံးကုန်ပစ္စည်းများဖြစ်သည့် လောင်စာဆီနှင့် ဆေးဝါးပစ္စည်းများပို့ဆောင်၍မရခဲ့ကြောင်း ဆူခရီပြည်နယ်အုပ်ချုပ်ရေးမှူး ဂီဘာတို ပီတိုဗလန်ကိုက ပြောကြားသည်။

ဆူခရီပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် လမ်းမကြီး ၄၁ ခု ထိခိုက်ပျက်စီးခဲ့ရပြီး Anzoategui ပြည်နယ်တွင်လည်း လမ်းမကြီး ၂၈ ခု ထိခိုက်ပျက်စီးသွားခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီး ရာမွန်းဗလက်စကူအေရာဂူယန်က ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံ အရှေ့မြောက်ပိုင်းကမ်းရိုးတန်းဒေသတွင် ပြီးခဲ့သည့် သီတင်းပတ်က ရေကြီးရေလျှံမှုများနှင့်မြေပြိုမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ခုနစ်ဦးသေဆုံးပြီး အဆောက်အအုံများထိခိုက်ပျက်စီးခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၃၀၀၀၀ ကျော်ရှိလာ

**ဗီယင်ကျန်း နိုဝင်ဘာ ၈**

လာအိုနိုင်ငံ၌ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစတင်ကာ လက်ရှိအချိန်အထိ ကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူစုစုပေါင်း ၃၀၀၀၀ ကျော်ရှိလာကြောင်း လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်နှင့် ပညာပေးရေးစင်တာက ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ နိုဝင်ဘာ ၈ ရက်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၄၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူပေါင်း ၃၀၀၂၉ ဦး ရှိလာကြောင်းနှင့် သေဆုံးသူ ၂၂ ဦး ရှိကြောင်း သိရသည်။




လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူအရေအတွက် အများဆုံးဖြစ်သည့် မြို့တော်ဗီယင်ကျန်း၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၁၄၇၈၈ ဦးရှိကြောင်း၊ လောင်းနမ်တာပြည်နယ်၌ ၄၃၅၆ ဦးနှင့် အက်တာပူပြည်နယ်၌ ၁၅၇၁ ဦး ရှိကြောင်း သိရသည်။

လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနသည် ဒေသတွင်းရှိ အိမ်ထောင်စုများ အတွက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို အထိရောက်ဆုံး ထိန်းချုပ်နိုင်ရေး နည်းလမ်းငါးခုကို အကြံပြုထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

■

# ၂၀၂၂ ခုနှစ်အတွင်း ဥရောပဒေသ၌ ပူပြင်းသည့်ရာသီဥတုကြောင့် အနည်းဆုံး လူ ၁၅၀၀၀ ခန့်သေဆုံးခဲ့

**ဂျီနီဗာ နိုဝင်ဘာ ၈**

၂၀၂၂ ခုနှစ်အတွင်း ဥရောပဒေသ၌ ပူပြင်းသည့်ရာသီဥတုဒဏ်ခံစားရသဖြင့် အနည်းဆုံး လူ ၁၅၀၀၀ ခန့်သေဆုံးခဲ့ကြောင်း၊ ဥရောပဒေသအတွင်းရှိနိုင်ငံများအနက် ဂျာမနီနှင့်စပိန်နိုင်ငံတို့သည် ပူပြင်းသည့်ရာသီဥတုဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုဝင်ဘာ ၇ ရက်တွင် ပြောကြားသည်။

ဥရောပဒေသတွင် ဇွန်လမှ ဩဂုတ်လအထိသည် အပူပြင်းဆုံး ကာလများဖြစ်ပြီး ပူပြင်းခြောက်သွေ့မှုများမှတစ်ဆင့် မီးခေါင်မှုများဖြစ်လာခဲ့ကြောင်းသိရသည်။

နွေရာသီအတွင်း စပိန်တွင် လူ ၄၀၀၀၊ ပေါ်တူဂီတွင် လူ ၁၀၀၀ ကျော်၊ ဗြိတိန်တွင် လူ ၃၂၀၀ ကျော်နှင့် ဂျာမနီတွင် လူ ၄၅၀၀ ခန့်သေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဥရောပဒေသဆိုင်ရာရုံးမှ ညွှန်ကြားရေးမှူး ဟန်ကလုက ပြောကြားသည်။



ယခုနိုင်ငံများအလိုက် အပူဒဏ်ကြောင့် သေဆုံးမှုစာရင်းသည် လက်ရှိအချိန်တွင် အပူချိန်များ ထပ်မံမြင့်တက်လာမှုကြောင့် ပိုမိုတိုးလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အီဂျစ်နိုင်ငံတွင် လက်ရှိကျင်းပနေသည့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတွင်လည်း တာဝန်ရှိသူများက ကမ္ဘာကြီးပူနွေးလာမှုကို တုံ့ပြန်ဆောင်ရွက်ရေးအတွက်တောင်းဆိုခဲ့သည်။

**ကိုးကား-စီဂျီတီအင်န်**
**ဘာသာပြန်-စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်ခဲ့**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဥ့်ကူကျေးရွာနေ ထက်ထက်လင်းသည် ၎င်းအသုံးပြုသည့် “Htet Htet Lin” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မြို့သစ်ရပ်ကွက်နေ ရန်နိုင်ဝင်းသည် ၎င်းအသုံးပြုသည့် “Yan Naing Win” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



စိုင်းဆုတ်(ခ)စိုင်းကျော်နှင့် စိုင်းစိုင်း(ခ)အိုက်ကျိုင်း (ခ)စိုင်းဖွန်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူဘလောက်တုံးများနှင့်အတူ တွေ့ရစဉ်။

# တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်တုံကျေးရွာအနီး ဝမ်တုံ-မယ်ဆိုင်ရေချောင်းသွား ကားလမ်းတွင် ဝမ်တုံမှ မယ်ဆိုင်ရေချောင်းသို့ စိုင်းဆုတ်(ခ)စိုင်းကျော် မောင်းနှင်ပြီး စိုင်းစိုင်း(ခ)အိုက်ကျိုင်း(ခ)စိုင်းဖွန်း လိုက်ပါလာသည့်ဆိုင်ကယ်ကို သတင်းအရ ရှာဖွေရာ ဆိုင်ကယ်ပေါ်ရှိ စက္ကူချပ်ဖာအတွင်းမှ ဒေသကာလတန်ဖိုး ငွေကျပ် ၂၈၃၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၅၄ တုံး (အလေးချိန် ၁၈ ဒသမ ၉ ကီလို)သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဘိန်းဖြူဘလောက်တုံးများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်မှ မြန်မာ-လာအိုနယ်စပ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့နှစ်ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် ကျွန်းသစ်၊ မော်တော်ယာဉ်နှင့် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မှော်ဘီမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ်(၃၀/၁)၊ အမှတ်(၄)လမ်း၊ သစ်နှင့် သစ်တောထွက်ပစ္စည်း စစ်ဆေးရေးစခန်းတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင် သယ်ဆောင်လာသော ကျွန်းတံခါးချပ်နှင့် ကျွန်းပြတင်းတံခါးများ သုည ဒသမ ၈၀၅၈ တန် (ခန့်မှန်းတန်ဖိုးငွေ ၅၃၁၈၂၈ကျပ်)နှင့် အဆိုပါ သစ်များတင်ဆောင်လာသည့် Isuzu အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၅၅၃၁၈၂၈ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်နှစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်နှင့်ဖိနပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း တရားမဝင်ကျွန်းသစ် ၄၂ ဒသမ ၇၈၇၆ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၅၈၃၁၁၈၆ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲငါးမှု (ခန့်မှန်းတန်ဖိုးငွေ ၃၄၅၆၃၀၁၄ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မကျီးတုံကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲအား PDF များမှ Drop Bomb များဖြင့် ဖြုတ်ချဖောက်ခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တနင်္သာရီတိုင်းဒေသကြီး မြိတ်-ထားဝယ်ကားလမ်းဘေးရှိ ပုလောမြို့နယ်သို့ လျှပ်စစ်မီးပေးပို့လျက်ရှိသည့် လျှပ်စစ်ဓာတ်တိုင်များအား PDF အကြမ်းဖက်သမားများက မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလိန်အောင်၊ ကျိုက်ထို၊ မရမ်းကုန်း၊ မူဆယ်နှင့် သီပေါမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၆ ရက် ညနေ ၅ နာရီတွင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ လေ့သိုင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာအနီးရှိ မလွဲတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အောင်ဝင်း မောင်းနှင်ပြီး အိအိငြိမ်း လိုက်ပါလာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၆၅ ပြားကိုလည်းကောင်း။

ထို့အတူ နိုဝင်ဘာ ၅ ရက် ညနေ ၇ နာရီခွဲတွင် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအုပ်စု မရမ်းချောင်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ခန့်ထက်အောင်(ခ)မိုးကို မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း။

အလားတူ နိုဝင်ဘာ ၆ ရက် မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် တော်ဝင်လမ်းပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသူ ဦးဦးသန်းနှင့် ကျော်သိန်းထွန်းတို့နှစ်ဦးအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀၀ ကိုလည်းကောင်း။

**သိမ်းဆည်းရမိ**

နိုဝင်ဘာ ၅ ရက် ည ၉ နာရီတွင် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် ဟိုနားနယ်မြေ မြို့ရှောင်လမ်းတွင် စိုင်းဆိုင်လှိုင်း(ခ)အားဝေ မောင်းနှင်ပြီး နော်ဒင်၊ မျိုးဒန်အောင် လိုက်ပါလာသည့်ယာဉ်နှင့် စိုင်းကျော်ဦး မောင်းနှင်ပြီး စိုင်းအိုက်လူး လိုက်ပါလာသည့်ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ကက်တမင်းတစ်ကီလို၊ Glock အမျိုးအစား 9MM ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ကိုးတောင့်၊ M22 Type 81 သေနတ်နှစ်လက်၊ ၎င်းကျည်အိမ်ခြောက်ခု၊ ၎င်းကျည်အတောင့် ၁၂၀ နှင့် လက်ပစ်ဗုံးနှစ်လုံးတို့ကို လည်းကောင်း။

နိုဝင်ဘာ ၆ ရက် နံနက် ၆ နာရီပိုင်းတွင် သီပေါမြို့နယ် ပန်မိတ်ကျေးရွာအုပ်စု ပန်ညုကျေးရွာအနီး သီပေါ-မန္တလေးသွားကားလမ်းမပေါ်တွင် စိုင်းအိုက်လူ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# လောက်ကိုင်မြို့၌ တည်ထားကိုးကွယ်သည့် ရွှေတိဂုံပုံတူစေတီတော်၊ သဗ္ဗညုပုံတူပုထိုးတော်ကြီးနှင့် ဓမ္မရုံကြီးပုံတူပုထိုးတော်ကြီးတို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနား ကျင်းပ



**လောက်ကိုင် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ အမှတ် (၁) ရပ်ကွက် တုံချိန်ရေကန် ကမ်းခြေ သီတဂုပုနကျွန်းဆွယ် လောကနန္ဒာ ဆိပ်ကမ်းတွင် တည်ထားကိုးကွယ်သည့် လေးဆူဓာတ်ပုံ ရွှေတိဂုံပုံတူစေတီတော်၊ သဗ္ဗညုပုံတူ ပုထိုးတော်ကြီးနှင့် ဓမ္မရုံကြီးပုံတူ ပုထိုးတော်ကြီးတို့အား မင်္ဂလာဥပနာသွင်း၊ မင်္ဂလာရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စုပေါင်းမြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် လောက်ကိုင်မြို့ မန်ချူးတပ်ဦးကျောင်းတိုက် ဦးစီးပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လမဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ဖူလီလိုက် ကုမ္ပဏီအုပ်စု အလှူ့ဒါယကာအဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးလီကျိန်းချန်(ခ) ဦးလျိုအားပေါက်က သာသနာရေးဆိုင်ရာ လျှောက်ထားလွှာအား ဖတ်ကြားလျှောက်ထားခြင်း၊ လေးဆူဓာတ်ပုံရွှေတိဂုံပုံတူစေတီတော်၊ သဗ္ဗညုပုံတူပုထိုးတော်ကြီးနှင့် ဓမ္မရုံကြီး ပုံတူပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် ဥပနာတော်သွင်း ရတနာများအား ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံသို့ အလှူ့ဒါယကာမိသားစုက ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ဘုရားဒါယကာများနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းတို့က ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့နှင့် ဥပနာတော်သွင်း ရတနာများအား စေတီတော်များရှိရာသို့ ပင့်ဆောင်ပြီး စေတီတော်သုံးဆူအားခြင်္ငုံကာ လက်ယာရစ်သုံးပတ်ပတ်၍ပူဇော်ခြင်း၊ စေတီတော်များအလိုက် စေတီတော်ခြေရင်းတို့တွင် သက်ဆိုင်ရာထီးတော်များ၊ ငှက်မြတ်နားတော်များ၊ စိန်ဖူးတော်များအား နေရာချထားခြင်း၊ စေတီတော်အလိုက် ဥပနာတော်သွင်းရတနာများအား ပင့်ဆောင်၍ ဥပနာတော်များ သွင်းလှူဒါန်းခဲ့သည်။ ထို့နောက် လေးဆူဓာတ်ပုံ ရွှေတိဂုံပုံတူစေတီတော်၊ သဗ္ဗညုပုံတူ ပုထိုးတော်ကြီးနှင့် ဓမ္မရုံကြီးပုံတူ ပုထိုးတော်ကြီးတို့အား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကို တင်လှူပူဇော်ခဲ့ပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များက ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဒေသ ကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) ဒေသကွပ်ကဲရေးမှူး ဗိုလ်ချုပ်ဇော်မင်းနှင့် တပ်ရင်းတပ်ဖွဲ့ဝင်များ၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း၊ ဒေသ/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **လောက်ကိုင်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ် မင်းဓမ္မလမ်း မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ရင်ပြင်တော်ပေါ်၌ တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)၊ နိုဝင်ဘာ ၇ ရက် ညပိုင်းက ဆီမီး ၅၀၀၀၊ ပန်း ၅၀၀၀ ကပ်လှူပူဇော်ထားသည်ကို တွေ့ရစဉ်။ မြင့်ဦး



# တီးတိန်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၄၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်း

**တီးတိန် နိုဝင်ဘာ ၈**

ချင်းပြည်နယ် တီးတိန်မြို့၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ခြင်းအခမ်းအနားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၇ နာရီက ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းရာ၌ တီးတိန်မြို့ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်းဆရာတော် ဘဒ္ဒန္တပုညာနန္ဒထံမှ ငါးပါးသီလခံယူကြသည်။ ထို့နောက် သံဃာတော်အရှင်မြတ်များ ဟောကြားသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး တီးတိန်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်ဘဒ္ဒန္တပုညာနန္ဒက လှူဒါန်းမှုအစုစုတို့အား အနုမောဒနာတရား ဟောကြားချီးမြှင့်၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကွမ်းလုံမြို့နယ် အမှတ်(၂)အခြေခံပညာမူလွန်ကျောင်း၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကွမ်းလုံ နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲကို အမှတ်(၂)အခြေခံပညာမူလွန်ကျောင်း၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

**ဟောပြော**

အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အိဇာချိုက အနာဂတ်တွင် ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရန်၊ နိုင်ငံတော်၏သမိုင်းကြောင်းများ သိရှိနားလည်ပြီး အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်၍ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ အမျိုးသားရေးအကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်နိုင်မည့် မျိုးချစ်စိတ်ဓာတ်များ အစဉ်ထာဝရ ကိန်းအောင်းကြစေရန် ရည်ရွယ်၍ (၁၀၂)နှစ်မြောက် အမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုတများတိုးပွားစေရန် ရည်ရွယ်၍ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးအန္တရာယ် နံရံကပ်စာစောင် ပြသခြင်းနှင့် နယ်လှည့်စာအုပ်၊ စာစောင် ငှားရမ်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန် /ဆက်)**

■

# ကျုံပျော်၌ နေကြာသီးထပ်၊ သီးညှပ် စိုက်ပျိုးမှုများအား ကွင်းဆင်းကြည့်ရှု



**ကျုံပျော် နိုဝင်ဘာ ၈**

ပြည်တွင်း စားသုံးဆီဖူလုံရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သောစားသုံးဆီများ ရရှိရေးအတွက် ဆီထွက်နေကြာသီးနှံများကို စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးမှုစနစ်တကျရှိစေရေးအတွက် သီးထပ်၊ သီးညှပ် စိုက်ပျိုးမှုများအား ကွင်းဆင်းကြည့်ရှုအားပေးခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ယနေ့နံနက်က လိုက်လံဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် အထောက်မြို့ အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ လက်ထောက်ဦးစီးမှူးနှင့် ကျေးရွာတာဝန်ရှိသူများက ကွင်းကြီးကျေးရွာရှိ တောင်သူ ဦးစံရီပိုင် တာကောက်ကွင်း၊ ကွင်းအမှတ် ၁၀၃၂ A လယ်မြေတစ်ဧကအတွင်း ရေဆင်း-၁ စပ်မျိုးနေကြာ သီးညှပ် စိုက်ပျိုးနေမှုနှင့် တောင်သူ ဦးမောင်မောင်ဦး၏ လယ်မြေတစ်ဧကအတွင်း ရေဆင်း - ၁ စပ်မျိုး နေကြာသီးနှံ သီးသန့်စိုက်ပျိုးနေမှုတို့အား ကွင်းဆင်းကြည့်ရှုအားပေးပြီး စနစ်တကျ စိုက်ပျိုးဆောင်ရွက်နိုင်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လျာထားဆောင်ရွက်**

ကျုံပျော်မြို့နယ်တွင် နေကြာစိုက်ပျိုးရန် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၂ ခုရှိပြီး သီးသန့် (သီးထပ်) ဧက ၈၃၃၀ နှင့် သီးညှပ် ၂၇၇၆ ဧက စုစုပေါင်း ၁၁၁၀၆ ဧက လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လပြည့်ဦး(ပြန်/ဆက်)**

■

# တန်ဆောင်မုန်းလပြည့်နေ့၌ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးဧည့်သည်ဦးရေ တစ်သိန်းကျော် ဝင်ရောက်ဖူးမြော်



ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး သိင်္ဂုတ္တရကုန်းတော်၌ တည်ထားတော်မူသည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်သို့ ပြည်တွင်း၊ ပြည်ပမှဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်လျက်ရှိရာ တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၇ ရက်က ဘုရားဖူးဧည့်သည်စုစုပေါင်း ၁၁၆၅၆၆ ဦး ဝင်ရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူခဲ့ကြကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ယခု ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၆ ရက်အထိ ဝင်ရောက်ဖူးမြော်ကြသော ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးဧည့်သည် စုစုပေါင်း ၂၁၁၁၂၉ ဦး ဝင်ရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၇ ရက်တွင် ဝင်ရောက်ဖူးမြော်ကြသော ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးဧည့်သည် စုစုပေါင်း ၁၁၆၅၆၆ ဦး ဖူးမြော်ကြည်ညိုကြရာ နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးဧည့်သည် စုစုပေါင်း ၃၂၇၆၉၅ ဦး ဝင်ရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

ယခုအခါ လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသော ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးဧည့်သည် အနည်းငယ်ပိုမိုများပြားလာခဲ့ရာ နေ့စဉ်လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူကြသော ဘုရားဖူးဧည့်သည်ဦးရေမှာ တစ်ရက်လျှင် ၂၀၀၀၀ ကျော်ထိ ဝင်ရောက်ဖူးမြော်လျက်ရှိကြသည်။ အစိုးရရုံးပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင်လည်း ဘုရားဖူးဧည့်သည် ၃၀၀၀၀ နှင့် ၅၀၀၀၀ ဝန်းကျင်ကြား လာရောက်ဖူးမြော် ကြည်ညိုကုသိုလ်ယူကြကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းထံမှ သိရသည်။

သတင်း-ပွင့်သစ္စာ
ဓာတ်ပုံ-စိုးမြင့်အောင်

# ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီး နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်တိုင် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၏ ရိုးရာအစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်တိုင် ဆွမ်းဆန်တော် လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက AMAZING HOTEL ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကျိုင်းတုံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၀၅ ကျောင်းမှ သံဃာတော် ၂၁၄ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင် ၁၅ ပါးတို့အား ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဝေါမြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

ဝေါ နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်နေ့တွင် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ဇီဝိတဒါနငါးလွှတ်ပွဲကို နိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီက အဆိုပါ တူးမြောင်းနေရာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တက်ရောက်လာကြသော မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀ ကို ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ဇီဝိတဒါနငါးမျိုး စိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၅ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၆၅ | ၂၁၅၀ | ၂၁၂၅ | ၂၂၂၀ | ၂၂၃၅ | ၂၁၃၅ | ၂၁၄၀ | ၂၁၇၅ | ၂၁၈၀ | ၂၁၈၀ | ၂၄၀၀ | ၂၉၂၀ |
| 95 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၀ | ၂၃၃၅ | ၂၃၅၀ | ၂၂၅၀ | ၂၂၆၅ | ၂၂၉၀ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၄၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၀ | ၂၆၈၅ | ၂၇၁၀ | ၂၇၀၅ | ၂၆၇၅ | ၂၇၉၀ | ၂၇၈၅ | ၂၆၈၀ | ၂၆၉၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၂၅ | ၂၉၄၅ | ၃၆၄၅ |
| HSD (50 ppm) | ၂၇၁၅ | ၂၇၆၀ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၀ | ၂၇၈၅ | ၂၇၈၀ | ၂၇၄၅ | ၂၈၆၀ | ၂၈၅၅ | ၂၇၅၅ | ၂၇၆၅ | ၂၇၉၅ | ၂၈၀၀ | ၂၈၀၀ | ၃၀၂၀ | ၃၆၇၅ |
| HSD (10 ppm) | ၂၇၁၅ | ၂၇၆၀ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၀ | ၂၇၈၅ | ၂၇၈၀ | ၂၇၄၅ | ၂၈၆၀ | ၂၈၅၅ | ၂၇၅၅ | ၂၇၆၅ | ၂၇၉၅ | ၂၈၀၀ | ၂၈၀၀ | ၃၀၂၀ | ၃၆၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၄ | ၂၀၆၈ |
| 95 Ron | ၂၁၀၆ | ၂၁၈၂ |
| HSD (500 ppm) | ၂၅၂၅ | ၂၆၀၅ |
| HSD (50 ppm) | ၂၅၉၆ | ၂၆၇၈ |
| HSD (10 ppm) | ၂၅၉၆ | ၂၆၇၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆


၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကမ္ဘာ့အဆုတ်ရောင်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# အသက်ရှူတိုင်းမှာသတိရှိပါ ကမ္ဘာ့အဆုတ်ရောင်ရောဂါ

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇ **ပေါက်ပေါက်** ◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇




နိုဝင်ဘာလ ၁၂ ရက်နေ့သည် " ကမ္ဘာ့အဆုတ်ရောင်ရောဂါ တိုက်ဖျက်ရေးနေ့ World Pneumonia Day" ဖြစ်ပြီး ကမ္ဘာတစ်ဝန်း၌ ၂၀၀၉ ခုနှစ်ကတည်းက စတင်ကျင်းပလာခဲ့ပါသည်။ အသက်ငါးနှစ်အောက်ကလေးငယ်များ၏ ထိပ်တန်းကူးစက်ရောဂါဖြစ်သည့် အဆုတ်ရောင်ရောဂါအကြောင်း အသိပညာပေးကာ ဤအသက်အန္တရာယ်ကို စိန်ခေါ်နေသောရောဂါကို ကာကွယ်ရန်နှင့် ထိရောက်စွာကုသရန် ကမ္ဘာလုံးဆိုင်ရာလုပ်ဆောင်ချက်အဖြစ် World Pneumonia Day ကို သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ကလေးဘဝတွင် အဆုတ်အအေးမိခြင်းကြောင့် အဆုတ်ရောင်ရောဂါကို ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် ကာကွယ်ထားနိုင်သော်လည်း ကျန်းမာရေးအသိပညာအားနည်းမှုကြောင့် အဖိတ်အစဉ်များကြုံရသည်။ မှတ်တမ်းများအရ ၃၉ စက္ကန့်လျှင် ကလေးတစ်ဦးကျ သေဆုံးနေကြောင်းနှင့် နေ့စဉ်နေ့တိုင်း အသက်ငါးနှစ်အောက်ကလေး ၂၂၀၀ နီးပါးမှာ အဆုတ်ရောင်ရောဂါကြောင့် အသက်ဆုံးရှုံးရကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

**အဆုတ်ရောင်ရောဂါအတွက် UNICEF သတိပေးချက်**

လူသားတို့၏ ဇီဝိန်ကို ခြွေနေသော အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ UNICEF က အောက်ပါသတင်းအချက်အလက်တချို့ကို သတိပေးထုတ်ပြန်ထားကြောင်း လေ့လာဖတ်ရှုရပါသည်။

အဆုတ်ရောင်ရောဂါသည် ကလေးသူငယ်များနှင့် အသက်ကြီးရင့်သူများအတွက် တစ်ခုတည်းသော အကြီးမားဆုံးကူးစက်ရောဂါဖြစ်ပြီး ကိုဗစ်ကမ္ဘာ့ကပ်ရောဂါမတိုင်ခင် ၂၀၁၉ ခုနှစ်တွင် ကလေး ၆၇၂၀၀၀ ဦး အပါအဝင် စုစုပေါင်းလူဦးရေ ၂ ဒသမ ၅ သန်းတို့၏ အသက်ကို ဆုံးရှုံးစေခဲ့သည်။ လေထုညစ်ညမ်းမှုသည် အသက်အရွယ်အုပ်စုအားလုံးတွင် သေဆုံးခြင်းအတွက် အဓိကအန္တရာယ်ဖြစ်သည်။

အဆုတ်ရောင်ရောဂါကြောင့် သေဆုံးမှုအားလုံး၏ သုံးပုံ၊ တစ်ပုံနီးပါးသည် ညစ်ညမ်းသောလေကြောင့်ဖြစ်ပြီး ချက်ပြုတ်ခြင်း၊ အပူပေးခြင်းနှင့် မီးထွန်းခြင်းအတွက် ညစ်ညမ်းသောလောင်စာများနှင့် နည်းပညာများကို ပုံမှန်အသုံးပြုသောအိမ်များတွင် ကလေးများသည် အိမ်တွင်းလေထုညစ်ညမ်းမှုကို ပိုမိုခံရနိုင်ခြေရှိသည်။ ပြင်ပလေထုညစ်ညမ်းမှု အထူးသဖြင့် စက်မှုလုပ်ငန်းမှထုတ်လွှတ်သော လေထုညစ်ညမ်းမှုနှင့် ကားအိတ်ဇောမီးခိုးများက ကိုယ်ခံအားနည်းသော ကလေးသူငယ်များနှင့် သက်ကြီးပိုင်းများ၏ အသက်ရှူလမ်းကြောင်းဆိုင်ရာကျန်းမာရေးကို ထိခိုက်စေသည်။

လေထုညစ်ညမ်းမှုနှင့် ဆက်နွှယ်သော သေဆုံးမှု၏ ၉၀ ရာခိုင်နှုန်းသည် ဝင်ငွေနည်းပြီး အလယ်အလတ်ရှိသော နိုင်ငံ ၄၀ တွင် တွေ့ရသည်။ အာဖရိကနိုင်ငံအများအပြားတွင် လေထုညစ်ညမ်းမှုသည် အဆုတ်ရောင်ရောဂါကြောင့် သေဆုံးမှုအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်ကို ဖြစ်ပေါ်စေသည်။ ယခုအခါ အာဖရိကတွင် အိမ်တွင်းလေထုညစ်ညမ်းမှုကြောင့် အဆုတ်ရောင်ရောဂါဖြင့် သေဆုံးမှုများ လျော့နည်းလာသော်လည်း ပြင်ပလေထုညစ်ညမ်းမှုကြောင့် ၎င်းတို့သည် ဝမ်းနည်းစရာအဖြစ်များနှင့် တွေ့ကြုံနေကြရသည်။ အာရှတိုက်တွင်လည်း ထိုအဖြစ်မျိုး တွေ့ရသည်။ ထို့ကြောင့် သန့်ရှင်းသောလေထုကို လုပ်ဆောင်ရန် လိုအပ်သည်။ လေထုညစ်ညမ်းမှုကို လျှော့ချခြင်းသည် ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် ကမ္ဘာ့စီးပွားရေးအတွက် သိသာထင်ရှားသော အကျိုးကျေးဇူးများ ပေးဆောင်မည်ဖြစ်သည်။ ယခုနှစ်အတွက် ကျန်းမာရေးဆောင်ပုဒ်မှာ Stop Pneumonia / Every Breath Counts ဖြစ်သည်။ ကမ္ဘာ့အဆုတ်ရောင်ရောဂါနေ့တွင် Every Breath Counts သည် လေထုညစ်ညမ်းမှုနှင့် ဆက်နွှယ်သော အဆုတ်ရောင်ရောဂါကြောင့် သေဆုံးမှုများကို လျှော့ချရန် ဘက်ပေါင်းစုံမှ ကဏ္ဍစုံလုပ်ဆောင်ကြရန် UNICEF က ကမ္ဘာ့နိုင်ငံများကို တောင်းဆိုထားသည်။

**အရေးပါသော အဆုတ်**

နှာခေါင်းမှ ရှူသွင်း၍ဝင်လာသော အောက်ဆီဂျင်ကို အဆုတ်တစ်စုံက လက်ခံပေးပြီးနောက် ခန္ဓာကိုယ်တွင်း အင်္ဂါအစိတ်အပိုင်းများအားလုံးသို့ ဖြန့်ဝေပေးသောတာဝန်ကို ၂၄ နာရီပတ်လုံး လုပ်ဆောင်ပေးသည်။ ထို့ကြောင့် အဆုတ်တစ်စုံသည် အသက်ရှူလမ်းကြောင်းစနစ်၏ အရေးကြီးဆုံးအစိတ်အပိုင်းဖြစ်သလို ခန္ဓာကိုယ်ကြီးတစ်ခုလုံးအတွက် မရှိမဖြစ်အင်္ဂါ (ကလီစာ) လည်းဖြစ်သည်။ သက်ရှိလူသားတစ်ယောက်သည် ရက်သတ္တပတ်အတန်ကြာအစာမစားဘဲ၊ ရက်အနည်းငယ်ကြာရေမသောက်ဘဲ အသက်ရှင်နေနိုင်သော်လည်း အောက်ဆီဂျင်ပြတ်လပ်သွားပါက အသက်ဆုံးရှုံးစေမည်ဖြစ်သည်။ ကျန်းမာသောလူတစ်ဦးသည် တစ်နေ့လျှင် အကြိမ် ၂၅၀၀၀ နီးပါးခန့် အသက်ရှူလေ့ရှိသည်။

**အဆုတ်ရောင်ရောဂါ**

လေထုထဲရှိ ဗက်တီးရီးယားများ၊ ဗိုင်းရပ်စ်ပိုးများနှင့် မသန့်ရှင်းသောလေတို့သည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်တွင်းသို့ဝင်ရောက်ခြင်းကြောင့် အဆုတ်တွင်းရှိ လေအိတ်များရောင်ရမ်းခြင်းကို အဆုတ်ရောင်ရောဂါ (နမိုးနီးယား) ဟုခေါ်သည်။ ထိုအခါ အဆုတ်ထဲတွင် သေးငယ်သော လေအိတ်များထဲ၌ အရည် (သို့မဟုတ်) ပြည်များပြည့်နှက်လာပြီး ဖျားခြင်း၊ ချမ်းတုန်ခြင်း၊ အသက်ရှူရခက်ခဲခြင်းတို့ကိုခံစားရသည်။ ထို့ပြင် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ပြင်ပညစ်ညမ်းအရာဝတ္ထုများ အဆုတ်တွင်းသို့ ဝင်ရောက်မှုကြောင့်လည်း အဆုတ်ရောင်ရောဂါဖြစ်ပွားနိုင်သည်။ ဥပမာ စားလိုက်သောအစားအစာများ၊ အရည်များနှင့် အန်ဖတ်များက အဆုတ်ထဲသို့ မတော်တဆရောက်ရှိလာခြင်းကြောင့် အဆုတ်ရောင်ရောဂါကို ဖြစ်စေသည်။ ထိုပြဿနာမျိုးအတွက် ထမင်းနှင့် အရည်များ စားသောက်စဉ် မသီးမိအောင် အထူးသတိထားဖို့ လိုပါသည်။

**အဆုတ်ရောင်ရောဂါ ဖြစ်ပွားနိုင်သူများ**

အသက် ငါးနှစ်အောက်ကလေးများ၊ အသက် (၆၅) နှစ်အထက် လူကြီးများ၊ ပန်းနာရင်ကျပ်ရောဂါ၊ နှလုံးရောဂါ၊ နာတာရှည်အသက်ရှူလမ်းကြောင်းပိတ်ဆို့ရောဂါရှိသူများ၊ ခုခံအားနည်းသူများ၊ ဆေးလိပ်သောက်သူများ၊ အစာစားနေချိန် မကြာခဏသီးတတ်သူများတွင် အဆုတ်ရောင်ရောဂါဖြစ်ပွားနိုင်ခြေ အလားအလာများပြားနိုင်ပါသည်။

> **အဆုတ်ရောင်ရောဂါကြောင့် သေဆုံးမှုအားလုံး၏ သုံးပုံ၊ တစ်ပုံနီးပါးသည် ညစ်ညမ်းသောလေကြောင့်ဖြစ်ပြီး ချက်ပြုတ်ခြင်း၊ အပူပေးခြင်းနှင့် မီးထွန်းခြင်းအတွက် ညစ်ညမ်းသောလောင်စာများနှင့် နည်းပညာများကို ပုံမှန်အသုံးပြုသော အိမ်များတွင် ကလေးများသည် အိမ်တွင်းလေထုညစ်ညမ်းမှုကို ပိုမိုခံရနိုင်ခြေရှိသည်။ ပြင်ပလေထုညစ်ညမ်းမှု အထူးသဖြင့် စက်မှုလုပ်ငန်းမှ ထုတ်လွှတ်သော လေထုညစ်ညမ်းမှုနှင့် ကားအိတ်ဇောမီးခိုးများက ကိုယ်ခံအားနည်းသော ကလေးသူငယ်များနှင့် သက်ကြီးပိုင်းများ၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးကိုထိခိုက်**

**အဆုတ်ရောင်ရောဂါ လက္ခဏာများ**

ရှေ့ပြေးအဆုတ်ရောင်ရောဂါအဖြစ် အဖြစ်များသောလက္ခဏာများမှာ အဖျားဝင်ခြင်း၊ ချမ်းတုန်ခြင်းတို့ကိုခံစားရသည်။ အထူးသဖြင့် ခုခံအားစနစ်အားနည်းသော ကလေးသူငယ်များနှင့် သက်ကြီးပိုင်းများတွင် သာမန်ကိုယ်အပူချိန်ထက် လျော့နည်းခြင်း၊ ချောင်းဆိုးချွဲထခြင်း၊ အသက်ရှူစဉ် (သို့မဟုတ်) ချောင်းဆိုးစဉ် ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ နုံးချည့်ခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ ပျို့အန်ခြင်း၊ ခေါင်းကိုက်ခြင်း စသည်တို့ကို ခံစားရသည်။

**ကာကွယ်နည်းများ**

(က) လေမှတစ်ဆင့် ကူးစက်ပြီး ပြင်းထန်သော အဆုတ်ရောင်ရောဂါအတွက် ကာကွယ်ရန် လေထုညစ်ညမ်းမှုမဖြစ်အောင် အိမ်တွင်း၊ အိပ်ခန်းတွင်း ဆေးလိပ်မသောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ တစ်ဆင့်ခံ ဆေးလိပ်မီးခိုးငွေ့ကို ရှောင်ခြင်း၊ (ခ) ထင်းမီးခိုးငွေ့၊ အမွှေးတိုင်၊ ခြင်ဆေးခွေမီးခိုးငွေ့များကို ရှောင်ကြဉ်ခြင်း၊ (ဂ) လိုအပ်ပါက အအေးမိရောဂါကာကွယ်ဆေးနှစ်စဉ်ထိုးနှံခြင်း၊ (ဃ) အဆုတ်ရောင်နမိုးနီးယားကာကွယ်ဆေးထိုးနှံခြင်း၊ (င) ကလေးများကို ကာကွယ်ဆေး အပြည့်အဝထိုးနှံပေးထားပေးခြင်း၊ (စ) လက်ကို အမြဲသန့်ရှင်းအောင်ထားခြင်း၊ (ဆ) ကျန်းမာရေးနှင့် ညီညွတ်သော လေ့ကျင့်ခန်းလုပ်ခြင်း၊ (ဇ) အိပ်ရေးဝဝ အိပ်စက်ခြင်း၊ (ဈ) အအေးမိနေချိန် အပြည့်အဝအနားယူခြင်း၊ (ည) လူဦးရေထူထပ်သော နေရာများသို့ သွားလာခြင်းမပြုခြင်း၊ (ဋ) မဖြစ်မနေသွားရပါက Mask (နှာခေါင်းစည်း) တပ်ပြီးမှ သွားလာခြင်း၊ (ဌ) ပဋိဇီဝဆေးများကို ဆရာဝန်ညွှန်ကြားချက်အတိုင်း တိတိကျကျသောက်ခြင်းတို့ဖြစ်ပါသည်။

**အဆုတ်ရောင်ခြင်းအတွက် ဓာတ်စာများ**

(က) လိမ္မော်သီးထဲတွင်ပါရှိသော ဗီတာမင်ဒီဓာတ်ပေါင်းစုများက အရောင်ကျစေသော အာနိသင်ရှိ၍ ပန်းနာရင်ကျပ်၊ တီဘီအဆုတ်နာ၊ ချောင်းခြောက်၊ အဆုတ်ရောင်၊ လေပြွန်ရောင်၊ အစာမျိုပြွန်ခံတွင်း၊ လည်ချောင်းနာခြင်း စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို ပျောက်ကင်းစေပါသည် (ပျားလိမ္မော်ကဲ့သို့ ချိုသောလိမ္မော်သီးမဟုတ်ပါ) (ခ) သံပုရာသီး၊ ရှောက်သီး၊ ကီဝီသီး စသည့် အချဉ်ဓာတ်အရသာရှိသောသစ်သီးများက အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ကို သန့်ရှင်းကျန်းမာစေသည်။ (ဂ) အာဟာရပြည့်ဝစွာ စားသုံးပါ။ (ဃ) ကြက်သွန်နီ၊ ငရုတ်သီး စသည့်ဟင်းခတ်အမွှေးအကြိုင်များ စားသုံးပါ။ (င) ရေများများသောက်ပါ။ (စ) ရောင်စုံသစ်သီးများနှင့် ကောက်နှံများစားပေးပါ။ (ဆ) ကြက်သားကို ချင်း၊ ကြက်သွန်ဖြူ၊ ငရုတ်ကောင်းထည့်ချက်၍ စွပ်ပြုတ်သောက်ပါ။ (ဇ) ဗီတာမင်အေ ပြည့်ဝသောအစားအစာများဖြစ်ကြသည့် လိမ္မော်သီး၊ ကန်စွန်းဥအဝါရောင်၊ မုန်လာဥနီ၊ တရုတ်ဆီးသီးခြောက်၊ သခွားမွှေးသီး၊ သင်္ဘောသီး၊ မက်မွန်သီး၊ သရက်သီးမှည့်၊ ခရမ်းချဉ်သီး၊ ပန်းငရုတ်ပွ(အချို)၊ ကိုက်လန်၊ ဆလတ်ရွက်၊ ဟင်းနုနယ်ရွက်၊ မုန်ညင်းစိမ်း၊ ပင်စိမ်းရွက်၊ ဗိုစားပဲသီး၊ ပင်လယ်ငါး၊ နွားနို့၊ ငါးကြီးဆီ၊ ကြက်အသည်း (အထူးသဖြင့် ကြက်ဆင်အသည်း)၊ အမဲအသည်း၊ ကွေကာအုတ်အကြမ်းတို့ကို စားသုံးပါ။

စာမျက်နှာ ၁၈ သို့ ✯

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

# ၂၀၂၂ ခုနှစ် အာဆီယံ-တရုတ်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဗီဒီယိုဇာတ်လမ်းတိုပြိုင်ပွဲတွင် MITV မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆု(Gold Medal) ရရှိ


**နေပြည်တော် နိုဝင်ဘာ ၈**

တတိယအကြိမ် အာဆီယံ-တရုတ် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဗီဒီယိုဇာတ်လမ်းတိုပြိုင်ပွဲ(3rd ASEAN-China Friendship and Cooperation Short Video Contest)သို့ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ MITV မှ မြန်မာနိုင်ငံကိုယ်စားပြု၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ သဗ္ဗညုဘုရားကြီးအား တရုတ်နိုင်ငံ အထောက်အပံ့ဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေပုံအကြောင်း ၅ မိနစ်ကြာ အစီအစဉ်အား ပေးပို့ယှဉ်ပြိုင်ခဲ့ရာ ပထမဆု(Gold Medal)အဖြစ် ရွေးချယ်ခဲ့ပါသည်။

အဆိုပါ ဗီဒီယိုဇာတ်လမ်းတိုပြိုင်ပွဲအား အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အထောက်အကူဖြစ်စေရန်အတွက် တရုတ်နိုင်ငံက ၂၀၂၀ ပြည့်နှစ်မှ စတင်၍ နှစ်စဉ်ဖိတ်ခေါ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အာဆီယံဆိုင်ရာ တရုတ်မစ်ရှင်အဖွဲ့(China's Mission to ASEAN)၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းမစ်ရှင်အဖွဲ့(Permanent Mission of Myanmar to ASEAN)၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံး(ASEAN Secretariat)၊ ဝူရှီးမြို့နီစပယ်အုပ်ချုပ်ရေးအဖွဲ့ (Wuxi municipal government)နှင့် အခြားအစိုးရဌာနနှင့် အဖွဲ့အစည်းများ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ဒိုင်အဖွဲ့ဝင် ၁၀ ဦးက ကြည့်ရှုအကဲဖြတ်၍ မြန်မာနိုင်ငံက Gold Medal၊ လာအို-တရုတ်တို့ ပူးပေါင်းရိုက်ကူးသည့် ပြိုင်ပွဲဝင်ဗီဒီယိုများက Silver Medal နှစ်ဆု၊ မလေးရှားနိုင်ငံနှင့် စင်ကာပူ-တရုတ်တို့ ပူးပေါင်းရိုက်ကူးသည့် ပြိုင်ပွဲဝင်ဗီဒီယိုနှင့် ကမ္ဘောဒီးယား-တရုတ် ပူးပေါင်းရိုက်ကူးသည့် ပြိုင်ပွဲဝင်ဗီဒီယိုများက Bronze Medal သုံးဆုနှင့် Excellence Award ၁၅ ခုတို့ကို ရွေးချယ်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၆ ရက်နေ့ ပီကင်းစံတော်ချိန် ညနေ ၃ နာရီ တွင် Online မှ ကျင်းပမည်ဖြစ်သည်။ MITV အနေဖြင့် ယမန်နှစ်ကလည်း အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Excellence Award (နှစ်သိမ့်ဆု) ရရှိခဲ့သည်။

အဆိုပါ (Gold Medal)ဆုရ ဗီဒီယိုဇာတ်လမ်းတိုမှာ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ပုဂံငလျင်ကြောင့် ထိခိုက်ခဲ့ရသည့် သဗ္ဗညုဘုရားကြီးအား တရုတ်နိုင်ငံအစိုးရ အထောက်အပံ့ဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေပုံအကြောင်းဖြစ်ပြီး Category-Friendly Neighbors (Section A): Millennia "Pauk-Phaw" Friendship ခေါင်းစဉ်အောက်တွင် လည်းကောင်း၊ ရွှေစည်းခုံစေတီတော်ရှိ ချူအင်လိုင်း တန်ဆောင်းအကြောင်း စက္ကန့် ၃၀ ကြာ ဇာတ်လမ်းတိုကိုလည်း Category-Friendly Neighbors (Section B): Millennia "Pauk-Phaw" Friendship ခေါင်းစဉ်အောက်တွင် လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ရာ ယင်းအစီအစဉ် နှစ်ခုသည် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်သည့် ကဏ္ဍများ၌ နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖော်ဆောင်မြှင့်တင်ပေးသည့် အစီအစဉ်များဖြစ်သည့်အပြင် ASEAN အဖွဲ့ဝင်နိုင်ငံများအကြား နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများ ပိုမိုတိုးပွားလာနိုင်ပြီး ငြိမ်းချမ်းသော၊ ကြွယ်ဝချမ်းသာသော၊ တည်တံ့ခိုင်မြဲသော ASEAN လူမှုအသိုက်အဝန်း ထူထောင်မှု "A Community of Peace, Prosperity and Sustainability" ကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၈**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်သည် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ တစ်သျှူးငှက်ပျော၊ စင်တင်သီးနှံ၊ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ DYL ဝက်၊ ဥစားကြက်၊ ဒေသကြက်၊ အသားတိုးနွား၊ နို့စားနွား၊ ဆိတ်မွေးမြူထားရှိမှုနှင့် တိုင်းစစ်ဌာနချုပ် အစာစပ်စက်ရုံ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၁၇ မှ

အချုပ်အားဖြင့်ဆိုသော် အဆုတ်ရောင်ရောဂါမှာ ကုသ၍ရပြီး ကြိုတင်ကာကွယ်နိုင်သည့် ရောဂါဖြစ်သည်။ သို့သော် ထိထိရောက်ရောက် မကုသလျှင်ဖြစ်စေ၊ ကုသမှုနှောင့်နှေးလျှင်ဖြစ်စေ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် အခြားသော ခန္ဓာကိုယ်အင်္ဂါ၏အစိတ်အပိုင်းများသို့ ဗက်တီးရီးယားပိုးများပျံ့နှံ့ကာ သွေးဆိပ်တက်ခြင်း၊ အဆုတ်ပြည်တည်ခြင်း၊ အဆုတ်အမြှေးပါးနှစ်ခုအကြား ရေခိုအောင်းခြင်း၊ အသက်ရှူရခက်ခဲခြင်းများဖြစ်လာနိုင်သည်။ ထိုအခြေအနေမျိုးတွင် သာမန်အဆုတ်ရောင်ခြင်းမှ အသက်အန္တရာယ် စိုးရိမ်ရသည်အထိဖြစ်စေနိုင်ပါသည်။

အထူးသတိပြုရန်မှာ ယနေ့ကမ္ဘာ့လူသားများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော ကိုဗစ်-၁၉ ရောဂါကို ဖြစ်စေသည့် ကိုရိုနာဗိုင်းရပ်စ်ပိုးသည်လည်း အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်ထဲကို ရောက်ရှိသွားပါက အဆုတ်ထဲတွင် အရည်များပြည့်လာသည့် ကူးစက်မြန် ပြင်းထန်သော အဆုတ်ရောင်ရောဂါဖြစ်သည်။ ထို့ကြောင့် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်မခံရစေရန် ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ နေ့စဉ်ဘဝတွင် နေထိုင်ပါ။ နိုင်ငံတော်မှ အခမဲ့ထိုးနှံပေးနေသော ကိုဗစ်-၁၉ ကာကွယ်ဆေးကို အကြိမ်ရေပြည့် ထိုးနှံခြင်း၊ အပိုဆောင်းကာကွယ်ဆေးများအား မပျက်မကွက်ထိုးနှံထားကြပြီး အထက်ဖော်ပြပါ ကာကွယ်နည်းများကို လေ့လာမှတ်သားကျင့်သုံးကြစေလိုပါကြောင်း အကြံပြုလိုက်ရပါသည်။ ။

# သာယာဝတီမြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၄၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**သာယာဝတီ နိုဝင်ဘာ ၈**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး အငြိမ်းစား ဝန်ထမ်းများနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၄၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အလှူအဖြစ် သာယာဝတီမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် အမှူးပြုသည့် ဆရာတော်ငါးပါးထံမှ ငါးပါးသီလခံယူ၍ မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး ဆရာတော်ငါးပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကာ ခရိုင်အဆင့် ဌာနဆိုင်ရာများအား နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၇-၁၁-၂၀၂၂ ရက်မှအဆက်

ကိုဘခက်က လက်မှနာရီကို ကြည့်လိုက်ရင်း 'မ' ကို သတိပေးလိုက်သည်။

"ငါးနာရီထိုးတော့မယ် 'မ' ရေ၊ ပြန်ကြစို့နော်။ မိုးချုပ်နေရင်မကောင်းဘူး"

ကိုဘခက်သည် နှုတ်ဆက်သည့်အနေဖြင့်ပြောရင်း 'မ' ၏ပါးနှစ်ဖက်ကို ဆက်၍နမ်းလိုက်သည်။

'မ' သည် မျက်လုံးကလေးမှေး၍ ကိုဘခက်အား တအားဖက်ထားလိုက်ရှာသည်။

[ ၁၄ ]

အိပ်ရာသို့ အစောကြီးဝင်ခဲ့သော်လည်း 'မ' သည် ရုတ်တရက် အိပ်မရပေ။ ကြိုးစား၍ အိပ်မည်ပြုပြန်တော့မှ ကိုဘခက်၏တယောသံကို ကြားရပြန်သည်။ တယောသံသည် 'မ' ရင်ထဲတွင် တလှပ်လှပ်ဖြစ်စေသည်။ တယောသံရပ်သွားမှ သက်ပြင်းကလေး တစ်ချက်ရှိုက်လိုက်မိသည်။

နာရီကိုကြည့်လိုက်တော့လည်း တစ်နာရီထိုး၍နေပြီ။ သည်တော့မှ မော့်ကို သတိရသည်။ မော်က ခုတိုင် ပြန်မလာသေးချေ။ စာအုပ်ကိုလှန်၍ ဖတ်ရင်း မော့်ကို စောင့်နေမိသည်။

သို့စောင့်နေရာမှ 'မ' သည် မှေးခနဲပျော်မည်ပြုစဉ် အောက်ထပ်မှ တံခါးဖွင့်ရန် ခလုတ်နှိပ်သံကို ကြားရသည်။ 'မ' သည် ရုတ်တရက် အိပ်ရာမှလန့်နိုးသည်။ အမှန်တော့လည်း မော့်ကို စောင့်ရင်း စာဖတ်နေသည်။ ကိုဘခက်၏ တယောသံကို နားထောင်နေရာမှ 'မ' ၏စိတ်တွေသည် လှုပ်ရှားလာသည်။ ကိုဘခက်၏ ဂီတသံတွင် နစ်မျောနေမိသည်။ ကိုဘခက်၏ တယောသံ ပျောက်၍သွားသောအခါ 'မ'သည် အိပ်ရာထက်တွင် အညောင်းပြေ လှဲနေသော်လည်း ကိုဘခက်အကြောင်းကိုသာ စဉ်းစားနေမိသည်။ သို့စဉ်းစားနေရင်းမှ မှေးခနဲ ပျော်၍သွားသည်။ စိတ်က စောနေ၍လားမသိ၊ မော့်အသံကို အိပ်ပျော်နေရင်းမှ နားထဲတွင် အလိုလိုကြားလာသည်။

'မ' သည် အိပ်ရာထက်မှ ကပျာကယာ ထလိုက်ပြီးလျှင် အောက်ထပ်သို့ဆင်းခဲ့သည်။ 'မ' က လူကြီးတွေသိမည်စိုး၍ အမြန်ဆင်းလာခဲ့သော်လည်း မော်က ခလုတ်ကို နင်း၍နှိပ်နေသည်။ မောင်အေးကိုလည်း အော်၍ခေါ်နေသေးသည်။ 'မ' က အတွင်းတံခါးမကို အမြန်ဖွင့်လိုက်ရသည်။

"ဟဲ့…မော် ဖေဖေတို့ နိုးကုန်မယ်။ ဘာလို့ ဒါလောက်အော်နေရတာလဲ"

'မ' က အပြင်တံခါးကို ဖွင့်ပေးလိုက်သောအခါ မော်သည် 'မ' ကိုပင် စူအောင့်အောင့်ဖြင့် ကြည့်လိုက်ရင်း အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။

'မ' သည် တံခါးများကို ပြန်၍ပိတ်ပြီးမှ အပေါ်ထပ်သို့ တက်ခဲ့သည်။

အခန်းတွင်းသို့ 'မ' ဝင်သွားသောအခါ မော်သည် အဝတ်အစားလဲနေတုန်းပင် ရှိသည်။

'မ' က မော့်ကို အကဲခတ်၍ကြည့်နေသည်။ ပြီးမှ စားပွဲပေါ်မှနာရီကို ကြည့်လိုက်မိသည်။ နှစ်နာရီပင် ထိုးခါနီးနေပြီ။

'မ' သည် မော့်ခုတင်ဘေးတွင် အသာထိုင်၍ မော့်ကို စောင့်နေသည်။ ကနေ့ည မော့်ကိုပြောမှ ဖြစ်မည်ကိုလည်း 'မ' က ဆုံးဖြတ်ပြီးဖြစ်သည်။

မည်သည့်နည်းနှင့်ဖြစ်စေ ကိုယ့်ညီမတစ်ယောက် စည်းမဲ့ကမ်းမဲ့ဖြစ်နေသည်ကို လျစ်လျူရှု၍မရတော့ချေ။

ခုလို ဆုံးဖြတ်ထားသည့်နောက် 'မ' သည် သူ့အတွက် ဘာမျှ ငဲ့ညှာ၍မနေတော့ပေ။

ကိုယ့်ညီမတစ်ယောက် ဒုက္ခတွေ့မည့်အဖြစ်ကိုမူ တတ်နိုင်သည့်နည်းဖြင့် တားဆီးရမည်။

အနာခံစရာရှိလျှင် သူပင် အနာခံမည်ဟု သတ္တိကို မွေးလိုက်သည်။ သို့ မွေးလိုက်သည့်တိုင်အောင် တစ်ဖက်က ကိုယ့်အပြစ်နှင့်ကိုယ်မို့ စကားကို မစရဲချေ။

မလိမ်မိုးမလိမ္မာအရွယ်မို့ ကိုယ်က သည်းခံ၍ ဖျောင်းဖျပြောရမည်ကို နားလည်သော်လည်း မော်က နှုတ်သီးကောင်းလျှာပါးမို့ 'မ' အနေနှင့် ကြောက်မိသည်။

ထို့ကြောင့်ပင် 'မ' သည် မော်၏ခုတင်ထက်တွင် ထိုင်ရင်း အရိပ်အခြည်ကိုသာ စောင့်ကြည့်နေမိသည်။

မော်သည် ညဝတ်အင်္ကျီကိုဝတ်ပြီးလျှင် 'မ' ဘေးတွင် တစောင်းလှဲချလိုက်သည်။ ပြီးမှ 'မ' ကို မကြည့်ဘဲ မောသံကလေးဖြင့် မေးလိုက်သည်။

"မော့်ကို ဘာပြောချင်သလဲ 'မ'"

'မ' က မော့်ကို ကြင်နာသောမျက်လုံးများဖြင့် ကြည့်လိုက်ပြီးလျှင် လေသံအေးအေးဖြင့် ပြန်၍ပြောလိုက်သည်။

"မော် … မော့်ကို စကားနည်းနည်းပြောချင်တယ်"

မော်သည် လှဲနေရာမှ ထလိုက်ရင်း 'မ' ကို ဂရုမစိုက်ဟန်ဖြင့် ကြည့်လိုက်သည်။ ပြီးမှ တမင်တကာ လက်နှစ်ဖက်ကိုမြှောက်၍ သမ်းလိုက်သည်။

"မော်အိပ်ချင်ပြီ၊ မနက်မှပြောပါ"

မော်သည် တစ်ချက်နှစ်ချက်မျှ သမ်းလိုက်ပြီး ခေါင်းအုံးတစ်လုံးယူ၍ ဖက်လိုက်ပြီးလျှင် အိပ်ရာပေါ်သို့ ပြန်လှဲချလိုက်သည်။ 'မ' က မော့်အနားသို့ တိုးသွားပြီး မော့်ခေါင်းမှ ဆံနုကလေးများကို အသာသပ်၍ပေးလိုက်သည်။

"'မ' ပြောတာကို နားထောင်စမ်းပါ ညီမရယ်။ တို့မှာ ချစ်ခင်ကြင်နာရမယ့်သူက ဒီညီအစ်မသုံးယောက်ပဲရှိတယ်မဟုတ်လား။ မွန် အိမ်ထောင်ခွဲသွားပြီးနောက် တို့ညီအစ်မနှစ်ယောက်ပဲ ရှိပါတယ်ကွာ။ ဒီတော့ ဘာပဲဖြစ်ဖြစ် ဆိုးတိုင်ပင် ကောင်းတိုင်ပင် တို့ညီအစ်မနှစ်ယောက်ပဲရှိတော့ မပြောလည်းမပြီးဘူး။ ညီမလေးကို 'မ' ပြောစရာတွေ အများကြီးရှိတယ်"

"ဘာလဲ … မော့်ကို ဒီလောက်ချော့နေစရာ မလိုပါဘူး။ မော် နားလည်ပါတယ်။ 'မ' တို့ကိစ္စကို ဒက်ဒီတို့ မာမီတို့ကိုမပြောရင် ကျေနပ်ရောပေါ့။ 'မ' ဒါကိုပြောမယ်ဆိုတာ မော်သိပါတယ်။ မော့်ကို ပြောစရာမလိုဘူး။ 'မ'တို့ကိစ္စကို မော်လည်း စိတ်မဝင်စားဘူး။ နားလည်းမထောင်ချင်ဘူး"

မော်၏စကားများကြောင့် 'မ' ရင်ထဲတွင် မခံချိမခံသာဖြစ်မိသော်လည်း ကိုယ့်စိတ်ကိုယ် ပြန်ဖြေလိုက်ရသည်။

"ဒါလည်း 'မ' ရှင်းပြပါ့မယ်။ ဒါပေမဲ့ ခုပြောမှာက ဒီကိစ္စမဟုတ်ပါဘူး။ မော့်အတွက်ပြောချင်တယ်။ မော်… မင်းဟာ ကလေးလည်းမဟုတ်တော့ဘူး။ ပညာလည်းမနည်းတော့ဘူး။ ဒီတော့ မင်း အခုနေတာထိုင်တာဟာ စည်းကမ်းပျက်လွန်းတယ်။ ဘာပဲဖြစ်ဖြစ် အချိန်နဲ့အိပ်၊ အချိန်နဲ့စား စနစ်နဲ့နေဖို့ကောင်းတယ်။ ခုတော့ မင်းဟာ မိုးလင်းကထွက်သွားပြီး ညဉ့်နက်မှပြန်လာတယ်။ ပြီးတော့လည်း ပါတီတွေသိပ်တက်ဖို့မကောင်းဘူး။ ဒီပါတီတွေ၊ ကပွဲတွေဟာ တို့ယဉ်ကျေးမှုလည်း မဟုတ်ဘူး။ ပြီးတော့လည်း မြန်မာမိန်းကလေးတွေနဲ့ နည်းနည်းမှမသင့်လျော်ဘူး။ ဒီတော့ မော့်ကို …"

"မော် ကလေးမဟုတ်ပါဘူး 'မ'။ မော်သိတယ်။ 'မ' နေပုံထိုင်ပုံနဲ့ဆိုရင်တော့ ဟုတ်တာပေါ့။ ဒါပေမဲ့ မော်တို့တော့ 'မ' လို အိမ်တွင်းပုန်းလုပ်ပြီး မကမြင်းဘူး။ အပေါင်းအသင်းများရမယ်။ လူချစ်လူခင်ပေါရမယ်။ ကတယ်ဆိုတာလည်း ပညာတစ်ခုပဲ။ စိတ်ကို ပျော်ရွှင်စေတယ်။ လူကို ကျန်းမာစေတယ်။ မိတ်ဆွေအပေါင်းအသင်းများတယ်။ အသိအမြင်ကျယ်ဝန်းတယ်။ ဒါတွေအားလုံးဟာ ဘာမှအကျိုးမယုတ်ဘူး။ 'မ' တို့အမြင်နဲ့တော့ မသိဘူးလေ။ ရွှေစောင်းကောက်ကြီးတီးမှ ယဉ်ကျေးတယ်ထင်ချင်ထင်မှာပေါ့။ မော်တို့က လွန်ခဲ့တဲ့အနှစ်တစ်ရာလောက်ကယဉ်ကျေးမှုကို ခုထိ ခင်တွယ်ပြီးမနေနိုင်ဘူး"

မော်ပြောလိုက်သောစကားများမှာ အနှောင့်အသွားမလွတ်ပေ။ သို့သော် 'မ' က စိတ်ဆိုးရန် သတိမရပေ။ အစကပင် မော့်ကိုပြောလျှင် သည်လိုစကားမျိုး ပြန်၍ကြားရမည်ကိုသာ 'မ'က နားလည်ပြီးဖြစ်သည်။

ထို့ကြောင့်လည်း မော်ပြောသောစကားများမှာ 'မ' အတွက် ထိခိုက်နစ်နာစရာများ ငြိတွယ်၍ပါသော်လည်း ကလေးတစ်ယောက်က လူကြီးကို မပီကလာ ပီကလာဆဲသည်ဟူ၍ပင် 'မ' က အောက်မေ့မိသည်။

"အေးပါကွယ် … 'မ' ကို မင်းကျေနပ်တဲ့အတိုင်း ပြောချင်သလို ပြောနိုင်တယ်။ ဒါပေမဲ့ 'မ' ကိစ္စကို နောက်မှပြောပါ။ ခု မော့်အတွက် 'မ' ပြောချင်တယ် မော်။ မင်း အခုကျက်စားနေတဲ့ ပတ်ဝန်းကျင်ဟာ အလွန်စိတ်မချစရာကောင်းတဲ့ ပတ်ဝန်းကျင်ပဲ။ ဒီပတ်ဝန်းကျင်မှာ အကျင့်သိက္ခာဆိုတာလည်း မရှိဘူး။ စောင့်စည်းမှုတရားဆိုတာလည်း မရှိဘူး။ ကြင်နာမှုဆိုတာလည်း မရှိဘူး။ ကြွက်တွေကို ကြောင်က ခုတ်သတ်ပြီး ဝါးစားနေသလို ဒီပတ်ဝန်းကျင်မှာ မိန်းကလေးတွေကို ကြောင်ပါးတွေက ဖျက်ဆီးဖို့လုပ်ပေးထားတဲ့ ယဉ်ကျေးမှုမီးရောင်ကို ရွှေတောင်မှတ်လို့တိုးရင်တော့ ပိုးဖလံက မီးကိုတိုးသလို အကျိုးကြီးနည်းလိမ့်မယ်"

မော်လည်း လှဲနေရာမှ ရုတ်တရက်ထလိုက်သည်။ ကိုင်ထားသော ခေါင်းအုံးကိုလည်း ခုတင်ပေါ်သို့ လွှင့်ပစ်လိုက်သည်။

ဒီမှာ 'မ' က ဒီပတ်ဝန်းကျင်ထဲမှာ ဘယ်နှစ်ခါတိုးဖူးလို့ သိတာလဲ။ 'မ' ထင်နေတာတွေက အိမ်ထဲက ထင်နေတာ။ 'မ' မှာ အသိဉာဏ်ရှိသလို မော့်မှာလည်း ရှိတယ်။ 'မ' မှာရှိတဲ့ ဗဟုသုတမျိုးလောက်တော့ မော်လည်းရှိတာပဲ။ ယောက်ျားနဲ့မိန်းမဖက်ကတိုင်း ဖြစ်ရရင်တော့ ခက်ပဲခက်ရချည်ရဲ့။ မတွေ့ဖူးတဲ့လူတွေအဖို့တော့ အဆန်းပေါ့။ မော်တို့အဖို့တော့ ဘာမှမဆန်းဘူး။ 'မ' တို့အနေနဲ့တော့ ဆန်းမှာပေါ့၊ ဒါပေမဲ့ ဒီအကမျိုး ပါတီတွေဟာ တစ်နေရာတည်းမှာ လုပ်နေတာမဟုတ်ဘူး။ တစ်ကမ္ဘာလုံးလုပ်နေတာ။ ကမ္ဘာမှာ တကယ့်အထက်တန်းစားတွေ၊ ဘုရင်တွေ၊ ပညာရှင်တွေ၊ မြို့စားတွေ၊ သိန်းသန်းကုဋေချီပြီး ချမ်းသာတဲ့သူဌေးတွေ၊ ပညာရှင်တွေ ကိုယ်တိုင်အားပေးနေတဲ့ ယဉ်ကျေးမှုတစ်ခု။ 'မ' ပြောသလို ဒီယဉ်ကျေးမှုဟာ လူတွေပျက်စီးစေတယ်ဆိုရင် ဒီပုဂ္ဂိုလ်ကြီးတွေက အရူးမို့လက်ခံအားပေးကြတာလား။ မာမီကိုယ်တိုင် ဒီပွဲတွေထဲက ထွက်လာတာ။ ဒီလိုဆိုတော့ မာမီပါ ပျက်စီးရောပေါ့"

'မ' သည် မော်နှင့်ဖက်၍ ရန်မဖြစ်လိုပေ။ မော်ပြောသောအသံမှာ ကျယ်လွန်းလှသည်။

ဘာမဟုတ်သောကိစ္စကလေးများကိုပင် အလျှော့မပေးတတ်သောမော်သည် သူကိုယ်တိုင် စွဲလမ်းနှစ်သက်နေသော အစွဲတစ်ခုကို လွယ်လွယ်နှင့် ချွတ်၍မရမှန်းကိုလည်း 'မ' ကိုယ်တိုင် နားလည်ထားလေသည်။

ထို့ကြောင့်လည်း ပြောရင်းပြောရင်း မော်က ဒေါသကြီးလာသည့်အခါ 'မ' က လေချိုသတ်၍ အလျှော့ပေးလိုက်ရပြန်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**"မော် ကလေးမဟုတ်ပါဘူး 'မ'။ မော်သိတယ်။**
**'မ' နေပုံထိုင်ပုံနဲ့ဆိုရင်တော့ ဟုတ်တာပေါ့။ ဒါပေမဲ့ မော်တို့တော့**
**'မ' လို အိမ်တွင်းပုန်းလုပ်ပြီး မကမြင်းဘူး။ အပေါင်းအသင်းများရမယ်။**
**လူချစ်လူခင်ပေါရမယ်။ ကတယ်ဆိုတာလည်း ပညာတစ်ခုပဲ။**
**စိတ်ကို ပျော်ရွှင်စေတယ်။ လူကို ကျန်းမာစေတယ်။ မိတ်ဆွေအပေါင်းအသင်းများတယ်။**
**အသိအမြင်ကျယ်ဝန်းတယ်။ ဒါတွေအားလုံးဟာ ဘာမှအကျိုးမယုတ်ဘူး။**
**'မ' တို့ အမြင်နဲ့တော့ မသိဘူးလေ။ ရွှေစောင်းကောက်ကြီးတီးမှ**
**ယဉ်ကျေးတယ်ထင်ချင်ထင်မှာပေါ့။ မော်တို့က လွန်ခဲ့တဲ့အနှစ်တစ်ရာလောက်က**
**ယဉ်ကျေးမှုကို ခုထိ ခင်တွယ်ပြီးမနေနိုင်ဘူး"**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**

# တစ်ယောက်တည်းနေရင်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

**(ယခင်အပတ်မှအဆက်)**

မိမိလေးစားရသော၊ ကြည်ညိုမိသော၊ သာသနာအတွက် အားကိုးမိသော ညီမောင်ကဲ့သို့ ရင်းနှီးပြီးဖြစ်သော အရှင်မြတ်ကတော့ မိမိအခန်းမှ ပြန်လည်ကြွသွားခဲ့ပါပြီ။ ပုဂ္ဂိုလ်ကတော့ ပြန်ကြွသွားသော်လည်း ပုံရိပ်များကတော့ မိမိစိတ်တွင် ထင်ဟပ်ကျန်ရစ်၍ တည်နေဆဲပါပဲ။

ညီမောင်ရဲ့ပုံရိပ်တွေ ပြန်ပေါ်လာတာနဲ့အမျှ တစ်ယောက်တည်းနေတာကောင်းသလား၊ အများနဲ့နေတာ ကောင်းသလား၊ မှန်သလားဆိုတဲ့အမေးရဲ့ အဖြေကို မြင်ကွင်းကျယ်ပြန့်ပြီး မြင်မိနေပါတယ်။

ဒီအာရုံတွေကို ပြန်မြင်မိပြီး အာရုံတစ်ခုတည်းကိုမြင်တာ ကောင်းသလား၊ မှန်သလား၊ ဒါမှမဟုတ် အာရုံများများကို မြင်တာကောင်းသလား၊ မှန်သလား ဆိုတဲ့ အမေးတွေက ပေါ်လာပြန်ပါတယ်။

အာရုံတစ်ခုတည်းကိုသာ စိတ်တစ်ခုတည်းက ဖြစ်ဆဲမှာ မြင်ပါတယ်။ အာရုံအများကြီးကို မြင်တယ်ဆိုတာက စိတ်အစဉ်တွေ လျှင်မြန်မှုကြောင့် အာရုံအများကို တစ်ပြိုင်တည်း မြင်တယ်လို့ ထင်မှတ်ကြတာပါ။

ဒါက စိတ်ရဲ့ သဘောနဲ့ မြင်မှုပါ။

စိတ်မှာ မှီတွဲပြီး ပါဝင်လာတတ်ကြတဲ့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ဓာတ်သတ္တိတွေရဲ့ အသိအမြင်ကတော့ စိတ်သိပုံနဲ့ မတူပါဘူး။

ကောင်းတဲ့သတိကြောင့်ဖြစ်လာတဲ့ သမာဓိ၊ ပညာဓာတ်တွေမှာ သမာဓိက ဦးဆောင်ပြီး အာရုံတစ်ခုတည်းကိုသာ အာရုံပြုနေတတ်ပါတယ်။

မှန်ကန်တဲ့သတိကြောင့် ဖြစ်လာတဲ့ သမာဓိ၊ ပညာဓာတ်တွေမှာ ပညာဉာဏ်က ဦးဆောင်ပြီး အာရုံရဲ့ သဘော၊ နောက် ဒီအာရုံရဲ့ သဘောမျိုးတစ်မျိုးတည်းကိုသာ သဘောပေါက်နားလည်ပြီး ဒီလိုပါပဲ ဘယ်အာရုံမဆို ဘယ်လောကီအာရုံတွေမဆို သူတို့ရဲ့ သဘောတွေကတော့ အာရုံတိုင်း၊ အာရုံတိုင်း အတူတူချည်းပါပဲလို့ သိလာ၊ မြင်လာ၊ သဘောပေါက်လာပါတယ်။

ကောင်းတဲ့ သတိ၊ သမာဓိ ပညာကကောင်းတဲ့ အာရုံတစ်ခုတည်းနဲ့ နေလေ့ရှိပါတယ်။

မှန်ကန်တဲ့ သတိ၊ သမာဓိ၊ ပညာက အမှန်အတိုင်း အရှိအတိုင်းဖြစ်နေကြတဲ့ အာရုံတိုင်းရဲ့ သဘောသဘာဝကို သိမြင်ပြီး အာရုံအားလုံးကို သဘောပေါက် နားလည်ပြီးနေလေ့ရှိပါတယ်။

ကောင်းတဲ့ သတိ၊ သမာဓိ၊ ပညာက အာရုံကို စူးစူးစိုက်စိုက်ကြည့်တတ် မြင်တတ်ပါတယ်။ အာရမ္မဏ၊ ပဋိဇ္ဈာန သမထအလုပ်ကို လုပ်ပါတယ်။

မှန်ကန်တဲ့ သတိ၊ သမာဓိ၊ ပညာက အာရုံတိုင်းရဲ့ ယထာဘူတ၊ အရှိအရှိအတိုင်း၊ အမှန် အမှန်အတိုင်း ရှိနေ ဖြစ်နေတဲ့ အာရုံကိုလွှန်မြောက်ပြီး အာရုံရဲ့ သဘောလက္ခဏာကို သိတတ်၊ မြင်တတ်ပါတယ်။ လက္ခဏူပဋိဇ္ဈာနဝိပဿနာအလုပ်တွေကိုလုပ်တတ်ကြပါတယ်။

အဲဒီတော့ မိမိတို့သန္တာန်မှာ ကောင်းတဲ့သတိ၊ သမာဓိ၊ ပညာတို့က အခြေအနေအရ ကောင်းတဲ့ သမထအလုပ်တွေကို လုပ်တတ်ကြသလို၊ မှန်ကန်တဲ့ သတိ၊ သမာဓိ၊ ပညာတို့ကလည်း မှန်ကန်တဲ့ အသိဉာဏ် ဦးဆောင်လို့ လောကကြီးတစ်ခုလုံးရဲ့ အမှန်အတိုင်း သဘောတွေကို သိမြင်တတ်တဲ့ ဝိပဿနာအလုပ်တွေကို လုပ်တတ်ကြပါတယ်။

အခြေအနေအရ သမထအလုပ် လုပ်နေရပေမယ့် ဝိပဿနာဆိုတာဖြစ်ဖို့ အကြောင်းကြောင်းကြောင့် ဝိပဿနာအလုပ် ဖြစ်နေပေမယ့် သမထဆိုတာလည်း ဖြစ်နိုင်တယ်ဆိုတာကို သိထားဖို့ တကယ်ပဲ အရေးကြီးလှပါတယ်။

အဲဒီတော့မှ လောကကြီးထဲမှာနေရင်း၊ ထိုင်ရင်း လက်ကလည်း လက်အလုပ်၊ မျက်စိကလည်း မျက်စိအလုပ်၊ စိတ်ကလည်း စိတ်အလုပ်၊ သတိ၊ သမာဓိပညာကလည်း သတိ၊ သမာဓိ၊ ပညာအလုပ်တွေ လုပ်နေကြပါလိမ့်မယ်။

ကောင်းတဲ့ဓာတ်တွေက ကောင်းတာတွေလုပ်လို့၊ မှန်ကန်တဲ့ဓာတ်တွေကလည်း မှန်ကန်တာတွေကို သိလို့။ အဲဒီလိုသာ လုပ်လာ၊ သိလာကြရင် တစ်ယောက်တည်းပဲနေနေ၊ အများနဲ့ပဲနေနေ၊ မိမိအတွက် ဘယ်လိုတော့ ထူးခြားတယ်ဆိုတာမျိုး မရှိတော့ပါဘူး။

တစ်ယောက်တည်းနေရင်လည်း တစ်ယောက်တည်းရော အများနဲ့ပါ နေတတ်ဖို့၊ အများနဲ့နေရင်လည်း အများနဲ့ရော တစ်ယောက်တည်းပါနေတတ်ဖို့ အရေးကြီးပါတယ်။



အဲဒီလိုသာနေတတ်ခဲ့ရင် လောကချမ်းသာတွေကိုကြုံရင်း အမြတ်ဆုံးချမ်းသာတွေနဲ့လည်း ဆုံတွေ့နိုင်ပါတယ်။

ဆုံတွေ့နိုင်ကြပါစေ။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပွဲမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၁၅)

ဦးမင်းဟန်(ဘီအေ)

"ကျောင်းကထိန်မှာ ပူစူးမတို့ ကိုဦးတို့ကို ငါတော့မကျေနပ်ဘူး"

"ဘာပြောတယ်။ ငါတို့ကို ဘာဖြစ်လို့ နင်ကမကျေနပ်တာလဲ မောင်ထူးရာ"

"နင်တို့နှစ်ယောက်က ဆရာကြီးသိပ်လုပ်တယ်လေ။ သူများတွေရှေ့မှာမို့လို့ ငါမပြောတာ။ အဲဒါကို အဟုတ်ကြီးမှတ်မနေကြနဲ့"

"မောင်ထူးရာ မင်းကလည်း ပြီးခဲ့တဲ့ကိစ္စတွေကို ပြန်တွေးပြီး ဒေါသဖြစ်မနေပါနဲ့တော့။ နောက်ဆိုရင် ငါတို့ကို ဆရာကြီးလုပ်တယ်မထင်ပါနဲ့။ မင်းရဲ့ စိတ်က ထင်နေရင်တော့ ဘယ်အချိန်မှာ ဘာလုပ်လုပ် အဲဒီလို ထင်ကြေးကရှိနေမှာပဲ။ စိတ်ထဲမထားတော့ရင် ဘာမှ ခံစားရမှာ မဟုတ်ပါဘူး"

မောင်ထူး၏ မကျေမနပ်ဖြင့်ပြောလာသည့်စကားကို ကိုဦးက လေပြေလေးနှင့် နားဝင်အောင် ပြောလိုက်ခြင်းပင်။ ဘိုးလေးကြွက်က မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး အပြန်အလှန်ပြောနေကြသည်များကို နားစွင့်နေရာမှ ဝင်ပြောလာသည်။

"မြေးတို့ပြောနေကြတာ ဘိုးလေးကြားပါတယ်။ ကိုဦးနဲ့ ပူစူးမက ဆရာကြီးလုပ်တယ်လို့ မောင်ထူးက ပြောတာကို သတိထားမိတယ်။ ဒီနေရာမှာ မောင်ထူးပြောခဲ့တဲ့ စကားအချို့ကိုကြည့်ရင် မောင်ထူးမမှားပါဘူး။ ကိုဦးနဲ့ပူစူးမတို့ ဆရာကြီးလုပ်တာကို အများရှေ့မှာမို့ ဘာမှမပြောတာလို့ဆိုထားတယ်။ ဒီအချက်ကတော့ ကောင်းတဲ့အချက်ပဲကွယ်။ ခုလိုအချင်းချင်းတွေ့တဲ့အခါမှသာ မကျေလည်တာကို ရှင်းတာကောင်းတာပေါ့။ ဒါကြောင့် မောင်ထူးပြောတဲ့စကားတွေ အချို့မမှားဘူးလို့ပြောတာ"

"ဟုတ်ကဲ့ပါ ဘိုးလေး"

ဘိုးလေးကြွက်၏စကားကို ပူစူးမက ပြန်ပြောလိုက်ရင်း မှတ်စုစာအုပ်ကိုအိတ်ထဲကနေထုတ်လိုက်ရာ ကိုဦးနှင့် မောင်ထူးကပါ မှတ်စုစာအုပ်များလိုက်ထုတ်ကြသည်။

ဆိုပါဦးကွဲ့ မောင်ထူးရဲ့ ကိုဦးနဲ့ ပူစူးမတို့က ကထိန်ပွဲမှာ ဘယ်လိုများဆရာကြီးလုပ်တာလဲ"

"ဒီလိုပါ ဘိုးလေး ။ ပဒေသာပင်တွေကို ရပ်ကွက်ထဲလှည့်တဲ့အခါပဲဖြစ်ဖြစ်၊ မဲပေါက်တဲ့ဘုန်းတော်ကြီးကျောင်းကို အရောက်ပို့ပေးကြတဲ့ အခါပဲဖြစ်ဖြစ်၊ ကျောင်းသူ ကျောင်းသားတွေစုပေါင်းပြီး တာဝန်ခွဲဝေယူကြတဲ့အခါမှာပဲဖြစ်ဖြစ်၊ အခမ်းအနားအစီအစဉ်ကို ပူးပေါင်းလုပ်ဆောင်ကြတဲ့အခါပဲဖြစ်ဖြစ် နေရာတိုင်းလိုလိုမှာကို ဆရာကြီးလေသံနဲ့ ပြောဆိုတာ။ သူတို့ပဲ သိတယ်၊ တတ်တယ်ဖြစ်နေတာလေ။ မြေးလည်း ကျရာတာဝန်ကို ကျေပွန်အောင် လုပ်ဆောင်ပေးပါတယ်။ ဆရာ ဆရာမတွေရဲ့လမ်းညွှန်မှုကိုလည်း လိုက်နာတာပါပဲ။ အဲဒီအချိန်မှာကတည်းက ပြောချင်တာ။ သူများတွေရှေ့မှာ မပြောချင်လို့ ခုမှပြောရတာ"

"ခုလိုပြောလိုက်ရတော့ မြေးအနေနဲ့ စိတ်ပေါ့သွားလား။ ဘယ်လိုနေလဲ ဘာထပ်ပြောချင်သေးလဲ"

"ပြောချင်တာကတော့ သူတို့တွေက ဒီလိုလုပ်ရတာက သမိုင်းပေးတာဝန်တွေပဲလို့ ပြောပြောနေတာ။ ကျောင်းစာသင်ခန်းတိုင်းက လုပ်တဲ့ ပဒေသာပင်တွေဆိုတာ အဲဒီအတန်းက ကျောင်းသား ကျောင်းသူတွေရဲ့ စိတ်ကူးစိတ်သန်းနဲ့ ပုံဖော်ကြတာ။ အဲဒီလိုလုပ်တာကိုပဲ အမျိုးမျိုး ဆရာဝင်လုပ်တာလေ။ မကျေနပ်ပေမယ့် မြေးတို့တွေက လိမ္မာကြလို့၊ အချင်းချင်းနားလည်မှုရှိကြလို့ပေါ့ ဘိုးလေးရာ နို့မို့ဆိုရင် ရန်ဖြစ်ပေါက်ပဲ"

"မြေးကစိတ်ထိန်းလိုက်နိုင်တယ် မဟုတ်လား"

ဘိုးလေးကြွက်က ပြောပြောဆိုဆို ရေနွေးကြမ်းပြည့်ပြည့်တစ်ခွက်ကို နှစ်ခါခွဲပြီး မော့သောက်လိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောသည်။

"အဲဒီနေ့မှာ စိတ်ထိန်းလိုက်နိုင်လို့ မြေးတို့ ခုလိုအေးအေးဆေးဆေး ဆွေးနွေးလို့ရနေတာပေါ့။ အဲဒီလိုသာမဟုတ်ရင် အချင်းချင်း မျက်နှာချင်းဆိုင်လို့ရမှာ မဟုတ်တော့ဘူး။ မြေးတို့ကို အထူးပြောချင်တာက နားလည်မှုရှိဖို့ပဲ။ နောက်ပြီး စုပေါင်းလုပ်ဆောင်မှုကြောင့် ရရှိတဲ့အသီးအပွင့်က ချိုမြိန်တယ်ဆိုပေမယ့် သတိရှိရတယ်။ တစ်ယောက်ယောက်က မကျေလည်ဘူးဆိုရင် ပထမဆုံးအချက်က ကျေလည်အောင်ဖြေရှင်းရတယ်။ စာသင်ခန်းယဉ်ကျေးမှုမှာကိုက ပူးပေါင်းပါဝင်မှု၊ အချင်းချင်း ဖေးမကူညီမှု၊ တစ်ဦးရဲ့စကားကို ကျန်တဲ့သူတွေက လေးစားသမှုရှိမှု၊ စည်းလုံးညီညွတ်မှုဆိုတာတွေဖြစ်လို့ အချင်းချင်းစည်းလုံးကြရမယ်။ စည်းလုံးမှုရှိမှအားဖြစ်တာ။ စာသင်ခန်းထဲမှာ စည်းကမ်းနဲ့အညီ လုပ်ဆောင်မှုတွေဟာ စာသင်ခန်းယဉ်ကျေးမှုကို လိုက်နာတာပါပဲ"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"စုပေါင်းလုပ်ဆောင်ကြတဲ့အခါ ကိုယ့်ရဲ့ဆန္ဒကို ရှေ့တန်းမတင်ရဘူး။ အများဆန္ဒကို ဦးစားပေးရမယ်။ အများသဘောတူတာကို ဆုံးဖြတ်ချက်ချတဲ့အခါ ကျေကျေနပ်နပ်လက်ခံနိုင်ရမယ်။ ပူးပေါင်းပါဝင်နိုင်ရမယ်"

"ဟုတ်ကဲ့၊ ဘိုးလေး"

ပူစူးမက ဘိုးလေးကြွက်ပြောသမျှကို မှတ်စုစာအုပ်တွင် ရေးမှတ်နေရာ ကိုဦးနှင့် မောင်ထူးတို့လည်း မှတ်စုစာအုပ်ကိုယ်စီဖြင့် လိုက်မှတ်ကြတော့သည်။

"အစီအစဉ်တကျဖြစ်ခဲ့တယ်မဟုတ်လား။ အတွေ့အကြုံကောင်းတွေကို ရရှိလိုက်တာပဲပေါ့။ ခုလိုအများနဲ့ လုပ်ဆောင်နိုင်လိုက်တဲ့ အတွေ့အကြုံတွေဟာ ကိုယ့်ဘဝဖြတ်သန်း တည်ဆောက်ချိန်မှာ အများကြီးတန်ဖိုးရှိရှိ အသုံးဝင်ပါလိမ့်မယ်"

"ဘိုးလေးပြောသလိုပဲ အတွေ့အကြုံကောင်းတွေကတော့ အတော်လေးရလိုက်တယ်လို့ ပြောရမယ်။ အချင်းချင်းတွေကတော့ ခုလိုပဲ ပြန်လှန်ဆွေးနွေးငြင်းခုံလိုက်ကြရင် အဖြေတစ်ခုထွက်မယ်။ အဖုအထစ်တွေ ပြေပြစ်သွားမယ်။ ပြေလည်မှုရရှိပြီး ပျော်ရွှင်မှုရှိလာတော့တာပေါ့ ဘိုးလေးရယ်"

"သိပ်ကောင်းတာပေါ့ကွယ်။ ဝမ်းသာစရာပါပဲ။ ထာဝရမိတ်ဆွေ၊ ထာဝရသူငယ်ချင်းဖြစ်နေရင် အကောင်းဆုံးပေါ့"

"ဘိုးလေးရေ၊ မြေးတို့အားလုံးက ပဒေသာပင်စတင်လုပ်ဆောင်ချိန်ကနေ နောက်ဆုံး ဘုန်းတော်ကြီးကျောင်းကို လိုက်ပို့ပြီးတဲ့အထိ အငုပ်စိတ်ကို ထိန်းချုပ်လုပ်ဆောင်နိုင်ခဲ့ပါတယ်"

"မြေးတို့တွေ အချင်းချင်းနားလည်မှုရှိတာ အကောင်းဆုံးပဲ။ ဒီလိုပွဲမျိုးဆိုတာ ပင်ပန်းကြပေမယ့် ပျော်စရာကောင်းပါတယ်။ ကျောင်းမှာ၊ စာသင်ခန်းမှာ သည်းခံပြီးနားလည်ပေးနိုင်ရင် အကောင်းဆုံးပဲ။ ဆရာ ဆရာမတွေကို ရိုသေလေးစားမှုအမြဲရှိပြီး အလိုက်တသိနဲ့ ကူညီပေးကြရမယ်။ ခြုံပြီးပြောရရင် ကျောင်းကထိန်ပွဲမှာ ပါဝင်ဝန်းရံရတာ ပျော်ရွှင်ကျေနပ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ပျော်ရွှင်ကျေနပ်ပါတယ်။ ကုသိုလ်လည်းရတယ်လို့ ခံယူထားပါတယ် ဘိုးလေးရေ"

"သာဓုကွယ်၊ သာဓု သာဓု"။ ။

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

**နေက္ခမ္မပါရမီ**
**ထီးနန်းမမက် တရားဖက်သူ**

"သားတော်ကို ပိုးမွေးသလိုမွေးပြီး စောင့်ရှောက်ခဲ့ရတာ ခုတော့အောင်မြင်ပြီ။ အရွယ်ရောက်လာတဲ့ သားတော်အတွက် ဖခမည်းတော်ရဲ့ ထီးနန်းကို လွှဲပေးတော့မယ်နော်"

"ထီးနန်းမမက်ပါဘူး ဖခမည်းတော်၊ ကျွန်ုပ်အတွက် ထီးနန်းမလိုပါဘူး"

ဗာရာဏသီပြည့်ရှင် ဖြဟ္မဒတ်မင်းကြီးက သားတော်ဖြစ်သူအား မျှော်လင့်ကြီးစွာစကားဆိုလိုက်သော်လည်း သားတော်ဖြစ်သူ၏စကားကြောင့် မင်းကြီးမှာ အံ့အားတသင့်ဖြစ်သွားရလေသည်။

ဤဖြစ်စဉ်ကား ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်တွင် ဖြဟ္မဒတ်မင်းကြီး အုပ်ချုပ်စံမြန်းစဉ် အချိန်ကာလကဖြစ်ပေသည်။ မိဖုရားခေါင်ကြီးတွင် သားတော်တစ်ပါးထွန်းကားသဖြင့် ဝမ်းမြောက်နေကြစဉ် ဘီလူးမရန်ကြောင့် သားတော်လေး ဆုံးရှုံးလိုက်ရသည်။ နောက်များမကြာမီတွင် သားတော်တစ်ပါးထွန်းကားလာပြန်ရာ အစောင့်အကြပ်များစွာ ချထားသော်လည်း ဘီလူးမရန်ကြောင့် သားတော်လေးကို ထပ်မံဆုံးရှုံးလိုက်ရပြန်သည်။

"နန်းတော်တမျှကြီးမားတဲ့ သံလှောင်အိမ်ကို တည်ဆောက်စေ။ အဓိကက ဘီလူးမရန်က ကာကွယ်နိုင်ဖို့ပဲ။ လုံခြုံမှုရှိဖို့ပဲ"

ဖြဟ္မဒတ်မင်းကြီးသည် တိုင်းပြည်အတွင်းရှိ ပန်းပဲကျော်များကိုဆင့်ခေါ်ပြီး မိန့်ကြားတော်မူသည်။ ထပ်မံရရှိလာမည့် သားရတနာအတွက် သံလှောင်အိမ်ကြီးကို အမြန်ဆုံးတည်ဆောက်စေတော့သည်။ သားတော်နှစ်ပါး ဘီလူးမရန်ကြောင့် ဆုံးရှုံးခဲရပြီးသည့်နောက်တွင် မင်းကြီးက ထပ်မံမဆုံးရှုံးရန်စီစဉ်ခြင်းဖြစ်သည်။ ထီးနန်းအရိုက်အရာအတွက် သားယောကျ်ားလေးသည် အထူးအမြတ်ဖြစ်သည်။ တတိယမြောက် မွေးဖွားလာသည့် သားတော်ကို မွေးဖွားစဉ်မှ (၁၆) နှစ်အရွယ်အထိ သံလှောင်အိမ်ကြီးအတွင်းမှာပင် ကြီးပြင်းလာစေတော့သည်။

"လုံခြုံမှုအတွက် ဒီသံလှောင်အိမ်ကြီးအတွင်းမှာ ကြီးပြင်းလာရတာ အချုပ်အနှောင်ပါပဲ။ ပထမဆုံးက အမိဝမ်းလှောင်အိမ်အတွင်းမှာ၊ အမိဝမ်းကလွတ်တော့လည်း ဒီသံလှောင်အိမ်ကြီးအတွင်းမှာ နေရပြီး အရွယ်ရောက်လာတဲ့အခါ ဗာရာဏသီပြည်ရဲ့ နန်းတော်လှောင်အိမ်ထဲကို ဝင်ရဦးမယ်။ အဘယ်မှာ လွတ်လပ်မှုလဲ။

လှောင်အိမ်ငယ်ထဲကနေ လှောင်အိမ်ကြီးထဲကိုပဲ ပြန်ဝင်ရဦးတော့မှာပါကလား"

သားတော်မင်းသားလေးမှာ ပကတိဒုက္ခဆင်းရဲကို စဉ်းစားတွေးတောလျက် ထီးနန်းစည်းစိမ်အဝဝကို မမက်မောနိုင် ဖြစ်နေရသည်။ ဘီလူးမရန်ကို ကာကွယ်နိုင်ရန် သံလှောင်အိမ်ကြီးအတွင်းနေရသည် ဆိုသော်လည်း လှောင်အိမ်ကြီးမှာ နန်းတော်ကြီးတမျှ ကြီးမားခမ်းနားလှပါသည်။ စားစရာ၊ နေစရာ၊ ကစားစရာ၊ သင်ယူစရာ၊ အထီးမကျန်စေရန်အဖော်အပေါင်း စသည်ဖြင့် လိုလေသေးမရှိထားပေးသည်မှာ မှန်သော်လည်း စိတ်ကသိနေသည့် လှောင်အိမ်အတွင်း ကြီးပြင်းရသည့်ဖြစ်စဉ်ကိုကား မေ့ပျောက်လို့ မရနိုင်ဖြစ်နေရသည်။

"သားတော်ကို ပိုးမွေးသလိုမွေးပြီး စောင့်ရှောက်ခဲ့ရတာ ခုတော့အောင်မြင်ပြီ။ အရွယ်ရောက်လာတဲ့ သားတော်အတွက် ဖခမည်းတော်ရဲ့ ထီးနန်းကို လွှဲပေးတော့မယ်နော်"

"ထီးနန်းမမက်ပါဘူး ဖခမည်းတော်၊ ကျွန်ုပ်အတွက် ထီးနန်းမလိုပါဘူး"

ဗာရာဏသီပြည့်ရှင် ဖြဟ္မဒတ်မင်းကြီးက သားတော်ဖြစ်သူအား မျှော်လင့်ကြီးစွာစကားဆိုလိုက်သော်လည်း သားတော်ဖြစ်သူ၏စကားကြောင့် မင်းကြီးမှာ အံ့အားတသင့်ဖြစ်သွားရလေသည်။

"ထီးနန်းအမွေဟာ သားတော်အတွက်ပဲလေ။ ခမည်းတော်လည်း အသက်အရွယ်ကြီးရင့်လာပြီ။ နှစ်ရှည်လများ မျှော်လင့်တကြီးစောင့်စားလာခဲ့ရတာပါ သားတော်။ ဒါကြောင့် သားတော် ထီးနန်းရယူပါ"

"သားတော်ကိုခွင့်လွှတ်ပါ ဖခမည်းတော်။ ထီးနန်းကို အခြားသူတွေမက်မောပေမယ့် သားတော်ကတော့ မမက်မောပါဘူး။ ဒီလိုဒုက္ခ၊ အနှောင်အဖွဲ့တွေထဲမှာ မပျော်မွေ့ပါ"

"ဘယ်လိုများလဲ သားတော်" ဖြဟ္မဒတ်မင်းကြီးက နားမလည်နိုင်ဖြစ်ရပြီး သားတော်ကိုအားမလိုအားမရပြန်ပြောလိုက်သည်။

"ဖခမည်းတော်၊ သားတော်ဟာ အမိဝမ်း အကျဉ်းတိုက်မှာ ဆင်းဆင်းရဲရဲ ကျပ်ကျပ်တည်းတည်းနဲ့ နေခဲ့ရတယ်။ ဖွားမြင်ပြီးတော့လည်း ဆယ့်ခြောက်နှစ်လုံးလုံး သံလှောင်အိမ်ထဲမှာ ကြီးပြင်းလာရတယ်"

"သားတော်ကို လုံခြုံမှုရှိအောင်ပါ။ ဘီလူးမရန်ကကာကွယ်ထားတာ။ စောင့်ရှောက်ထားတာပါ"

"မှန်လှပါ ဖခမည်းတော်။ ဘီလူးမအစားခံရရင်လည်း သေမှာပါပဲ။ အစားမခံရလို့ ခုလိုအသက်ရှင်ရတော့လည်း အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတာတွေကို ရှောင်လွှဲလို့မှမရတာ။ တစ်နေ့တော့ သေမှာပါပဲ။ သေဘေးကို ဘယ်သူမှ မလွတ်နိုင်ပါဘူး"

"သားတော်ရယ် ဒီလောက်ကြီးတွေးထားရသလား။ လူတိုင်းသွားရမယ့် မရဏလမ်းကိုတော့ သိကြတာပေါ့။ မသေခင်တော့အမျိုးဘာသာသာသနာကို စောင့်ရှောက်ထိန်းကျောင်းကြရဦးမယ်လေ"

"ခွင့်လွှတ်တော်မူပါ ဖခမည်းတော်။ ထီးနန်းကို မမက်မောခြင်းအပြင် လူ့ဝတ်ကြောင်ဘဝကိုပါ စွန့်လွှတ်လိုတာပါ။ ဒါကြောင့် ချမ်းသာသုခရှိရာ ရဟန်းဘဝကို ကူးပါရစေ၊ ခွင့်ပြုတော်မူပါ ဖခမည်းတော်"

ဖြဟ္မဒတ်မင်းကြီးမှာ အံ့သြတုန်လှုပ်စွာဖြင့် သားတော်အားငေးကြည့်နေရှာသည်။ သားတော်က မည်သို့မျှပြောင်းလဲလာမည်မဟုတ်သည့် စကားကို ဖခင်ဘုရင်ကြီးအား လျှောက်တင်လိုက်ခြင်း ဖြစ်ပေသည်။ ထိုစဉ် သားတော်ဖြစ်သူက အများသူငါ အာသာငန်းငန်းတပ်မက်ကြသည့် ထီးနန်းကို ပစ်ပယ်လျက် ရဟန်းအဖြစ်သို့ တောင့်တခြင်းမှာ ဒုက္ခကိုမြင်၍ဖြစ်ကြောင်း၊ ဒုက္ခတရားတို့ကို မင်းကြီးအား ဟောပြလိုက်လေသည်။

"ဟုတ်ပါပေတယ်။ မှန်ပါပေတယ် သားတော်"

ဖြဟ္မဒတ်မင်းကြီး၏ ငုပ်လျှိုးနေသော အသိကို ဖွင့်ပေးလိုက်သဖြင့် မင်းကြီးက မှန်ကန်သော အသိကို ရရှိသွားကာ သားတော်၏ဟောပြောမှုအား ထောက်ခံစကားမိန့်ကြားလိုက်ခြင်းဖြစ်သည်။

ထို့နောက် ဖခမည်းတော်နှင့် မယ်တော်တို့အား ရှိခိုးလျက် သံလှောင်အိမ်ကြီးအတွင်းမှ ထွက်လိုက်သည်။ ထိုမှ ရွှေနန်းတော်လှောင်အိမ်ဆီမှ ထပ်မံ ထွက်လိုက်ပြီး ထီးနန်းစည်းစိမ်တို့ကို စွန့်လွှတ်၍ သပိတ်တစ်လုံး သင်္ကန်းတစ်စုံဖြင့် ဟိမဝန္တာတောသို့ ဦးတည်ကာ ထွက်ခွာသွားလေတော့သည်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာမင်္ဂလာ

**တိုင်ပင်ဆွေးနွေးရမယ်**
**ကာလေနဓမ္မသာကစ္ဆာ။**

"သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်း၊ အခါသင့်တဲ့အခါ တရားစကားများကို မေးမြန်းဆွေးနွေးရခြင်း၊ မပြတ်စည်းဝေး တိုင်ပင်ဆွေးနွေးရမယ်" လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။




၃၈-ဖြာမင်္ဂလာကဗျာတွေရဲ့ အဌမမြောက်ကဗျာဖြစ်တဲ့ "သည်းခံရေးမင်္ဂလာလေးပါး"ထဲက နံပါတ်လေး မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုး.. ရှေးသရောအခါက...။ ဝဇ္ဇီတိုင်းဒေသအတွင်း ဝေသာလီပြည်က ဖြစ်စဉ်သာဓကတွေပါပဲ။

"ပညာစမ်းတယ်ဆိုတာ တကယ်တော့ ပညာပြိုင်ကြတာပဲပေါ့။ ပညာပြိုင်တာဟာ ကောင်းတဲ့မင်္ဂလာထက် မကောင်းတဲ့မင်္ဂလာတွေ ကြုံရတတ်ပေတယ်"

ဝေသာလီပြည်သားမဟာလိမင်းသားကို ကုရုတိုင်းမှ ဗန္ဓုလမင်းသားက ပြောလိုက်တာ ဖြစ်တယ်ကွယ့်။

တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှာ မဟာလိမင်းသားနဲ့ ဗန္ဓုလမင်းသားတို့က ပညာသင်ကြားနေကြတဲ့အချိန်လည်းဖြစ်တယ်။

အဲဒီအချိန်က ဝဇ္ဇီတိုင်းဒေသမှာရှိတဲ့ ဝေသာလီပြည်သား မဟာလိမင်းသား ခေါင်းဆောင်ကာ လိစ္ဆဝီမင်းသား သုံးကျိပ်အပါအဝင် ကောသလတိုင်းမှ ကောသလမင်းသား၊ ကုရုတိုင်းမှ ဗန္ဓုလမင်းသားတို့ဟာ ဒိသာပါမောက္ခဆရာကြီးထံမှာ ပညာသင်ကြားနေကြတာပေါ့ကွယ်။

တစ်နေ့မှာတော့ ဝေသာလီပြည်သား မဟာလိမင်းသားနဲ့ ကုရုတိုင်းမှ ဗန္ဓုလမင်းသားတို့ တစ်ဦးနဲ့တစ်ဦး ပညာစမ်းကြဖို့ ဖြစ်လာတယ်။

"ကဲ ပညာစမ်းတယ်ဆိုတာ ပညာပြိုင်တာပါပဲ။ ဒီတော့ ပညာကိုအစွမ်းကုန်သုံးရမှာပေါ့။ ဒီတော့ ပြိုင်ပွဲစကြမယ်။ မဟာလိရေ ရှောင်နိုင်သမျှရှောင်လိုက်ပေတော့"

"မှန်ပါတယ် ဗန္ဓုလရေ၊ ပညာစမ်းတာဟာ ပညာပြိုင်တာပါပဲ။ အဆွေတော်ရဲ့ ပညာစွမ်းကို ကြည့်ရသေးတာပေါ့"

မင်းသားနှစ်ပါးက အပြန်အလှန် ပြောဆိုကြပြီးနောက် ပြိုင်ပွဲကိုစတင်တာပေါ့ကွယ်။ မဟာလိမင်းသားက လေယာဉ်ပျံကိုစီးကာ တိမ်ဆိုင်တိမ်ခဲတွေထဲအထိ တိုးဝင်ပြီး ကိုယ်ယောင်ဖျောက်နေလိုက်တယ်။ ဒီအချိန်မှာပဲ ဗန္ဓုလမင်းသားက လေးအတတ်နဲ့ မြားနှစ်ဆင်းပစ်လွှတ်လိုက်တယ်။ အဲဒီမြားဟာ တိမ်တွေထဲကို တိုးဝင်သွားကာ လေယာဉ်ကိုထိုးဖောက်လို့ မဟာလိမင်းသားရဲ့ မျက်လုံးနှစ်လုံးကို ထိခိုက်မိပြီး မျက်လုံးကန်းရပါလေသတဲ့။

"ပညာစမ်းတယ်ဆိုတာ တကယ်တော့ ပညာပြိုင်ကြတာပဲပေါ့။ ပညာပြိုင်တာဟာ ကောင်းတဲ့မင်္ဂလာထက် မကောင်းတဲ့ မင်္ဂလာတွေ ကြုံရတတ်ပေတယ်"

ဒီအခြင်းအရာကို သိလိုက်ရတဲ့ ဗန္ဓုလမင်းသားဟာ စိတ်မကောင်းကြီးစွာနဲ့ မဟာလိမင်းသားကို ကရုဏာစကားပြောလိုက်တာပေါ့ကွယ်။ မဟာလိမင်းသားကတော့ ဒိသာပါမောက္ခဆရာကြီးထံမှာ မျက်လုံးနှစ်လုံးကို ပြန်လည်ဆေးကုသရင်း ပညာကိုဆက်လက်သင်ယူနေရတော့တာပေါ့။

ပညာတွေ သင်ယူပြီးမြောက်တဲ့အခါ မဟာလိမင်းသားအပါအဝင် ညီနောင်သုံးကျိပ်တို့ဟာ အချင်းချင်း စည်းလုံးညီညွတ်စွာနဲ့ တိုင်ပင်ဆွေးနွေးကာ စည်းဝေးမှုကို မပြတ်ပြုလုပ်ပြီး တိုင်းပြည်ကို အုပ်ချုပ်စီမံကြလေတယ်။

"ညီနောင်တို့ရေ တို့တစ်တွေဟာ စည်းလုံးစွာနဲ့ မပြတ်ဆွေးနွေးတိုင်ပင်ကြလို့ အရာရာကိုအောင်မြင်တဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်ခဲ့ကြတာဖြစ်တယ်။ ခုလည်း အဇာတသတ်မင်းက တို့ရဲ့ နေပြည်တော်ကို သုံးကြိမ်တိုင်တိုင် လာရောက်ကျူးကျော် တိုက်ခိုက်ပေမယ့် တို့ညီနောင်တွေ စုစည်းတွန်းလှန်တိုက်ထုတ်နိုင်လို့ ရန်သူတွေ ဆုတ်ခွာထွက်ပြေးကြရတာ အသိပဲမဟုတ်လား။ ဒီတော့ ညီနောင်တွေ အခုလိုစည်းလုံးနေသမျှ အခွင့်ကြုံတဲ့အခါ တိုင်တိုင်ပင်ပင်နဲ့ အရေးကိစ္စမှန်သမျှကို စုပေါင်းဆွေးနွေးအကြံထုတ်ကာ စဉ်းစားဆုံးဖြတ်နိုင်တာဖြစ်လို့ ဘယ်သို့သော ဘေးရန်အပေါင်းမှ မဝင်နိုင်ဘူးပေါ့ကွယ်"

ညီနောင်သုံးကျိပ်တို့နဲ့ မဟာလိမင်းသားက အစဉ်သဖြင့်တိုင်ပင်ဆွေးနွေးကြလို့ ညီနောင်အားလုံးကလည်း အချင်းချင်း လေးစားတန်ဖိုးထား ချစ်ခင်ရိုသေသမှုရှိကြတာပေါ့ကွယ်။ အခြားသော မင်းတို့ရဲ့ရန်လိုမှုမှန်သမျှကိုလည်း အောင်မြင်စွာ ယှဉ်ပြိုင်နိုင်ကြလို့ တိုင်းနိုင်ငံဝန်းကျင်မှာ ဝေသာလီပြည်ဟာ နာမည်ကျော်ကြားနေလေသတဲ့။

ကာလေနဓမ္မသာကစ္ဆာ။

"သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်း၊ အခါသင့်တဲ့အခါ တရားစကားများကို မေးမြန်းဆွေးနွေးရခြင်း၊ မပြတ်စည်းဝေးတိုင်ပင်ဆွေးနွေးရမယ်" လို့ မြန်မာလိုအဓိပ္ပာယ်ဖော်ဆောင်တဲ့ မှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "သည်းခံရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။



မန်စီးတီးအသင်းကစားသမားများ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ပရီမီယာလိဂ်ဖလားနှင့်အတူ အောင်ပွဲခံစဉ်။

**✻ ကျောဖုံးမှ**

မန်စီးတီးအသင်းဟာ ဂါဘရီယယ်ဂျီးဆပ်၊ ဇင်ချန်ကိုနဲ့ စတာလင်အပါအဝင် ကစားသမား ၁၇ ဦးအား ရောင်းချမှုနဲ့ ဟာလန်း၊ ကယ်ဗင်ဖီးလစ်၊ အာကန်ဂျီ၊ အော်တီဂါ၊ ဆာဂျီယိုဂိုမက်ဇ်တို့အား ဝယ်ယူမှုတို့အကြား အမြတ်အစွန်းရရှိမှုကလည်း ပေါင် ၃၅ သန်းနီးပါးရှိတယ်လို့ မန်စီးတီးအသင်းက ပြောကြားထားပါတယ်။

မန်စီးတီးအသင်းဟာ ၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်ကနေ ၂၀၂၂ ခုနှစ် ဇွန် ၃၀ အထိကာလအတွင်း တွက်ချက်ထားတဲ့ ဘဏ္ဍာရေးဆိုင်ရာရလဒ်များအရ ကစားသမားရောင်းချရမှုကနေ ဝင်ငွေပေါင် ဖ၇ ဒသမ ၆ သန်းရရှိခဲ့တယ်လို့လည်း သိရပါတယ်။ဒါ့ပြင် မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ငါးနှစ်တာကာလအတွင်း ကစားသမား အပြောင်းအရွှေ့ကနေ ပေါင်သန်း ၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့လည်း သိရပါတယ်။

ငွေကြယ်

**☆ MNL မှ**

အား/ကာသိပ္ပံအသင်းသည် ဇင်ညီညီအောင် (ဂိုး)၊ ဇင်ရဲနောင်၊ ကြည်စိုး၊ ခင်ကျော်ဝင်းစသည့် အမာခံကစားသမားအများစုအသုံးပြုခဲ့သလို မြဝတီအသင်းတွင်လည်း အသင်းခေါင်းဆောင် ဝေယံဦး ပြန်လည်ပါဝင်လာကာ ထွန်းနန္ဒဦး၊ သက်ပိုင်ကို၊ အောင်သူ၊ နိုင်ဇင်ထက်တို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ကစားအားကောင်းသည့် အသင်းများဖြစ်သောကြောင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဂိုးသွင်းခွင့်များလည်း အပြန်အလှန်ရရှိခဲ့သည်။ နှစ်သင်းစလုံး ဂိုးရနိုင်သည့်အခွင့်အရေးများ အသုံးမချနိုင်သဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်ပြီး မြဝတီအသင်းသည် ယခုရာသီ၏ ပထမဆုံးသရေပွဲ ကြုံတွေ့ခဲ့သည်။

ယခုပွဲအပြီးတွင် မြဝတီအသင်းက ၁၇ ပွဲကစားရမှတ် ၂၈ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၇ ပွဲကစားရမှတ် ၂၅ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၂) နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၉ ရက်တွင် ရခိုင်အသင်းနှင့် ရှောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

**❖ အမျိုးသမီးမှ**

သစ္စာအားမာန်အသင်းသည် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး လက်ရွေးစင်တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းလည်း ဝင်ရောက်ကစားခဲ့သည်။ မြန်မာ ယူ-၁၆ လက်ရွေးစင်အသင်းဖြစ်သော Young Lionesses အသင်းသည် သစ္စာအားမာန်အသင်း တိုက်စစ်ကို မိနစ် ၃၀ ကျော်အထိ တောင့်ခံနိုင်ခဲ့သော်လည်း ၃၆ မိနစ်တွင် ဂိုးစတင်ပေးလိုက်ရပြီးနောက်ပိုင်း ငါးဂိုးအထိ ခွင့်ပြုခဲ့ရသည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၃၆ မိနစ်တွင် ခင်မိုးဝေ၊ ၄၅၊ ၈၈ မိနစ်တွင် ဝင်းသိင်္ဂီထွန်း၊ ၅၁ မိနစ်တွင် ဝေဖူးအိမ်၊ ၆၅ မိနစ်တွင် ငယ်ငယ်ထွေးတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၉) အပြီးတွင် သစ္စာအားမာန်အသင်းက ရှစ်ပွဲကစားရမှတ် ၂၁ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး အား/ကာသိပ္ပံအသင်းက ခုနစ်ပွဲကစား ၁၉ မှတ်၊ မြဝတီအသင်းက ခုနစ်ပွဲကစား ၁၆ မှတ်၊ အား/ကာဦးစီးဌာနအသင်းက ရှစ်ပွဲကစား ၁၂ မှတ်၊ YREO အသင်းနှင့် Young Lionesses အသင်းက ရှစ်ပွဲကစား ခြောက်မှတ်စီရထားကာ တနင်္သာရီအသင်းမှာမူ ရှစ်ပွဲကစား ရှစ်ပွဲစလုံးအရေးနိမ့်ကာ အမှတ်မရသေးပေ။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MWL**

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## အနုပညာ



## မင်ဟို၏ ပထမဆုံးတစ်ကိုယ်တော် တေးအယ်လ်ဘမ် ထုတ်လွှင့်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ SHINee ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မင်ဟိုဟာ သူ့ရဲ့ ပထမဆုံး တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို မကြာမီပရိသတ်ရှေ့အရောက် ပို့ဆောင်ပေးမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုဝင်ဘာ ၈ ရက်မှာ ဒေသတွင်းမီဒီယာတွေရဲ့ ရေးသားဖော်ပြချက်အရ မင်ဟိုဟာ သူ့ရဲ့ ပွဲဦးထွက်တစ်ကိုယ်တော်တေးအယ်လ်ဘမ်အတွက် လက်ရှိမှာ အဆင်သင့်ဖြစ်နေပြီလို့ သိရပါတယ်။ အဆိုပါတေးအယ်လ်ဘမ်ကို လာမယ့်ဒီဇင်ဘာ လလယ်ပိုင်းမှာ စတင်ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့နှစ်အတွင်း ထွက်ရှိခဲ့တဲ့ မင်ဟိုရဲ့ တစ်ကိုယ်တော်တေးသီချင်း Heartbreak ပြီးနောက် ပထမဆုံး ပြန်လည်ထွက်ရှိတဲ့ သူ့ရဲ့ တေးသီချင်းသစ်လည်း ဖြစ်လာမှာပါ။

မင်ဟိုဟာ SHINee နဲ့အတူ တေးဂီတနယ်ပယ်အတွင်း လှုပ်ရှားမှုတွေ လုပ်ဆောင်ခဲ့တာ ၁၄ နှစ်ခန့် ကြာမြင့်ခဲ့ပြီးမှ ယခုလို ပွဲဦးထွက် တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ထုတ်လွှင့်ဖို့ရာစီစဉ်ခဲ့တာလည်း ဖြစ်ပါတယ်။ လက်ရှိမှာ မင်ဟိုဟာ သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်နေပြီး ဒီနှစ်ကုန်ပိုင်းမှာ သူ့ရဲ့ ရုပ်ရှင် The Fabulous ကိုလည်း အထူးပွဲပြသဖို့ရာ စီစဉ်ထားကြောင်း သိရပါတယ်။

## ဂျင်မီကင်မ်ကို အော်စကာဆုပေးပွဲ အစီအစဉ်တင်ဆက်သူအဖြစ် ပြန်လည်တွေ့မြင်ရမည်

ကျော်ကြားတဲ့ ဟာသသရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျင်မီကင်မ်ဟာ ၂၀၂၃ အော်စကာဆုပေးပွဲမှာ အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်မှာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Late-night talk show အစီအစဉ်ရဲ့ ပင်တိုင်တင်ဆက်သူတစ်ဦးဖြစ်တဲ့ ဂျင်မီကင်မ်ဟာ နိုင်ငံတကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ အော်စကာဆုပေးပွဲမှာ အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်မှာဖြစ်ကြောင်း နိုဝင်ဘာ ၇ ရက်မှာ အဆိုပါဆုပေးပွဲ စီစဉ်သူတွေဘက်က ထုတ်ပြန်ခဲ့တယ်လို့ သိရပါတယ်။ ရုပ်သံကနေ တစ်ဆင့် ကြည့်ရှုသူကျဆင်းလာတဲ့ အော်စကာဆုပေးပွဲ အစီအစဉ်ကို ကြည့်ရှုသူပြန်လည်များပြားလာအောင် ဂျင်မီကင်မ်က လုပ်ဆောင်ဖို့ရာလည်း ရှိနေပါတယ်။ သူဟာ ၂၀၁၇ နဲ့ ၂၀၁၈ ခုနှစ်တွေမှာ ပြုလုပ်ခဲ့တဲ့ အော်စတာ ဆုပေးပွဲတွေမှာလည်း အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ခဲ့ပြီး အဲဒီအချိန်က ကြည့်ရှုသူများပြားခဲ့ကြောင်းလည်း သိရပါတယ်။



၂၀၂၃ ခုနှစ် အတွက် အကယ်ဒမီ ဆုပေးပွဲကို အမေရိကန် ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မှာ ရှိတဲ့ ဒေါ်ဘီသီရေတာမှာ မတ် ၁၂ ရက်မှာ ကျင်းပမှာဖြစ်ကြောင်းလည်း သိရပါတယ်။



## စစ်မှုစတင်ထမ်းဆောင်နေပြီဖြစ်တဲ့ ဟွီ

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ Newkidd အဖွဲ့ဝင် ဟွီဟာ လတ်တလောမှာ စစ်မှုစတင်ထမ်းဆောင်နေပြီဖြစ်ကြောင်း အေဂျင်စီဘက်က ထုတ်ပြန်ခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟွီဟာ နိုဝင်ဘာ ၈ ရက်မှာ စစ်မှုစတင်ထမ်းဆောင်နေပြီဖြစ်ကြောင်း သူ့ရဲ့ အေဂျင်စီက အဲဒီနေ့မှာပင် ထုတ်ပြန်ခဲ့တာပါ။ ဟွီဟာ အချိန်ပြည့်စစ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်မှာဖြစ်ကြောင်းနဲ့ အီထယ်ဝမ်ဖြစ်ရပ်ကြောင့် သူ့အနေနဲ့ ပရိသတ်တွေကို တွေ့ဆုံနှုတ်ဆက်မှုမလုပ်ဘဲ စစ်မှုထမ်းရက်တွေကို တိတ်တဆိတ် စတင်ဖို့ရာ ဆုံးဖြတ်ခဲ့တာဖြစ်ကြောင်းလည်း အေဂျင်စီက ဆိုပါတယ်။

## မရန်ကာရေးနဲ့ တေးသီချင်း ပူးပေါင်းဖန်တီးဖွယ်ရှိတဲ့ မီလီဘော်ဘီဘရောင်း



သရုပ်ဆောင်တစ်ဦးဖြစ်သူ မီလီဘော်ဘီဘရောင်းဟာ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ မရန်ကာရေးနဲ့ပူးပေါင်းကာ တေးဂီတပရောဂျက်တစ်ခု ပူးပေါင်းထုတ်လုပ်ဖို့ရှိနေကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၁၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မီလီဘော်ဘီဘရောင်းဟာ သူအားကျစံထားရတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ မရန်ကာရေးနဲ့ ပရောဂျက်တစ်ခု ပြုလုပ်ဖို့ရာ စီစဉ်ထားပါတယ်။ ဒီအကြောင်းကို သူက နိုဝင်ဘာ ၅ ရက်က ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့တာပါ။ သူတို့နှစ်ဦး ပူးပေါင်းထုတ်လွှင့်မှုနဲ့ပတ်သက်ပြီး မရန်ကာရေးက သူနဲ့မီလီဘော်ဘီဘရောင်းတို့ရဲ့ ပူးပေါင်းဖန်တီးမှုဟာ တေးဂီတချည်းသက်သက်လို့တော့ မဆိုနိုင်ကြောင်း၊ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး သူ့အနေနဲ့ ဘာလဲဆိုတာကိုတော့ မပြောနိုင်ကြောင်းနဲ့ ဒါဟာ ပျော်စရာတစ်ခုတော့ဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

**သစ်တော နဲ့ သစ်ပင် ချစ်ခင် တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ် စိုက် ရွှေတိုက် ကိုစိုး**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးနှင့် ခရိုင်ရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယလက်ထောက်ဦးစီးမှူး(၁၆)နေရာ၊ အငယ်တန်းစာရေး (၇)နေရာနှင့် စာရင်းကိုင်-၄ (၇)နေရာ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)များအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ လျှောက်လွှာများကို တနင်္သာရီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဆိပ်ကမ်းသာလမ်း၊ ကြက်စားပြင်ရပ်ကွက်၊ ထားဝယ်မြို့သို့ ၂၅-၁၁-၂၀၂၂ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၃။ ရေးဖြေစာမေးပွဲကို ၃-၁၂-၂၀၂၂ ရက်နေ့ (စနေနေ့)နံနက် (၉:၀၀)နာရီမှ မွန်းတည့် (၁၂:၀၀)နာရီအထိ မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာသာသာရပ်များဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို Tanintharyi Region ECD Facebook Page နှင့် Tanintharyi Region ECD Facebook Account တို့တွင် ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းနံပါတ် ၀၅၉-၂၀၂၃၅၂၇၊ ၀၅၉-၂၀၂၃၅၂၈၊ ၀၅၉-၂၀၂၃၅၂၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### ပျောက်ဆုံးကြောင်း

ဗိုလ်ချုပ်လမ်း၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့နေ ဦးထက်ထက်ပိုင်[၆/ကသန(နိုင်)၀၄၂၈၅၇]မှ ပိုင်ဆိုင်သော "M.T-Shwe May May-1"(ON-7303(A))ဆီတင်ရေယာဉ်၏ ကုန်စည်ပို့ဆောင်ခွင့်(က)လိုင်စင်နှင့် ကတ်ပြားပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်-

**ဦးထက်ထက်ပိုင်**
**ဖုန်း-၀၉-၄၅၂၂၀၄၆၆၃**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ ခေမာလမ်း၊ မြေကွက်အမှတ် (၈၇၇)၊ (အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ ဦးညွန့်ရွှေ၊ ဒေါ်နန်းစန္ဒာလှိုင် အမည်ပေါက်သော နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီး ပါဝင်သော RC (၃)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်စာရရှိသူ ဦးတင်မောင်ဝင်း (ဘ) ဦးထွန်းခင် [၇/ရကန(နိုင်)၀၃၉၃၂၇]က တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် (၇-၁၁-၂၀၂၂)ရက်နေ့က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာခိုင် LL.B, D.L.P, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၉၅)**
**အမှတ် (A-2)၊ အခန်း (၁၀၃)၊ ဗိုလ်ဗထူးအိမ်ရာ အပိုင်း (၁)၊**
**(၄၈/U-10) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၀၅၈၆၇၊ ၀၉-၂၅၀၀၀၉၃၉၄**

### ဖခင်အမည်အမှန်

ကျောက်ကြီးမြို့နေ မစန်းယုလွင် ကျောက်ကြီး(အထက) Grade-11 ၏ ဖခင်အမည်အမှန်မှာ ဦးသောင်းဝေ [၇/ညလပ(နိုင်)၀၅၆၄၃၂] ဖြစ်ပါသည်။

**ဦးသောင်းဝေ**


## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်ရှိ တိုက်ခန်းတစ်ခန်းအား ဝယ်ယူမည်ဖြစ်၍ ကန့်ကွက်ရန်ရှိ/ မရှိ ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေ/တောင်ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၁၉)ရှိ (၂)ခန်းတွဲ(၆)ထပ်တိုက် အဆောက်အဦ၏ တတိယထပ် (၄-လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၅ပေx၅၅ပေ) တိုက်ခန်းနှင့် တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေကို (၁) ဦးမျိုးဇော်မင်း [၁၄/ကခန(နိုင်) ၀၆၂၂၅၆] (၂) ဒေါ်ဝေလွင်ဦး [၁၂/စခန(နိုင်) ၀၀၂၅၀၀] ထံသို့ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါဝယ်ယူမည့်တိုက်ခန်းနှင့် ပတ်သက်၍ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာတွင် ကြော်ငြာပါရှိသည့်ရက်မှစ၍ (၂)ပတ်အတွင်း (သို့တည်းမဟုတ်) (၂)ပတ်ပြည့်သည့်နေ့အထိ ရောင်း/ဝယ်လုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းရောင်း/ဝယ် လုပ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ဝင်း**
**တရားလွှတ်တော်ရှေ့နေ- စဉ်-၇၂၇၅ (၈-၂-၂၀၀၅)**
**ပန်းနုပန်းချီအေးရိပ်ငြိမ်ခြံ၊ အဆိပ်ကုန်းကျေးရွာ၊ ရပ်ကွက်ကြီး ၁/၁၂၊ အင်းတကော်မြို့နယ်၊ ပဲခူးမြို့။**
**Ph: 09- 965130161, 09- 5130161**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ


မျက်နှာသစ်စဉ်၊ သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ဖွင့်ထားပါက ရေဆုံးရှုံးရပြီး၊ ရေပြန်တင်ရန် လျှပ်စစ်သုံးဖို့ လိုအပ်လာပါမည်။
ထို့ကြောင့် သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။






# မြန်မာရေးရာ MYANMAR AFFAIRS

မြန်မာရေးရာ(၂၁) (အောက်တိုဘာ၊ ၂၀၂၂) **ထွက်ပြီ**




**၂၀၂၂ အောက်တိုဘာလထုတ် မြန်မာရေးရာ အမှတ်စဉ် - ၂၁ တွင်**

- လန်ချန်း - မဲခေါင် ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများ
- မဲခေါင် - လန်ချန်း အနာဂတ်အစီအစဉ်များနှင့် မြန်မာနိုင်ငံ
- ပါတီတွင်း ဒီမိုကရေစီ သို့မဟုတ် မြန်မာ့နိုင်ငံရေးကွက်လပ်တစ်ခု
- ပထဝီနိုင်ငံရေး၊ အမျိုးသားအကျိုးစီးပွားနှင့် ယနေ့မြန်မာ
- မြန်မာနိုင်ငံနှင့် စက်သုံးဆီ
- ရမှတ်ဦးတည်နေမှုမှသည် ဉာဏ်ရည်မြင့်သည့် ပညာရေးဆီသို့
- ပုဂံခေတ် ပညာရေးအခင်းအကျင်း

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်ပါသည်။

**တစ်အုပ် (၅၅၀၀) ကျပ်** စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။


### ပျောက်ဆုံးကြောင်း

ဗိုလ်ချုပ်လမ်း၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့နေ ဦးသိန်းလွင်+၁[၆/မအရ(နိုင်)၀၀၀၁၄၂]မှ ပိုင်ဆိုင်သော "M. T-LUCKY BEE-2"(ON-6911A)ဆီတင်ရေယာဉ်၏ ကုန်စည်ပို့ဆောင်ခွင့်(က) လိုင်စင်နှင့် ကတ်ပြားပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်-

**ဦးသိန်းလွင်**
**ဖုန်း-၀၉-၄၅၂၂၀၄၆၆၃**

### ပျောက်ဆုံးကြောင်း

အမှတ်(၁၇/အေ)၊ နဝဒေးအိမ်ရာ(ဘီ/၀၀၁)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်နေ LIGHT FACE TRADING CO.,LTD မှ ပိုင်ဆိုင်သော "M.T-LUCKY BEE''(ON-6768(A)) ဆီတင်ရေယာဉ်၏ ကုန်စည်ပို့ဆောင်ခွင့်(က)လိုင်စင်နှင့် ကတ်ပြားပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်-

**LIGHT FACE TRADING CO.,LTD**
**ဖုန်း-၀၉-၄၅၂၂၀၄၆၆၃**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်-၁၈၊ အခန်းအမှတ်- ၅ တွင် တည်ထောင်ဖွင့်လှစ်ထားသော HTOO HTET HAN COMPANY LIMITED (128700277) သည် အောက်တွင် ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ဖန်တီး၍ ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်တွင် မှတ်ပုံတင်စာချုပ်အမှတ်-(၈၀၅၄/၂၀၂၂)ဖြင့် (၃၀-၉-၂၀၂၂)ရက်တွင် မှတ်ပုံတင်သွင်းမြွက်ဟကြေညာပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

HTOO HTET HAN

**မှတ်ပုံတင်အမှတ်- ၈၀၅၄/၂၀၂၂**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ HTOO HTET HAN COMPANY LIMITED သည် NICE CLASSIFICATION 2022 ၏ အမှတ်စဉ် (၂၉)၊ (၃၁)၊ (၄၃)၊ (၄၄)တို့နှင့် အကျုံးဝင်သည့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ မွေးမြူရေးနှင့် ရေလုပ်ငန်းများအပါအဝင် ယင်းနှင့်ဆက်စပ်သည့် ကုန်ချောထုတ်လုပ်ခြင်း၊ အသင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းစသည့် အထက်ဖော်ပြပါ အတန်းအစားများတွင် အကျုံးဝင်သည့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြုလျက် ဆိုင်းဘုတ်၊ ဘလောက်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ကမ်းကြော်ငြာ၊ ငွေရပြေစာ၊ ဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letterhead တို့တွင် အရွယ်အစားအမျိုးမျိုးဖြင့် ဖိနှိပ်၍၊ ကပ်နှိပ်၍ လည်းကောင်း၊ E-mail၊ ဗီနိုင်းကြော်ငြာ၊ ရုပ်မြင်သံကြား၊ သတင်းစာနှင့် အခြား social media များတွင် ဖော်ပြ၍လည်းကောင်း၊ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အသုံးပြုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ HTOO HTET HAN COMPANY LIMITED၏ ကိုယ်ပိုင်အသိဉာဏ်ဖြင့် တီထွင်ထားသော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တီထွင်သူ ကုမ္ပဏီမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှ (သို့မဟုတ်) အသင်းအဖွဲ့တစ်ခုခုမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်၍ တုပပြုလုပ်သုံးစွဲသည်ကို တွေ့မြင်ကြားသိရပါက ယင်းကဲ့သို့ပြုလုပ်သူ မည်သူကိုမဆို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ တရားစွဲဆိုမည်ဖြစ်ကြောင်းနှင့် တုပပြုလုပ်ထားသည့် အဆိုပါအမှတ်တံဆိပ်အား ဖျက်သိမ်းသည်အထိ ဆောင်ရွက်မည်ဖြစ် ပြီး ဥပဒေပါ အခွင့်အရေးများအား အပြည့်အဝရရှိနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်သဲသိမ့်သိမ့်ထွေး (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၂၃၀)**
**YE THAW & PARTNERS LAW FIRM LIMITED**
**တိုက်အမှတ်(A-2)၊ အခန်းအမှတ်(၃၀၂)၊ ရတနာအိမ်ရာ၊ ရတနာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09- 253025069, 09- 964555099**
**yethaw1979@gmail.com, lawyerthaintthaint@gmail.com**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ (၆၂)လမ်း၊ မြေကွက်အမှတ်(၃၉)၊ အကျယ်အဝန်း (အလျား၃၀ပေxအနံ၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၄)ခန်းတွဲ (၂)ထပ်တိုက် အဆောက်အအုံ၏ (အလျား ၁၂ ၁/၂ ပေx အနံ ၆၀ပေ) ကျယ်ဝန်းသော မြေညီထပ် (ယာဘက်) အခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း (၁) ဒေါ်အိအိထွေး[၁၂/ဗတထ (နိုင်)၀၃၃၂၈၇]၊ (၂) ဦးအောင်နိုင်လင်း [၁၂/သကတ(နိုင်)၁၈၃၉၄၉] တို့မှ ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဖြူဝင်း [၁၂/ဗတထ(နိုင်)၀၂၁၉၉၆] မှလည်းဝယ်ယူရန် သဘောတူညီသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို (၁-၁၁-၂၀၂၂) ရက်နေ့တွင် ပေးချေခဲ့ ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ခင်ဌေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၃၀) ၊ ဇမ္ဗူသီရိ (၁)လမ်းအနောက်၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၈၁၈၂၂**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၄)လမ်း၊ အမှတ်(၅၉၄-ခ)၊ (၁)ခန်းတည်း RC (၅)ထပ်တိုက်၏ တတိယထပ်(၄)လွှာ၊ ဧရိယာ (၉၃၆) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်မိချင်း(ခ) ဒေါ်အေးရှင် [၁၂/ဥကတ(နိုင်)၀၃၅၈၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ဝါဝါမောင် [၁၂/ဥကတ(နိုင်)၁၈၉၄၁၀]၊ ဦးကျော်ကိုသက် [၁၂/ဥကမ(နိုင်)၂၀၄၃၄၉]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါမောင်၊ ဦးကျော်ကိုသက်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph-09- 765602290**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ (၁၄၇)လမ်း၊ အမှတ်(၃၈)၊ ပဉ္စမထပ်၊ (၆)လွှာ/ဘီဟုခေါ်တွင်သည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကန်ထရိုက်တာ ဦးနန္ဒာလှမြင့် [၁၃/ကလန(နိုင်)၀၅၆၂၉၆] ထံမှ ဝယ်ယူထားသူ ဒေါ်ဝါဝါလှမြင့် [၁၃/ကလန(နိုင်)၀၅၇၀၇၉]ထံမှ ဒေါ်ဖြူဖြူအေး [၁၂/ဒလန(နိုင်)၀၂၇၄၃၅]က (၁၀-၃-၂၀၂၂)နေ့စွဲပါစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ယခုအခါတွင် အထက်ပါတိုက်ခန်းအား ဒေါ်ဖြူဖြူအေးမှ မိမိတစ်ဦးတည်းပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း ပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စောယုနွယ်[၁၂/မဂတ(နိုင်)၁၀၀၄၅၆]က အထက်ပါတိုက်ခန်းအား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာမင်း(LL.B, D.B.L, D.I.L, D.M.L, D.A. Psy)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၄၀)**
**အမှတ်-၄၂၉၊ သုမိတ္တာ(၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ်-၆၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။**
**ဖုန်း- ၀၉-၄၂၅၀၁၃၁၂၇**




## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း ၅ မျိုးအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်မှာ ၉-၁၁-၂၀၂၂ ရက်မှ ၂၂-၁၁-၂၀၂၂ ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းဖွင့်လှစ်မည့်ရက်မှာ ၂-၁၂-၂၀၂၂ ရက် (၁၀:၀၀)နာရီ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီး၊ ဖြည့်တင်း/ထောက်ပံ့ရေးဌာနခွဲ၊ ရုံးအမှတ်(၄၅)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇- ၃၄၁၂၅၁၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## အိမ်ခြံမြေသင်တန်းတက်ရောက်ရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း (MRPDA)မှ ကြီးမှူး၍ "အိမ်၊ ခြံ၊ မြေပညာပေးသင်တန်းအမှတ်စဉ်(၈/၂၀၂၂)"ကို ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသဖြင့် သင်တန်းမတက်ရောက်ရသေးသော အသင်းဝင်များ တက်ရောက်နိုင်ပါရန်နှင့် အသင်းမဝင်ရသေးသော စိတ်ပါဝင်စားသည့် အိမ်ခြံမြေအကျိုးဆောင်များလည်း အချိန်မီ အသင်းဝင်ရောက်၍ သင်တန်းတက်ရောက်နိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

မှတ်ချက် ။ ။ သင်တန်းကြေး (အခမဲ့)

**သင်တန်းဖွင့်လှစ်မည့်အစီအစဉ်**

ကျင်းပမည့်နေ့ရက် - ၁၁-၁၁-၂၀၂၂ရက်(သောကြာနေ့)မှ ၁၃-၁၁-၂၀၂၂ရက်(တနင်္ဂနွေနေ့)အထိ
ကျင်းပမည့်အချိန် - မွန်းတည့် (၁၂)နာရီမှ (၅)နာရီအထိ
ကျင်းပမည့်နေရာ - "သီရိရတနာခန်းမ" တော်ဝင်နှင်းဆီစားသောက်ဆိုင်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။

**သင်ကြားမည့် ဘာသာရပ်များ**

(၁)ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများ
(၂) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများ
(၃)မြို့ပြ/ကျေးရွာ (မြေယာဥပဒေများ)
(၄) အခွန်အကြောင်းသိကောင်းစရာများ
(၅) စာချုပ်စာတမ်းဥပဒေ
(၆) မြို့ပြမြေယာ ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ
(၇) လယ်ယာမြေဥပဒေများ၊ မြို့ပြမြေယာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ
(၈) အိမ်ခြံမြေနှင့်နီးနွယ်သော ဥပဒေဆိုင်ရာသိကောင်းစရာများ
(၉) အကျိုးဆောင်လောက သိကောင်းစရာများနှင့် အိမ်ခြံမြေ အသင်းအဖွဲ့ဆိုင်ရာ သိကောင်းစရာများ
(၁၀) အိမ်ခြံမြေဗဟုသုတများ

**ဆက်သွယ်ရန်-**
- **ဒေါ်မေသင်းနိုင် (၀၉-၂၅၀၁၆၁၂၇၁)**
- **ဦးညီညီဇော် (၀၉-၄၃၁၇၁၇၃၄)**
- **ဒေါ်ခင်ခင်ညို (၀၉-၄၃၁၀၈၂၉၁)**
- **မင်္ဂလာဦးကျော် (၀၉-၇၈၉၄၂၆၉၈၇)**
- **ဒေါ်ဝင်းသစ်နွယ် (၀၉-၅၀၇၃၃၇၇)**
- **ဒေါ်ဘုတ်ဘုတ် (၀၉-၅၀၃၇၄၈၈)**
- **ဒေါ်ထွေးထွေးဦး (၀၉-၈၉၁၄၉၇၃၃၂)**
- **ဦးသိန်းလွင် (၀၉-၅၅၁၃၇၇၇)**

## ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)
## (စတုတ္ထ)အကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးဖိတ်ကြားခြင်း

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)၏ (စတုတ္ထ)အကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် (၂၀၂၃-၂၀၂၆)ခုနှစ်၊(တတိယ)သက်တမ်းကာလ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ(မူကြမ်း) အတည်ပြုနိုင်ရေးအစည်းအဝေးပွဲအား ၂၀. ၁၁. ၂၀၂၂(တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ(မူကြမ်း)အား အသင်းဝင်/အသင်းသားများထံသို့ဖြန့်ဝေပေးလျက်ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ(မူကြမ်း)မှ ပြင်ဆင်ဖြည့်စွက်လိုသည့် အချက်များ၊အသင်းနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းအကြံပြုချက်များနှင့် သိရှိလိုသည်များရှိပါက ၁၃. ၁၁. ၂၀၂၂(တနင်္ဂနွေနေ့)နောက်ဆုံးထား၍ အသင်းရုံးသို့ အသင်းသားအမည်၊ အသင်းဝင်အမှတ်ဖော်ပြ၍ စာဖြင့်ကြိုတင်ပေးပို့ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်မှ လက်ခံရရှိသည့် မေးမြန်းချက်နှင့်အကြံပြုချက်များကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများတွင် ပြင်ဆင်ခြင်း၊ဖြည့်စွက်ခြင်းနှင့်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် မှတ်တမ်းတင်ထားခြင်း၊ဖြေကြားခြင်းပြုလုပ်သွားမည်မဟုတ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ(မူကြမ်း)နှင့်(စတုတ္ထ)အကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးဖိတ်စာအား အသင်းရုံးတွင်လာရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် အသင်းဝင်/အသင်းသားများအားလုံး စုံညီစွာ မပျက်မကွက်(**မပျက်မကွက်**)တက်ရောက်ကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

**ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)**

### ပတ်စ်ပို့ပျောက်

ကျွန်မ မဆိုင်းနန် [၁/မကန(နိုင်)၂၃၄၄၀၂]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၃၃၅၆၃၂**

### ပတ်စ်ပို့ပျောက်

ဦးလချူမန်း-ဒေါ်ဂျိုသီထွေးတို့၏ သမီး မမြတ်သီရိ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၄၈၉၇၇၀**

## အမြန်ရောင်းမည်

စမ်းချောင်းဂါးဒင်း Residence 1056 Sqft, MBR, BR Gym ရေကူးကန်၊ ကလေးကစားကွင်း၊ 24 နာရီမီး၊ လုံခြုံရေး အထူးကောင်း၊ အပိုင်ကားပါကင် 2nd Floor Ph 09-5411674, 09-5093427 အကျိုးဆောင်လက်ခံ 2% ဈေး 3150 (ညှိနှိုင်း)

**Home Loan Bank Transfer လက်ခံ**

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးမျိုးမင်းထွန်း [၇/ကတခ(နိုင်)၀၈၅၀၇၁]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၇၁၁၀၇၀၉**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ Yankin Palm Village အိမ်ရာ၊ တိုက်အမှတ် (၃၆)၊ အခန်းအမှတ် (၁၂)၏ အမည်ပေါက် ဗိုလ်မှူးကြီးထိန်လင်း[၁၂/လကန(နိုင်)၀၂၅၂၂၇]သည် (၁၀-၁၀-၂၀၁၉) ရက်နေ့တွင် ကွယ်လွန်ပြီးဖြစ်ပါ၍ ၎င်း၏ ဇနီးဖြစ်သူ ဒေါ်မာလာ [၇/ပခန(နိုင်)၀၀၇၆၀၄]က တစ်ဦးတည်း တရားဝင်ဇနီးဖြစ်ပါကြောင်း သေစာရင်း၊ ပဲခူးမြန်မာ့စီးပွားရေးဘဏ်ထောက်ခံချက်၊ e Pension Card မိတ္တူ၊ အိမ်ထောင်စုဝင် အငြိမ်းစားလစာထုတ် စာအုပ်မိတ္တူ၊ သားဖြစ်သူ ဦးစိန်လင်း [၁၄/ပသန(နိုင်)၁၆၈၄၂၀]၏ (၉-၉-၂၀၂၂)ရက်နေ့တွင် ကန့်ကွက်ရန်မရှိပါကြောင်း ကျမ်းသစ္စာပြုလွှာတို့ဖြင့် ပူးတွဲတင်ပြလာပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ (၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း
၏

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

## ဦးနန်းနွယ်

**ဆေးကောလိပ်ကျောင်းသားဟောင်း**

**G.M(B.E.DC), Dy.G.M (B.F.S.S.C)**

**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ကြီး**

**အသက် (၉၅)နှစ်**

ကသာမြို့ အရေးပိုင်မင်း (ဦးဘိုးထွန်း–ဒေါ်ညွန့်ကြည်)တို့၏သား၊ ရွှေကျင်မြို့ (ဦးတိုး– ဒေါ်စောကြည်)တို့၏ သားသမက်၊ [ဒေါ်ခင်မြင့်ရီ (ခ) Baby Toe]၏ ခင်ပွန်း၊ (ဦးမောင်မောင်–ဒေါ်ဒေစီ)၊ (စည်သူဦးကိုကို–ဒေါ်မိမိခင်)တို့၏ညီ၊ [ဒေါ်ခင်မြင့်ဆွေ (ခ) Rosy Toe– ဦးရဲခေါင်ညွန့်]၊ ဦးမျိုးတင့် (ခ) George Toe–Dr. ဒေါ်ရီရီအောင်တို့၏ အစ်ကို၊ [ဦးမျိုးမောင် (ခ) Melvin Nan Nwe]၊ ဦးမျိုးဇော်(ခ) Nelson Nan Nwe၊ ဒေါ်ယဉ်မျိုးနွယ် (ခ) Valrine Nan Nwe– ဦးတိုးဝင်းတို့၏ ဖခင်၊ မျိုးသူရိန်ဝင်း–ခင်ဆုလှိုင်၊ မျိုးသီရိဝင်း၊ ဇာလီနွယ်ဝင်းတို့၏အဘိုးသည် ၇–၁၁–၂၀၂၂ ရက် ည ၁၁:၅၉ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉–၁၁–၂၀၂၂ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးကြေကွဲ ဝမ်းနည်းခြင်း

နာဂလိုဏ်ဂူ ကလေးဝတောရ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ အင်္ဂလိပ်ဘာသာကို နှစ်ရှည်လများ သင်ကြားပြသပေးခဲ့သော ဆရာမကြီး ဒေါ်ယဉ်မျိုးနွယ်–ဆရာကြီး ဦးတိုးဝင်းတို့၏ဖခင် ဦးနန်းနွယ်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်ကြီး)သည် ၇–၁၁–၂၀၂၂ ရက် ၁၁:၅၉ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့ပါသဖြင့် မိသားစုနှင့်အတူ အထူးကြေကွဲဝမ်းနည်းရပါကြောင်း။

**နာဂလိုဏ်ဂူ ကလေးဝတောရ**
**ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏**
**ဆရာ/ဆရာမများ၊ ရှင်သာမဏေများနှင့်**
**သီလရှင် ဆရာလေးများ**

## အထူးကြေကွဲဝမ်းနည်းခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ ဦးနန်းနွယ် အသက် (၉၅)နှစ်သည် ၇–၁၁–၂၀၂၂ ရက် ည ၁၁:၅၉ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ အထူးကြေကွဲဝမ်းနည်းရပါကြောင်း။

**မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်ကြီး**

### မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သူရဿတီလမ်း၊ အမှတ်–၉၃ (ဆဋ္ဌမထပ်/၇ လွှာ) (ခေါင်းရင်းခြမ်း)တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၁၃)၊ လူနေရပ်ကွက်အမှတ် (ကံဘဲ့)၊ မြေကွက်အမှတ်–(၇/ဒ၃) အပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈ ၁/၂)ထပ် အဆောက်အဦမှ အထက်ဖော်ပြပါ ကန်ထရိုက်တာရရှိသော ဓာတ်လှေကားပါသည့် အကျယ်အဝန်း (၁၉ပေ x ၅၄ပေ)ရှိ အမှတ်(၉၃)၊ (ဆဋ္ဌမထပ်/၇လွှာ) (ခေါင်းရင်းခြမ်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အဲယားကွန်း(၃)လုံး၊ ရေ၊ မီး၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို **ဒေါ်ချောစုလွင် [၁၀/ မလမ(နိုင်)၁၉၉၂၀၀]**က ကန်ထရိုက်တာ ဦးမျိုးမင်းသူထံမှ စာချုပ်အဆက်စပ်မူရင်းများဖြင့် ဝယ်ယူ၍ အရှုပ်အရှင်းပြဿနာကင်းရှင်းပြီး၊ လက်ရှိနေထိုင်ပိုင်ဆိုင်သည်ဟု အဆိုပြုလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုက်ခန်း၏ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်မို့မို့စံ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စိုးစိုးသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၄၀၉/၁၉)**
**အမှတ်(၁၃၃၉)၊ (၃၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၀၀၄၉၃၈၀၊ ၀၉–၇၉၅၃၃၃၂၇၅**

### ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀၊ လူနေရပ်ကွက်အမှတ်–၇၊ နဝရတ်လမ်း၊ မြေကွက်အမှတ်–၉၉၊ အကျယ် ပေ(၄၀x၆၀)ရှိ ဒေါ်ရီရီတင် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသောမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်စံပယ်လှိုင် [၁၂/ဥကမ(နိုင်)၁၈၃၅၇၁]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာလွင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂)**
**အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း–၀၉–၅၁၈၉၆၈၉**

## ဒေါ်ခင်အေးအေး

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ခရေ (၄)လမ်း၊ မြကန်သာအိမ်ရာ၊ အမှတ် (၂၆)၊ အခန်း (၁၀၁)နေ (ဦးထိန်လင်း)၏ ဇနီး၊ ဦးမြင့်ဝေ–ဒေါ်ကြည်အေးလင်း၊ ဒေါ်သူဇာလင်း၊ ဦးနေလင်း၊ ဦးသိန်းမင်းထွန်း–ဒေါ်နှင်းဝေလင်း၊ ဦးသန့်လင်း–ဒေါ်အေးစုကျော်၊ ဒေါ်ထူးထူးတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၇–၁၁–၂၀၂၂ (တနင်္လာနေ့) ည ၁၁:၄၇ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉–၁၁–၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃–၁၁–၂၀၂၂ (တနင်္ဂနွေနေ့)တွင် (၅)ရပ်ကွက်၊ ခရေ (၄)လမ်း၊ မြကန်သာအိမ်ရာ၊ အမှတ် (၂၆)၊ အခန်း (၁၀၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါက်တာရီရီစန်း

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ စံပယ်ရုံလမ်း၊ အမှတ်(၅၆)နေ (ဦးကျော်ညွန့်–ဒေါ်ရှသ်ဘစိန်)တို့၏ သမီးကြီး၊ [ဗိုလ်မှူးမြငြိမ်း(ငြိမ်း)–ဒေါ်ထူးမေ]တို့၏သမီးချွေးမ၊ (ဦးတိုးတိုးငြိမ်း)၏ ချစ်လှစွာသောဇနီး၊ မငုဝါငြိမ်း (United Pharmace Utical Co., Ltd)၏ ချစ်လှစွာသောမိခင်သည် ၈–၁၁–၂၀၂၂ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ကွယ်ကဘောဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉–၁၁–၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုကိုးကွယ်ခြင်း ဈာပနဝတ်ကိုပြုလုပ်ပြီး နံနက် ၁၀ နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုမျိုးမြင့်အောင် (ခ) တီတီး

**ဝင်းဝင်းပွဲရုံ (ရန်ကုန်)**

**အသက်(၃၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အထက်ဗဟိုလမ်း၊ ခြံအမှတ်(၇)နေ ဦးသိန်းဟန်– ဒေါ်ရှုဝင်းတို့၏သား၊ ကိုသန့်ဇင်အောင်(ခ)ညီညီဇော်(UK)၏ညီ၊ ကိုကျော်ကျော်လင်း– မရီရီလွင်တို့၏မောင်သည် ၇–၁၁–၂၀၂၂ (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၉–၁၁–၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃–၁၁–၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ် (၁၄၄၈)၊ မြေအကျယ် (၆၀ပေx၄၀ပေ) မြေကွက်လပ်ကို ပိုင်ရှင် ဦးမောင်မောင်ငယ်က ရောင်းချရာ သာကေတမြို့နယ်၊ (၂/မြောက်) ရပ်ကွက်၊ ဇင်္ဂမလမ်းမကြီး၊ အမှတ် (၅၄)နေ ဦးသိန်းဝင်း [၁၂/သကတ(နိုင်)၁၃၂၄၄၆]က အပြီးအပိုင်ငွေအကျေပေးချေ၍ ဝယ်ယူပြီးဖြစ်ရာ ရောင်းချသူက ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် မြေကွက်ကို လက်ရောက်ပေးအပ်ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းဝင်းထံသို့ဖြစ်စေ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သွယ်ဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၃၁၄၅)**
**ဖုန်း – ၀၉–၄၂၁၉၀၄၉၈၈**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ နဝရတ်လမ်း၊ အိမ်အမှတ်– ၂၁၃(က)နေ ဒေါ်ဖြူစင် [၈/နမန(နိုင်)၂၁၅၂၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်း(၆)၊ ဇီဝကပန်းခြံ (၂)လမ်း၊ အမှတ်– ၁၆၃(က)၊ (၂၀x၆၀)ပေ မြေကွက်သည် ဦးကျော်ဝင်း အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်တကွ မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးသန်း [၁၃/မတန(နိုင်)၀၀၁၀၁၂] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူစင်မှ အရောင်းအဝယ်တန်ဖိုး၏ ငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှဝင်းနွယ်(စဉ်–၉၆၈၉) ဒေါ်အေးမြသွယ်(စဉ်–၁၃၇၆၉)**
**(တရားလွှတ်တော်ရှေ့နေများ)**
**ရှေ့နေများနားနေခန်း၊ မြို့နယ်တရားရုံးဝင်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၀၀၅၀၈၈၄၊ ၀၉–၄၂၁၁၇၂၁၀၁**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်နုနုစံမူ(ရေစကြို)

**ဗဟိုစာရင်းအင်းအဖွဲ့(C.S.O) အငြိမ်းစား**

**အသက်(၈၈)နှစ်**

ရေစကြိုမြို့၊ လက်ပံကိုင်းရပ်နေ (ဦးစံမူ–ဒေါ်မမကြီး)တို့၏သမီး၊ မန္တလေးမြို့နေ (ဦးလွင်–ဒေါ်အေးကြွယ်)တို့၏ သမီးချွေးမ၊ (Dr. နတ္တရာကျန်–ဒေါ်စောလှ)၊ (ဦးမောင်ကြီး–ဒေါ်ခင်ဦး)၊ (ဒေါ်ဘေဘီကြီး)၊ (ဦးဘသိန်း)–ဒေါ်ဘေဘီလေး(ခ)ဒေါ်ခင်မြင့်စိန်၊ (ဦးသိန်းထွန်း–ဒေါ်ညွန့်ရီ)တို့၏ညီမ၊ (ဦးမျိုးဝင်း–ဒေါ်ခင်ဦး)၊ ဒေါ်ချစ်ချစ်တို့၏အစ်မ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ရွှေပြည်စိုးလမ်း၊ အမှတ် (၇၅/၁)နေ ဦးသိန်းလွင်၏ ချစ်လှစွာသောဇနီး၊ ဦးတေဇာထက်–ဒေါ်စန္ဒာလှိုင်၊ ဦးကျော်စွာထက်၊ ဒေါ်ဆွေဆွေထက်(ဗဟိုစာရင်းအင်းအဖွဲ့၊ C.S.O)တို့၏ မွေးသမိခင်၊ မရှင်မင်းထက် (International School)၊ မရွှေဝင်းရံ (လသာ၊ အထက–၂)တို့၏ ချစ်လှစွာသောအဘွား ဒေါ်နုနုစံမူသည် ၇–၁၁–၂၀၂၂ ရက် (တန်ဆောင်မုန်းလပြည့်နေ့) ညနေ ၅:၅၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၉–၁၁–၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီအတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃–၁၁–၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုံးကြည် (ပဲခူးမြို့)

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းရိပ်သာလမ်း၊ အမှတ် (၁၀၂/ခ)နေ (ဦးဖူးညွန့်–ဒေါ်မြသင်)တို့၏ သမီး၊ (ဦးသူတော်–ဒေါ်တင်)တို့၏ သမီးချွေးမ၊ [ဦးခင်ညွန့် (ဒုညွှန်ကြားရေးမှူး၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း)]၏ ချစ်လှစွာသောဇနီး၊ ဦးထွန်းရီ–ဒေါ်မြမြအေး၊ ဒေါ်မြင့်ကြည်၊ (ဦးသိန်းဆိုင်)–ဒေါ်တင်ကြည်တို့၏ အစ်မကြီး၊ ဦးကျော်စိုးမိုး၊ ဒေါ်မိုးစန္ဒာ၊ ဦးမင်းကျော်စိုးဟန် (MD, Synix Co.,Ltd)–ဒေါ်ခင်သန္တာ၊ ဒေါ်စိုးစန္ဒာ၊ ဦးသန့်ဇင် (A Star အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)– ဒေါ်အိအိထွေးတို့၏ ကျေးဇူးရှင်မိခင်၊ မစုမြတ်မြတ်မင်း၊ မအိမ့်ယွန်းနဒီ၊ မနေခြည်ထွေးတို့၏ ချစ်လှစွာသောအဘွား ဒေါ်အုံးကြည်သည် ၆–၁၁–၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇–၁၁–၂၀၂၂ (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂–၁၁–၂၀၂၂ (စနေနေ့) နံနက် ၇:၃၀ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အမှားပြင်ဆင်ချက်

(၃. ၁၁. ၂၀၂၂) နေ့ထုတ်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၃၀) ပါ၊ ဦးလှဝင်း (တရားလွှတ်တော်ရှေ့နေ-စဉ် - ၇၀၈၄) ၏ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် **အမှတ်-၁၄ (အစား) အမှတ် - ခ/၁၃၇** ဟုလည်းကောင်း၊ C.G (**အစား**) C/6 ဟု ပြင်ဆင်ဖတ်ရှုပါရန် -

ဦးလှဝင်း (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၈၄)
၀၉ ၅၁၁၉၉၆၁၊ ၀၉ ၇၉၅၈၇၅၀၃၃

### ကန့်ကွက်နိုင်ကြောင်းကြေညာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၂၊ မြေကွက်အမှတ်–၈၊ ၉၊ ၁၀/ဒီ၊ ဧရိယာ (၀.၀၅)ဧက၊ မြေကွက်တည်နေရာအမှတ်– ၁၂၁/အုတ်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးလှညွန့် [၁၃/တခလ(နိုင်)၀၀၁၉၄၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှညွန့်သည် (၁၄–၂–၂၀၂၁)ရက်နေ့ ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အီနန်း [၁၃/တခလ(နိုင်)၀၁၈၉၉၈]မှ တရားဝင်ဇနီးဖြစ်ကြောင်း၊ အခြားအမွေဆက်ခံခွင့်ရှိသူ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိကြောင်း၊ (၃–၁၀–၂၀၂၂)ရက်နေ့ ဗိုလ်တထောင်မြို့နယ်တရားရုံး၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ယင်းမြေ၏ နှစ်(၆၀)ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက် ကျရောက် ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံး အရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင် အထွက် ထိန်းချုပ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေ ရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာ အကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူ ရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်း ပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြေပေါ်မြေအောက် သယံဇာတ ပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်းမဟုတ်ဘဲ ကုန်ချော ပစ္စည်းများအဖြစ် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုး ရှိရှိအသုံးချနိုင်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့ တွင် ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၇/၂၀၂၂)တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# MNL ပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် မြဝတီ သရေကျ

ရန်ကုန် နိုဝင်ဘာ ၈

**၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲမှ ရွှေ့ဆိုင်းထားသော ပွဲစဉ်(၁၂) တတိယနေ့ကို နိုဝင်ဘာ ၈ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း ဂိုးမရှိသရေကျခဲ့သည်။**



အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

မြဝတီအသင်းသည် ယခုပွဲ အနိုင်ရပါက တတိယနေရာ ရယူနိုင်ရန် မျှော်လင့်နိုင်မည်ဖြစ်သော်လည်း သရေကျခဲ့သဖြင့် ယင်း အခွင့်အရေး ဆုံးရှုံးခဲ့ပြီး အမြင့်ဆုံး အဆင့်(၄)နေရာရရန်သာ ကြိုးပမ်းရတော့မည်ဖြစ်သည်။

**တတိယနေရာရ**

မြဝတီအသင်း သရေပွဲကြောင့် ဟံသာဝတီအသင်းသည် လက်ကျန်တစ်ပွဲ အလိုတွင် တတိယနေရာရရန် သေချာသွားခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ပထမအကျော့ ရှုံးကြေးပြန်မဆပ်နိုင်သော်လည်း သရေတစ်မှတ်ရရန် စွမ်းဆောင်နိုင်ခဲ့သည်။

**စာမျက်နှာ ၂၂ ကော်လံ ၄ သို့ ☆**

## မန်စီးတီးအသင်း ၂၀၂၁-၂၀၂၂ ဘောလုံးရာသီအတွင်း ဝင်ငွေပေါင် ၆၁၃ သန်းနှင့် အမြတ်အစွန်း ပေါင် ၄၁ ဒသမ ၇၃ သန်း စံချိန်တင်ရရှိခဲ့

မန်စီးတီးအသင်းဟာ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီမှာ ဝင်ငွေပေါင် ၆၁၃ သန်း စံချိန်တင်ရရှိခဲ့ပြီး အမြတ်အစွန်း ပေါင် ၄၁ ဒသမ ၇၃ သန်းရရှိခဲ့တယ်လို့ ဘီဘီစီအားကစားသတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

**ဒုတိယဝင်ငွေအမြင့်ဆုံးရရှိ**

အဲဒီလို မန်စီးတီးအသင်းအနေနဲ့ ဝင်ငွေနဲ့အမြတ်အစွန်း စံချိန်တင်ရရှိခဲ့ခြင်းဟာ ၂၀၁၉ ခုနှစ်အတွင်းက မန်ယူအသင်း ဝင်ငွေပေါင် ၆၂၇ သန်းရရှိခဲ့ပြီးနောက် ပရီမီယာလိဂ်ကလပ်အသင်းတွေရဲ့ သမိုင်း မှာ ဒုတိယဝင်ငွေအမြင့်ဆုံးရရှိမှုလည်း ဖြစ်ပါတယ်။

ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်ဖလားရရှိခဲ့ခြင်းဟာ မန်စီးတီးအသင်းကို အဘူဒါဘီယူနိုက်တက်ဂရုက လွှဲပြောင်းယူခဲ့တဲ့ ၂၀၀၈ ခုနှစ်နောက်ပိုင်း အသင်းရဲ့ ပရီမီယာလိဂ်ဖလား (၆)ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အဓိကပွဲစဉ်တွေကို တံခါးပိတ်ကျင်းပခဲ့ရတဲ့ ပြီးခဲ့တဲ့နှစ်အတွင်းမှာပဲ မန်စီးတီးအသင်းရဲ့ ဝင်ငွေဟာ ပေါင် ၄၃ ဒသမ ၂ သန်းအထိ တိုးမြှင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

**စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✻**


ယနေ့ ဖတ်စရာ

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၀၄၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၃ ဦးတွေ့ရှိ**

စာမျက်နှာ » ၁၂

**၂၀၂၂ ခုနှစ်အတွင်း ဥရောပဒေသ၌ ပူပြင်းသည့် ရာသီဥတုကြောင့် အနည်းဆုံး လူ ၁၅၀၀၀ ခန့် သေဆုံးခဲ့**

စာမျက်နှာ » ၁၃

**တန်ဆောင်မုန်းလပြည့်နေ့၌ ရွှေတိဂုံစေတီတော် မြတ်ကြီးသို့ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးညော့်သည် ဦးရေ တစ်သိန်းကျော် ဝင်ရောက်ဖူးမြော်**

စာမျက်နှာ » ၁၆


## အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်း နိုင်ပွဲဆက်

ရန်ကုန် နိုဝင်ဘာ ၈

၂၀၂၂ ရာသီ မြန်မာအမျိုးသမီး လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၈ ရက်က ဗဟန်း မြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပရာ သစ္စာအားမာန်အသင်းက Young Lionesses အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။

ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် သစ္စာအားမာန်အသင်းသည် Young Lionesses အသင်းကို နှစ်ကျော့စလုံးအနိုင်ယူကာ ဆက်လက် ဦးဆောင်လျက်ရှိသည်။ သစ္စာအားမာန်အသင်းသည် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းထက် တစ်ပွဲပိုနှစ်မှတ်အသာဖြင့် ဦးဆောင်နေခြင်းဖြစ်သည်။

**စာမျက်နှာ ၂၂ ကော်လံ ၄ သို့ ❖**



သစ္စာအားမာန်အသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။